# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဉစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၁၉ ခုနှစ်၊ ဇွန် ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၂၆၁)






အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၉) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၉) အစည်းအဝေး၌ အမှာစကားပြောကြား

## ဘတ်ဂျက်တောင်းခံခြင်း မပြုမီကတည်းက စီမံကိန်းများကို စနစ်တကျ၊ အစီအစဉ်တကျ ရေးဆွဲထားရန်လို

**နေပြည်တော် ဇွန် ၁၇**

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၉) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ညှိနှိုင်းအတည်ပြုချက်ရယူရန် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း။

ယခုနှစ် အမျိုးသားစီမံကိန်းကို ရေးဆွဲရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် စီမံကိန်းများ ရေးဆွဲရာတွင်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်သူများအတွက် လက်ငင်းအကျိုးရှိစေမည့်၊ ထင်သာ မြင်သာဖြစ်စေသည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာ ၈

**ဂွါတီမာလာသမ္မတ ရွေးကောက်ပွဲတွင် သမ္မတကတော်ဟောင်း တောရက်စ်က ဦးဆောင်လျက်ရှိ**

နိုင်ငံတကာသတင်း စာ ၁၄

**ထရမ့်၏ အမေရိကန်သည်သာ ပထမ ဟူသည့် မူဝါဒ နိုင်ငံတကာအသိုင်းအဝိုင်းမှ ကျောခိုင်းစေခဲ့သလား**

နိုင်ငံတကာရေးရာ စာ ၁၅


C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

# အခွင့်ထူးခံနှင့် ဥပဒေချိုးဖောက်မှု

နိုင်ငံတစ်ခု တည်ငြိမ်စွာ တိုးတက်လာစေရေးတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၏ အခန်းကဏ္ဍက ပဓာနကျသော နေရာတွင် ပါရှိသည်။ ထို့ကြောင့် ဥပဒေစိုးမိုးရေးကို ပြည်သူလူထုက မျှော်လင့်ကြခြင်းဖြစ်၏။

ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများဟူသည် လူတိုင်း တန်းတူညီမျှ လိုက်နာရပါသည်။ ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရ ဟူသည်မှာ အလွန်အရေးကြီးသည့် ဆောင်ပုဒ်တစ်ခုပါ။ ရာထူးကြီးလို့၊ ငွေကြေးဖြင့် ပိတ်ဆို့လို့၊ ခင်မင်ရင်းနှီးလို့၊ ကြောက်ရလို့ အစရှိသော ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ ဟူသော အဂတိတို့ဖြင့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတို့ကို လျှော့ချည်တင်းချည် လိုလျှင်လိုသလို မလိုလျှင် မလိုသလို ပြုပြင်သုံးစွဲ၍ မရပါ။

အထူးသဖြင့်မူ ရာထူး၊ အာဏာ၊ ငွေကြေး၊ ဩဇာတို့ဖြင့် အထူးအခွင့်အရေးရထိုက်သူများအဖြစ် ကိုယ့်ကိုယ်ကိုယ် ခံယူထားသူများကြောင့် ဥပဒေစိုးမိုးမှု လျော့ရဲခဲ့ရသည့် သာဓကများက အများအပြားရှိခဲ့သည်။

ပါလီမန်ဒီမိုကရေစီခေတ် အဆုံးသတ်သွားသည့်အချိန် ဒီမိုကရေစီ တဖြည်းဖြည်းချင်း ဆုတ်ယုတ်မှိန်ဖျော့သွားခဲ့သည့်ကာလတွင် အာဏာရှိသူများ၊ အာဏာရှိသူများနှင့် ပတ်သက်ဆက်စပ်သူများ၊ နောင်တွင် ငွေကြေးအင်အားကို အလွဲသုံးကြသူများသည် အထူးအခွင့်အရေးရသူများအဖြစ် တွင်ကျယ်လာခဲ့ကြသည်။

ထိုသူအားလုံးတို့သည် မည်သည့်နေရာတွင်မဆို စည်းမျဉ်း စည်းကမ်းဆိုတာကို ကျော်လွန်ပြီး အခွင့်ထူးခံများအဖြစ် ဦးစားပေးခံယူကြ၏။ ဥပဒေကို ကျော်လွန်ကာ အထူးခံစားခွင့်ရသူများအဖြစ်လည်း လူသိများလာသည်။ ထိုသူများသည် ယာဉ်စည်းကမ်းကို ဖောက်ဖျက်ခွင့်ရှိသည်။ ဆေးရုံစည်းကမ်းကို ဖောက်ဖျက်နိုင်၏။ ရုံးများတွင် အများသူငါ တန်းစီချိန်တွင် တန်းစီရန်မလို၊ မီးရထားလက်မှတ်ဝယ်မည်လား၊ ပတ်စ်ပို့ချက်ချင်းလိုချင်သည်လား၊ ထူးခြားအခွင့်အရေးရှိလာသည်။ ပြည်သူ့ဝန်ထမ်းစည်းမျဉ်းများကို ဖောက်ဖျက်ခွင့်ရှိသလို စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း အလိုရှိသလို ပြောင်းလဲဆောင်ရွက်ခွင့်ရှိသည်။ တင်ဒါစနစ်ကို လိုသလိုပြောင်းကာ လုပ်ချင်သလို ယူလုပ်လို့ရလာသည်။ သားသမီးများက ကျောင်းစည်းကမ်းကို ဖောက်ဖျက်ခွင့်ရှိလာသလို ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အားလုံးသည်လည်း ထိုသူများနှင့် မသက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းများဖြစ်လာသည်။

ဤအစဉ်အလာက တရားရုံးများ၊ ဥပဒေရေးရာများထဲအထိ ရောက်ရှိလာပြီး ဥပဒေအရ အပြစ်ပေးသည်ဆိုသည်ပင် အခွင့်ထူးခံများနှင့် မဆိုင်တော့သည့်အလား ဖြစ်လာသည်။

သည်လိုနှင့် အများစုသောသူများသည် အခွင့်ထူးခံများဖြစ်ချင်လာကြပြီး အခွင့်အရေးရတိုင်း အခွင့်ထူးယူတတ်လာကြသည်။ အာဏာနှင့် လုပ်ပိုင်ခွင့်ရှိသူတို့က သည်လိုအခွင့်ထူးယူခြင်းကို မိမိတို့ ရသင့်ရထိုက်သည့် အခွင့်အရေးဟုယူဆသည်အထိ ဖြစ်လာသကဲ့သို့ သာမန်လူများကလည်း လာဘ်ပေးခြင်းဖြင့် သော်လည်းကောင်း၊ အာဏာရှိသူတို့နှင့် ရင်းနှီးနီးစပ်အောင် ကြိုးစားကြခြင်းဖြင့် သော်လည်းကောင်း အခွင့်ထူးရယူရန် အားထုတ်လာကြသည်။ အခွင့်ထူးခံဖြစ်ရခြင်း၊ စည်းမျဉ်းစည်းကမ်းကို ကျော်လွန်လုပ်ဆောင်ရခြင်းကို ဂုဏ်တစ်ခုသဖွယ် သဘောထားလာကြသည်။

ယခု ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ...။

ခေတ်ပြောင်း စနစ်ပြောင်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်၊ သည်လိုတိုးတက်ပါမှ နိုင်ငံသူ နိုင်ငံသားအားလုံးတို့၏ဘဝ သာယာအေးချမ်းမည်၊ သည်လို အများနှင့်အညီ တိုးတက်ပါမှ နိုင်ငံတကာအလယ်တွင် မျက်နှာပွင့်နိုင်မည်ဟု ယုံကြည်စိတ်ဖြင့် ဒီမိုကရေစီအပြောင်းအလဲဖြစ်ရန် ကြိုးစားနေကြသည့် ယနေ့ကာလတွင် ထိပ်ဆုံးခေါင်ဖျားမှသည် အောက်ဆုံးခြေဖျားထိ ရှိရှိသမျှ နိုင်ငံသားအပေါင်းတို့ ခေတ်ဟောင်း စနစ်ဟောင်းက အခွင့်ထူးခံလိုစိတ်များကို စွန့်ပယ်နိုင်ကြပြီး ခေတ်ပြောင်း စနစ်ပြောင်းလိုစိတ်များကို အခြေခံရပ်တည်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံး ရရှိပါစေသတည်း။ ။



ရွှေတိဂုံစေတီတော်လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်မှု မဟာကုသိုလ်တော်အောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

## ရွှေတိဂုံစေတီတော် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်း အထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရေစက်ချအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၇**

၂၀၁၈-၂၀၁၉ ခုနှစ် ရွှေတိဂုံစေတီတော် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲ အထိမ်းအမှတ် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက စေတီတော်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅ နာရီခွဲတွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနား ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တဂုဏေသနထံမှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမှုအခြေအနေနှင့် သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဝရာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ၂၀၁၄-၂၀၁၅ ခုနှစ်က ကပ်လှူပူဇော်ခဲ့ပြီး ယခု လေးနှစ်အကြာတွင် ရွှေစင်ရွှေပြား ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်ကြီးကို ကပ်လှူခဲ့သော ရွှေသားအလေးချိန်မှာ ၃၄၈ ပိဿာဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေမှာ ကျပ်သိန်းပေါင်း ၃ သိန်း ၄ သောင်းကျော်နှင့် ရွှေပြားအရေအတွက်မှာ ၂၂၁၆၇ ချပ် ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေစင်ရွှေပြား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ရာတွင် စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်ဖြင့် ပုဂ္ဂလိက အလှူရှင်များ၏ လှူဒါန်းငွေ ကျပ်သိန်းပေါင်း ၁၂၀၀ ကျော်အပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၃၉၈၃ သိန်းကျော်ရှိ ရွှေပြားကြိတ်စက်ရုံတစ်ခုကို တည်ဆောက်ထားနိုင်ခဲ့ပြီး ရွှေစင်ရွှေပြားများကို ထုတ်လုပ်ပူဇော်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၀ (၂၀၁၉)ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ဓမ္မာစရိယဖြေဆိုသူ သုံးကျမ်းအောင် (ကျမ်းပြီး) ၁၀၀၇ ပါး၊ နှစ်ကျမ်းအောင် ၉၀၅ ပါး၊ တစ်ကျမ်းအောင် ၁၁၂၃ ပါး၊ ပါဠိဂုဏ်ထူးအောင် နှစ်ပါး၊ မြန်မာစာဂုဏ်ထူးအောင် ခုနစ်ပါး စုစုပေါင်း ၃၀၅၄ ပါး အောင်မြင်တော်မူကြသည်။

စုစုပေါင်းဖြေဆိုသူ ၂၂၈၄၄ ပါး/ဦးအနက် အောင်မြင်သူ ၃၀၅၄ ပါး/ဦး ဖြစ်၍ ၁၃ ဒသမ ၃၇ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၀ ပြည့်နှစ်၊ (၂၀၁၉)ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ ပထမ (အဂ္ဂမဟာကျော်)၊ ခုံအမှတ်(ပဂ/ ၇၃၁)၊ ဦးကာရုဏိက၊ ၈/ငမန(သ)၀၀၁၁၉၂၊ မစိုးရိမ်တိုက်သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ - ခုံအမှတ် (ကန/ ၁၀၄၅)၊ ဦးကောဝိဒ၊ ၉/ခအဇ(သ)၀၀၂၈၁၀၊ တပ်တွင်းပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ - ခုံအမှတ် (ပဂ/ ၇၄၀)၊ ဦးယသဗလ၊ ၉/ ပကခ (သ)၀၀၁၃၇၉၊ မစိုးရိမ်တိုက်သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ သီလရှင် ပထမ-ခုံအမှတ်(ကန/ ၁၈၂၂)၊ မဒီပစာရီ၊ သမိဒ္ဓေါဒယသုခိတာရာမ၊ ဒေါ်ဥဏ္ဏစာရီ၊ မြန်အောင်ကျောင်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

၁၃၈၀ ပြည့်နှစ်၊ (၂၀၁၉)ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့ရုံးများတွင် လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးရုံးများတွင် လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ တွင်လည်းကောင်း ကြည့်ရှုနိုင်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပူတာအိုမြို့တွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာသင်တန်းဖွင့်

**ပူတာအို ဇွန် ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အောင်မြင်လွယ်ကူစွာကောက်ယူနိုင်ရေးအတွက် ပြည်သူ့အင်အားဦးစီးဌာန (ရုံးချုပ်) က ဖွင့်လှစ်သော နမူနာစာရင်းကောက်ကွက်မြေပုံများ၊ အဆောက်အအုံစာရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကောက်ယူခြင်းဆိုင်ရာသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ပူတာအိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစန်းဝင်းက အမှာစကားပြောကြားပြီး သင်တန်းကို ပြည်သူ့အင်အားဦးစီးဌာန (ရုံးချုပ်)မှဦးစီးအရာရှိ ဦးနိုင်ဖြိုးကျော်က နမူနာစာရင်းကောက်ကွက်မြေပုံဆိုင်ရာများ၊ အဆောက်အအုံနှင့်အိမ်ထောင်စုလူဦးရေစာရင်းများ ကောက်ယူရေးဆိုင်ရာများကို ဆွေးနွေးပို့ချသည်။

သင်တန်းတွင် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ပူတာအိုင်ခရိုင်အတွင်းရှိ နမူနာစာရင်းကောက်ကွက်(၃၂)ကွက်ရှိသည့်အနက် ပူတာအိုမြို့ပေါ် ကောင်ကထောင်ရပ်ကွက်၊ မြို့မရပ်ကွက်နှင့် လုံးစွတ်ရပ်ကွက်ရှိ စာရင်းကောက်ကွက်များအား သင်သန်းသားများနှင့်အတူ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**"နိုင်ငံတော်က ဆောင်ရွက်သည့် စီမံကိန်းအားလုံးသည် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်နိုင်မည့် အခြေအနေကို ကြည့်ပြီး အကောင်အထည်ဖော်မည့် စီမံကိန်းများကို ဆုံးဖြတ်ရွေးချယ်ကြရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းများ ရွေးချယ်ရာတွင်လည်း ဗျူဟာမြောက်စီမံကိန်းများ ဖြစ်စေရန်အတွက် စီမံကိန်းဘဏ် စိစစ်ရေးလုပ်ငန်းစဉ်များနှင့် စိစစ်ရွေးချယ်နိုင်ရန်လိုအပ်"**

❐ *ရှေ့ဖုံးမှ*

စီမံကိန်းနှင့် ဘတ်ဂျက်သည် ချိတ်ဆက်မှု အားကောင်းရန်လိုပါကြောင်း၊ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ဘတ်ဂျက်ကို အခြေခံပြီး မိမိတို့၏ လုပ်ငန်းများကို ဆောင်ရွက်မည့်အစား လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအလိုက် ရွေးချယ်သတ်မှတ်ထားပြီး အမှန်တကယ် လုပ်သင့်လုပ်ထိုက်သည့် နိုင်ငံတော်နှင့်ပြည်သူကို အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဘတ်ဂျက်တောင်းခံခြင်း မပြုမီကတည်းက စီမံကိန်းများကို စနစ်တကျ၊ အစီအစဉ်တကျ ရေးဆွဲထားရှိရန်လိုအပ်ပါကြောင်း၊ ယင်းကိစ္စသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကပါ အားလုံးလိုက်နာပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း။

လုပ်ငန်းစီမံကိန်းများကို ရွေးချယ်ရာတွင်လည်း စီမံကိန်းမစတင်မီ အဆင့်ကတည်းက စီမံကိန်းစက်ဝန်း တစ်ခုလုံးကို ကြိုတင်ဆန်းစစ်လေ့လာသုံးသပ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ပေးချေရသည့် တန်ဖိုးနှင့်ညီမျှသည့် ရလဒ်ရရှိရေးသည်လည်း အရေးကြီးပါကြောင်း။

### ဦးစားပေးအလိုက် ရွေးချယ်

စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်မှု အားနည်းလျှင် အကောင်အထည်ဖော်သည့် အဆင့်တွင်လည်း အားနည်းမည်ဖြစ်ပါကြောင်း၊ ဌာန၏ ဆောင်ရွက်နိုင်မည့် စွမ်းရည်ကို ကျော်လွန်ပြီး လုပ်ငန်းများအားလုံးကို ဖြန့်ကြက်ပြီး တစ်ပြိုင်တည်း လျာထားဆောင်ရွက်မည့်အစား အမှန်တကယ်ဆောင်ရွက်နိုင်မည့်၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဦးစားပေးအလိုက် ရွေးချယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှသာ အားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း။

### ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း

နိုင်ငံတော်အတွက် အရေးပါပြီး မပြီးပြတ်သေးသည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းသစ်များကို ရွေးချယ်ရာတွင်လည်း ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့် စီမံကိန်းများနှင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်နိုင်မည့် စီမံကိန်းများကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းကိုဆောင်ရွက်ရာ၌ အနာဂတ်တွင် အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို အလေးထား အကောင်အထည်ဖော်ရန်လည်း လိုအပ်ပါကြောင်း။

### စီမံကိန်းဘဏ် တည်ထောင်ပြီးဖြစ်

ယခုနှစ်တွင် လုပ်ငန်းစီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ပွင့်လင်းမြင်သာမှု တိုးမြှင့်နိုင်ရန်နှင့် နိုင်ငံတော်က ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို ပုဂ္ဂလိကကဏ္ဍအနေဖြင့် သိရှိပြီး ယှဉ်ပြိုင်မှုစွမ်းရည် တိုးမြှင့်လုပ်ဆောင်နိုင်ရန် စီမံကိန်းဘဏ်ကိုလည်း တည်ထောင်ပြီးဖြစ်ပါကြောင်း။

### ပွင့်လင်းမြင်သာစွာ ဆောင်ရွက်

ထို့ကြောင့် စီမံကိန်းဘဏ် ညွှန်ကြားချက်နှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ လုပ်ငန်းစီမံကိန်းများသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ပါက ယှဉ်ပြိုင်တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်ကို တိတိကျကျ လိုက်နာကြရန်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကပါ ကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### တွန်းအားပေး ဆောင်ရွက်လျက်ရှိ

လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းစီမံကိန်းကြီးများ ဆောင်ရွက်ရန် လျာထားခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်း၊ ငွေကြေးအရင်းအနှီး လိုအပ်သည့် စီးပွားရေး အခြေခံလုပ်ငန်းများသို့ ချေးငွေများ ဆက်လက်ထုတ်ချေးခြင်း၊ နိုင်ငံတော်က ဖြေလျှော့ပေးထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြောင့် လုပ်ငန်းများတိုးချဲ့လာနိုင်ခြင်း၊ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ညှိနှိုင်းပေါင်းစပ်မှုများ တွန်းအားပေး ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပုဂ္ဂလိက အသေးစားနှင့်အလတ်စား လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းထားပါကြောင်း၊ ထို့ပြင် ပြည်သူ့အစိုးရ ဖြစ်သည်နှင့်အညီ ပြည်သူ့မျက်နှာကို ထောက်ထားပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အမှန်တကယ် လိုအပ်သည့် ကိစ္စရပ်များကိုလည်း အမျိုးသားစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များတွင် ထည့်သွင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်၏စီးပွားရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုကဏ္ဍကြီးအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိနိုင်ရေး၊ ၂၀၂၀ ခုနှစ် နွေရာသီတွင် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးတို့အတွက် စီမံဆောင်ရွက်ခြင်း၊ ခရီးသည်နှင့် ကုန်စည်သယ်ယူ ပို့ဆောင်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းကွန်ရက်များနှင့် ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်လာစေခြင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ခေတ်မီတိုးတက်လာခြင်း၊ ငွေကြေးဝန်ဆောင်မှု အမျိုးအစားအသစ်များ ဖြစ်ထွန်းလာခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းသည် နိုင်ငံ၏ (GDP) ကို ၇ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေတွင် သင့်တင့်သည့် စီးပွားရေးတိုးတက်မှုနှုန်း ရရှိမည်ဟု မျှော်မှန်းထားပြီး ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားပါကြောင်း။

### ကြိုတင်ဆန်းစစ်ပြီးဖြစ်ရန် လိုအပ်

ထို့ပြင် ကိန်းဂဏန်းအချက်အလက်များမှ မူဝါဒ(Data to Policy) ချမှတ်ရာတွင် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ ပြည့်စုံမှု၊ တိကျမှု၊ မှန်ကန်ခိုင်မာမှု ရှိရန်လည်း အားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တင်ပြချက်ပါ စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များတွင် စီမံကိန်းစက်ဝန်းတစ်ခုလုံးအတွက် ကြိုတင်ဆန်းစစ်ပြီးဖြစ်ရန် လိုအပ်သည့်အပြင် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေး တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ ပြည်သူပြည်သားများအတွက် အကျိုးရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု၊ မပြု၊ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိတို့ကို လေ့လာစိစစ်ပြီးဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အကန့်အသတ်နှင့်သာရှိသည့် အရင်းအမြစ်များကို ထိရောက်စွာနှင့် စွမ်းရည်ပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

### အကျိုးပြုမည့် လုပ်ငန်းများ ဖော်ထုတ်

ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းစီမံကိန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူပြည်သားများအားလုံး ရရှိခံစားနိုင်ရေးနှင့် အမှန်တကယ် ဆောင်ရွက်သင့်သည့် ဦးစားပေးလုပ်ငန်းများ၊ နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုမည့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

### ထည့်သွင်းစဉ်းစားရန်လို

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို နိုင်ငံတော်၏ ဗျူဟာမြောက်မူဘောင်အဖြစ် ချမှတ်ထားသည့်အတွက် စီမံကိန်းများ ရေးဆွဲအဆိုပြုရာတွင် အဆိုပါစီမံကိန်းပါ မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ရပ်၊ မဟာဗျူဟာ ၂၈ ရပ်၊ လုပ်ငန်းစဉ် ၂၅၁ ရပ် တို့နှင့်အညီ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မဏ္ဍိုင် ၃ ခုမှ တစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်ရန် ခက်ခဲသည့်အတွက် စီမံကိန်းအားလုံးတွင် နိုင်ငံတော်၏ တည်ငြိမ် အေးချမ်းရေးကို အထောက်အကူပြုသည့် လုပ်ငန်းများနှင့် ပြည်သူလူထုလိုအပ်နေသည့် ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ဆောင်ရွက်သည့် စီမံကိန်းအားလုံးသည် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်နိုင်မည့်အခြေအနေကို ကြည့်ပြီး အကောင်အထည်ဖော်မည့် စီမံကိန်းများကို ဆုံးဖြတ်ရွေးချယ်ကြရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းများရွေးချယ်ရာတွင်လည်း ဗျူဟာမြောက် စီမံကိန်းများ ဖြစ်စေရန်အတွက် စီမံကိန်းဘဏ် စိစစ်ရေး လုပ်ငန်းစဉ်များနှင့် စိစစ်ရွေးချယ်နိုင်ရန် လိုအပ်ပါကြောင်း။

### အားနည်းချက်များကို ပြင်ဆင်

စီမံကိန်းများကို အကောင်အထည်ဖော်သည့်အခါတွင် အတိတ်က သင်ခန်းစာများကို ပြန်လည်သုံးသပ်ပြီး အားသာချက်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ အားနည်းချက်များကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စီမံကိန်းများ ရွေးချယ်ရာတွင် ဘတ်ဂျက်ကိုကြည့်ပြီး ရွေးချယ်ခြင်းမျိုးမဖြစ်ရန် လိုပါကြောင်း၊ ငွေရေးကြေးရေးက အရေးကြီးသော်လည်း အမှန်တကယ် လုပ်သင့် လုပ်ထိုက်သည်ကို ရွေးချယ်ရန် ပိုပြီးအရေးကြီးပါကြောင်း၊ ပြည်သူများ၏ သာယာဝပြောရေးနှင့် နိုင်ငံအတွက် အများဆုံးအကျိုးဖြစ်စေသည့် ကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများ ရွေးချယ်စေလိုပါကြောင်း၊ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဒေသ၊ ကဏ္ဍလိုအပ်ချက်များနှင့် နိုင်ငံ့လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် မဟာဗျူဟာမြောက် စဉ်းစားဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း။

### ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်

နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်ဆောင်ရွက်နေသည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များက နောင်တွင် ဖြစ်ပေါ်လာမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို မျှော်တွေးစဉ်းစားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူအမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ပြီး ရေးဆွဲရမည်ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံလာမည့် အခက်အခဲနှင့် လိုအပ်ချက်များကို အားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အပြန်အလှန် အချိတ်အဆက်မိမိ ဖြေရှင်းဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အသစ်ဖြစ်ပေါ်နေသော အခြေအနေများအပေါ် စီမံကိန်းများ ရေးဆွဲသွားကြရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း (အဆိုပြုမူကြမ်း)ရေးဆွဲ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

### နည်းလမ်းများအတိုင်း ဆောင်ရွက်

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ယနေ့ အတည်ပြုညှိနှိုင်း ဆွေးနွေးဆောင်ရွက်ခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ချိတ်ဆက်ပြီးရေးဆွဲခြင်း၊ အတည်ပြုချက်ရယူခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်သူများ၏ လတ်တလော လိုအပ်ချက်နှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ယခင်နှစ်ကထက် ပိုမိုဖြည့်ဆည်းနိုင်ရေးနှင့် ယခုနှစ် စီမံကိန်းများတွင် နိုင်ငံတော်၏အသုံးစရိတ်များကို ပိုမိုကျခံသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ကျခံသုံးစွဲမှုကို ထိရောက်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ညွှန်ကြားချက်ဘောင်အတွင်းမှ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်မှု အခြေအနေကို စီမံကိန်းကာလ တစ်လျှောက်လုံး မျက်ခြည်မပြတ် တစိုက်မတ်မတ် ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

### အချိန်နှင့်တစ်ပြေးညီ ချမှတ်

ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေးဖြစ်စဉ်များအပေါ် မျက်ခြည်မပြတ်စေရေးသည် အရေးကြီးပြီး မိမိနိုင်ငံအတွက် အကျိုးရှိ ထိရောက်မည့် အစီအမံများကိုလည်း အချိန်နှင့် တစ်ပြေးညီ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

### အားလုံးက ကြိုးပမ်းဆောင်ရွက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်သည့်အခါတွင် ယခင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားစီမံကိန်းများမှ ရရှိခဲ့သည့် အားသာချက်များကို အခွင့်အလမ်းများ ဖြစ်ပေါ်ရေးအတွက် ရယူရမည်ဖြစ်ပြီး တွေ့ကြုံခဲ့သည့် အားနည်းချက်များကို ပြန်လည်စိစစ်သုံးသပ်၍ အလားတူ ဖြစ်ရပ်များ မဖြစ်စေရေးအတွက် ပြုပြင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်၏ အကြံပြုဆွေးနွေးချက်များကိုလည်း အလေးထား စဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှု အားကောင်းစွာဖြင့် ပြည်သူတို့၏ လိုအပ်ချက်၊ လိုလားချက်များကိုလည်း စီမံကိန်းရည်မှန်းချက်ဘောင်အတွင်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း ဟန်ချက်ညီသည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ရောက်ရှိရန်အတွက် အားလုံး တက်ညီလက်ညီဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၌ အမှာစကားပြောကြား

## ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများရှိသည့် ဌာနများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်ရရှိနိုင်မည့် ပမာဏကိုသာ ခန့်မှန်းရေးဆွဲရန်နှင့် ပြည်ပအကူအညီ အထောက်အပံ့များကို အချိန်ဇယားနှင့်အညီ ထုတ်ယူသုံးစွဲနိုင်အောင် ဆောင်ရွက်ရန်လို

**နေပြည်တော် ဇွန် ၁၇**

ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် လမ်းညွှန်အမှာစကား ပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးအတည်ပြု

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန် ဖြစ်ပါကြောင်း။

### ထိရောက်စွာအကျိုးပြုရန်လို

မိမိတို့ အစိုးရသက်တမ်းကာလအတွင်းတွင် ယခုဆိုလျှင် ဘဏ္ဍာရေးနှစ် လေးနှစ်ရှိလာပြီဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈ ခုနှစ် ခြောက်လ ဘဏ္ဍာရေးနှစ်တို့ကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်များက အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများကို နှစ်စဉ်ခွဲဝေပေးသည့် အသုံးစရိတ်များသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိရောက်စွာအကျိုးပြုရန် လိုပါကြောင်း၊ ယင်းအသုံးစရိတ်များသည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ကဏ္ဍအလိုက် ဒေသအလိုက် စီမံကိန်းများ၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တွင် ပါဝင်သည့် မဟာဗျူဟာမြောက် စီမံကိန်းများကို ထင်ဟပ်ပေါ်လွင်စေရမည် ဖြစ်ပါကြောင်း။

### လုပ်ပိုင်ခွင့်အပ်နှင်းခွဲဝေပေးရန်လို

ခွဲဝေပေးသည့် အသုံးစရိတ်များကို ရုံးချုပ်က ချုပ်ကိုင်ထားခြင်းမျိုး မဖြစ်စေဘဲ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် စနစ်ကျသည့် အသုံးစရိတ် စီမံခန့်ခွဲမှုစနစ်ဖြင့် မိမိလက်အောက်ရုံးခွဲအဆင့်ဆင့်ကို လုပ်ပိုင်ခွင့် အပ်နှင်းခွဲဝေပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

လျာထားသည့် အသုံးစရိတ်နှင့် အမှန်တကယ်သုံးစွဲသည့် အသုံးစရိတ် နီးစပ်မှုရှိသင့်ပါကြောင်း၊ ပိုလျှံငွေ ပြန်အပ်မှုများပြားခြင်းသည်လည်း ဘတ်ဂျက်လျာထားမှုစွမ်းရည် အားနည်းသည်ကို ပြသနေခြင်းဖြစ်ပါကြောင်း။

### စီမံခန့်ခွဲသုံးစွဲကြရန်ဖြစ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိမိတို့၏ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုငွေနှင့် GDP အချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန် ခွင့်ပြုထားခြင်းရှိပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ပြည်သူများကို ချက်ချင်းလက်ငင်း အကျိုးဖြစ်ထွန်းစေမည့် အသုံးစရိတ်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင်လည်း ယခင်နှစ်များထက် များစွာပိုမိုသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အရေးတကြီး ပြီးပြတ်နိုင်မည့် စီမံကိန်းများကို ပြီးပြတ်အောင် ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ ခွဲဝေရရှိသည့် အသုံးစရိတ်ကို ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီအောင် စီမံခန့်ခွဲ သုံးစွဲကြရန် ဖြစ်ပါကြောင်း။

ရငွေလျာထားချက်အပေါ် တာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း လျာထားသည့်အတိုင်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများရှိသည့် ဌာနများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်ရရှိနိုင်မည့် ပမာဏကိုသာ ခန့်မှန်းရေးဆွဲရန်နှင့် ပြည်ပအကူအညီ အထောက်အပံ့များကို အချိန်ဇယားနှင့်အညီ ထုတ်ယူသုံးစွဲနိုင်အောင် ဆောင်ရွက်ရန် လိုပါကြောင်း၊ ပြည်ပချေးငွေများသည် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည့်အတွက် အလေအလွင့်မဖြစ်အောင် သုံးစွဲရန်လိုပါကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေအရ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါကြောင်း၊ ယင်းရည်မှန်းချက်ရရှိရန် ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေ သုံးစွဲနိုင်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိပါကြောင်း၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများက မိမိတို့ ခွဲဝေရရှိသည့် အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲမှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်း၊ ပြည်တွင်းစားသုံးမှု တိုးတက်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်စေခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများ တိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်ရန် နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုကို မြှင့်တင်သုံးစွဲပေးခြင်းလည်း ဖြစ်ပါကြောင်း။

### သတ်မှတ်ချိန်အမီပေးပို့

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူးဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချိန်အမီပေးပို့နိုင်ရန် ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးအတည်ပြုကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### လျာထားသည့်ပုံစံကို ပြောင်းလဲ

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းအား စိစစ်ခဲ့သည့် အခြေအနေကို ဘဏ္ဍာရေးကော်မရှင်သို့ မတင်ပြမီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်သည် ယခင်ဘဏ္ဍာရေးနှစ်များနှင့် မတူသည့် အချက်အချို့ကို ဦးစွာတင်ပြလိုပါကြောင်း၊ ၎င်းတို့မှာ လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန်ခွင့်ပြုခဲ့ခြင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေ လျာထားသည့်ပုံစံကို ပြောင်းလဲခြင်း၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်ပြောင်းလဲခြင်းတို့ ဖြစ်ပါကြောင်း။

### ပြီးပြတ်အောင် ဆောင်ရွက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများတွင် ယခင်နှစ်များထက် ပိုမိုသုံးစွဲသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်နေသည့် လျှပ်စစ်ဓာတ်အားလုံလောက်ရေး၊ လမ်း၊ တံတား၊ အဆောက်အအုံ၊ ကျေးလက်လမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့် လုပ်ငန်းများတွင်လည်း အထူးအလေးပေးပြီး ပိုမိုသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ဆဲ လုပ်ငန်း စီမံကိန်းများကို ယခုဘဏ္ဍာရေးနှစ်တွင် တတ်နိုင်သမျှ ပြီးပြတ်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် ပြည်သူလူထုကို လက်ငင်းအကျိုးကျေးဇူး ဖြစ်စေမည့် ထင်သာမြင်သာဖြစ်စေသည့် စီမံကိန်းမျိုးကို ပြီးစီးအောင် ကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းများကို အမျိုးသားစီမံကိန်းတွင် ပါဝင်စေပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့်လည်း ချိတ်ဆက်ကာ အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း။

### လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်

အရေးပေါ်ရန်ပုံငွေ ပြောင်းလဲလျာထားမှုနှင့်စပ်လျဉ်းပြီး ယခင်နှစ်များထက် သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့် ကယ်ဆယ်မှုများကို လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ငွေကျပ် ၁၀၀ ဘီလီယံ လျာထားမှုအစား ဗဟိုတွင် ငွေကျပ် ၅၀ ဘီလီယံသာထားပြီး ကျန် ၅၀ ဘီလီယံကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေလျာထားပေးထားပါကြောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာမည့် ကိစ္စရပ်များနှင့် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကစပြီး ပြောင်းလဲဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း SEE Account ( UFA - SEE) နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း Other Account (UFA - OA) ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို (UFA - SEE) Account တစ်ခုတည်းနှင့်သာ ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းများ၏ ကုန်သွယ်မှု (အရှုံး /အမြတ်) စာရင်းအရ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အမြတ်ရရှိပါက ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသည့် အမြတ်ငွေအားလုံးကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရန် ပြောင်းလဲသတ်မှတ်ထားပါကြောင်း၊ UFA(OA) စာရင်းများကို စာရင်းစစ်ဆေးပြီးနောက် စနစ်တကျ ပိတ်သိမ်းသွားမည် ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အဆင့်ဆင့်စိစစ်ပြီးသည့် ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ စာရင်းချုပ်မှာ ရငွေ စုစုပေါင်း ငွေကျပ် ၂၅၁၁၃ ဘီလီယံ၊ သုံးငွေ စုစုပေါင်း ငွေကျပ် ၃၂၃၄၀ ဘီလီယံ၊ စုစုပေါင်း လိုငွေပမာဏ ငွေကျပ် ၇၀၂၇ ဘီလီယံဖြစ်ပြီး လိုငွေနှင့်ဂျီဒီပီ အချိုး ၅ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အထက်ပါ ရငွေ၊ သုံးငွေ စုစုပေါင်းထဲတွင် ပြည်ပအကူအညီ ရငွေကျပ် ၇၀၄ ဘီလီယံ၊ ပြည်ပချေးယူ ရငွေကျပ် ၂၆၂၅ ဘီလီယံတို့ ပါဝင်ပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးငွေကျပ် ၂၁၁၄ ဘီလီယံ ဖြစ်ပြီး ယခင်နှစ်က ထောက်ပံ့မှုထက် ငွေကျပ် ၃၂၀ ဘီလီယံ ပိုမိုပါကြောင်း။

**အတည်ပြုပေးရန် တင်ပြ**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၎င်းကို အခြေပြုရေးဆွဲထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး အတည်ပြုပေးရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

**ပိုမိုထောက်ပံ့ပေးခြင်းဖြစ်**

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုတွင် လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုက တိုင်းဒေသကြီး/ပြည်နယ်များကို ပိုမိုထောက်ပံ့ပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ငွေစာရင်းအတွက် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ စုစုပေါင်းထောက်ပံ့ပေးမည့်ငွေမှာ ငွေကျပ် ၂၁၁၄ ဘီလီယံဖြစ်ပါကြောင်း၊ ယမန်နှစ်က ထောက်ပံ့ငွေကျပ် ၁၇၉၄ ဘီလီယံ ဖြစ်ပြီး ယမန်နှစ်ထက် ငွေကျပ် ၃၂၀ ဘီလီယံ ပိုမိုထောက်ပံ့ပေးခြင်း ဖြစ်ပါကြောင်း။

အခွန်ဝေစုအနေဖြင့် ငွေကျပ် ၃၅၀ ဘီလီယံကို ခွဲဝေပေးမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှာ ယခင်နှစ်များနည်းတူ ငွေကျပ် ၃၂ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုက ထောက်ပံ့မည့် ငွေကျပ် ၂၁၁၄ ဘီလီယံအပေါ် အခြေခံပြီး တိုင်းဒေသကြီး/ပြည်နယ်များက ရေးဆွဲတင်ပြလာသည့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် စုစုပေါင်းရငွေကျပ် ၁၂၁၁ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၃၃၂၅ ဘီလီယံနှင့် လိုငွေကျပ် ၂၁၁၄ ဘီလီယံ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်သို့ မတင်ပြမီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ စိစစ်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်များ၏ သာမန်အသုံးစရိတ် စုစုပေါင်းငွေကျပ် ၉၉၅ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၂၃၃၀ ဘီလီယံ ဖြစ်ပါကြောင်း။

**ယာဉ်ဝယ်ယူမှုများလျှော့ချ**

တိုင်းဒေသကြီး/ပြည်နယ်များကို စိစစ်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်နှင့် ရုံးများ၊ ဧည့်ရိပ်သာများ၊ ဝန်ထမ်းအိမ်ရာများ၊ မော်တော်ယာဉ် ဝယ်ယူမှုများကို လျှော့ချရန် လမ်းညွှန်ကြပ်မတ်ခဲ့ပါကြောင်း။

**ဂရုပြုဆောင်ရွက်**

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကလည်း ပြည်သူအတွက် ထင်သာမြင်သာဖြစ်စေသည့် လုပ်ငန်းများ၊ ပြည်သူများ အဓိကလိုအပ်နေသည့် လုပ်ငန်းများကို ဦးစားပေးပြီး ဆောင်ရွက်သွားမည်ဖြစ်သည်ဟု တင်ပြခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များကိုလည်း မှတ်သားထားရှိပြီး ပြည်ထောင်စုနှင့် ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲမှုများ နည်းပါးစေရေး၊ ပိုလျှံငွေ အမြောက်အမြား ပြန်လည်အပ်နှံမှု မဖြစ်စေရေးတို့ကိုလည်း ဂရုပြုဆောင်ရွက်သွားကြရန် တိုက်တွန်းအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ထောက်ခံ ဆွေးနွေးကြသည်။

**ဥပဒေနှင့်အညီ ပေးပို့တင်သွင်းမည်**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ယနေ့ ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စု အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို အတည်ပြုပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ပြောကြားလိုပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ ရေးဆွဲတင်ပြလာသည့် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဥပဒေနှင့်အညီ ပေးပို့တင်သွင်းသွားမည် ဖြစ်ပါကြောင်း။

**ရှင်းရှင်းလင်းလင်း တင်ပြ**

မိမိတို့ပေးပို့သည့် အရအသုံးစာရင်းများကို လွှတ်တော်ကော်မတီ အသီးသီးနှင့် စိစစ်ရေးအဖွဲ့များက စိစစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များကလည်း ဆွေးနွေးကြမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကလည်း ၎င်း၏ သုံးသပ်တွေ့ရှိချက်များနှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို တင်သွင်းမည်ဖြစ်ပါကြောင်း၊ ထို့အတူ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် အသီးသီး၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် အသီးသီးက ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကလိုအပ်၍ ခေါ်ယူမေးမြန်းစိစစ်သည့်အခါ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအနေဖြင့် မိမိတို့၏ လျာထားရသည့် အကြောင်းရင်းများကို ပြည့်ပြည့်စုံစုံနှင့် ခိုင်ခိုင်မာမာ ရှင်းရှင်းလင်းလင်း တင်ပြနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

**စနစ်တကျ ဆောင်ရွက်**

ဘတ်ဂျက်လည်ပတ်မှု လုပ်ငန်းစဉ်များဖြစ်သည့် စတင်ရေးဆွဲသည့်အဆင့်၊ စိစစ်သည့်အဆင့်၊ အကောင်အထည်ဖော်သည့်အဆင့်၊ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို အစီရင်ခံသည့်အဆင့် စသည့်အဆင့်အားလုံးတွင် မပြတ်သောသတိနှင့် စနစ်တကျ ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

ရငွေလျာထားသည့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများ အားလုံးသည် လျာထားသည့်ရငွေကို အနည်းဆုံးရရှိရမည့်ငွေအဖြစ် သတ်မှတ်ပြီး ယင်းထက်ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ခွင့်ပြုထားသည့် အသုံးစရိတ်များကို သုံးစွဲရာတွင် အများဆုံးသုံးစွဲနိုင်မည့်ငွေအဖြစ် သတ်မှတ်ပြီး တတ်နိုင်သမျှလျှော့နည်းသုံးစွဲပြီး လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်စေလိုပါကြောင်း။

ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိရန်၊ သုံးစွဲလိုက်သည့် ငွေကြေးကိစ္စရပ်တိုင်းအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်အညီ သုံးစွဲကြရန်၊ ဌာနတွင်းစာရင်းစစ်အဖွဲ့များက သေချာစစ်ဆေးရန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးမှုကို စနစ်တကျခံယူရန်၊ ဘဏ္ဍာငွေ အရအသုံးများကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

**သတင်းစဉ်**



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ။




ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ။

**ရငွေလျာထားသည့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများ အားလုံးသည် လျာထားသည့်ရငွေကို အနည်းဆုံးရရှိရမည့်ငွေအဖြစ် သတ်မှတ်ပြီး ယင်းထက်ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ခွင့်ပြုထားသည့် အသုံးစရိတ်များကို သုံးစွဲရာတွင် အများဆုံးသုံးစွဲနိုင်မည့်ငွေအဖြစ်သတ်မှတ်ပြီး တတ်နိုင်သမျှ လျှော့နည်းသုံးစွဲပြီး လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်စေလို**



ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် State Bank of Vietnam ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် State Bank of Vietnam မှ ဒုတိယဥက္ကဋ္ဌ Mrs. Nguyen Thi Hong နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် State Bank of Vietnam မှ ဒုတိယဥက္ကဋ္ဌ Mrs. Nguyen Thi Hong နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကုံကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လနယုန် သည်ချိန်မို့ မြူတိမ်လွှာဆိုင်းပြန်တော့တယ်

## တက္ကသိုလ်ပွင့်သူအောင်

**နယုန်လသည် မြန်မာ့ပြက္ခဒိန်တွင် တတိယမြောက်လဖြစ်သည်။ ရှေးစာဆိုပညာရှင်များက "နွေနှောင်းလ၊ နွေစွန်လ" စသည်ဖြင့် ဖွဲ့နွဲ့ခဲ့ ကြသည်။ နွေနှောင်းလဖြစ်သကဲ့သို့ မိုးဦးလလည်းဖြစ်သည်။ ထို့ကြောင့် နေပူရှိန်လျော့နည်းကာ မိုးသားများ မဲမှောင်အုံ့ဆိုင်းလျက်ရှိသည်။ အထူးသဖြင့် နယုန်လတွင် တိမ်အရေးသည်လည်း ညိုတစ်ခါ၊ မှုန်တစ်လှည့်နှင့် ဆိုင်းဆိုင်းတွဲ့တွဲ့ ဖြစ်နေသည်။ ရှေးစာဆိုတော်ကြီး မဟာအတုလမင်းကြီးက "လနယုန် သည်ချိန်မို့ မြူလွှာဆိုင်းပြန်တော့တယ်လေး" ဟူ၍ စာဖွဲ့ခဲ့သည်။ နယုန်လသည် မိုးကျသောကာလ မိုးရွာသောလဖြစ်၍ မိုးထစ်ချုန်းသံများကို စတင်ကြားကြရပြီး မိုးအသင့်အတင့် ရွာသွန်းမှုကြောင့် သစ်ပင်သစ်တောတို့သည် ပုရစ်ညွန့်သစ်တို့ဖြင့် စိုစိုလွင်လွင်ရှိလှသည်။ တောလုံးခွင်ကိုကြည့်လိုက်ပါက ဝါဝါရှိန်းမြပင်တိုင်းလှလျက် ရှိနေကြပြီဖြစ်သည်။**

### နယုန်လ၏ အဓိပ္ပာယ်

နယုန်လကို ပုဂံခေတ်၌ "နယုန်၊ နံမျုန်" ဟု သုံးနှုန်းခဲ့သည်။ အနက်အဓိပ္ပာယ်မှာ "နံ" သည် အချိန်ကာလ၊ "ယုန်" သည် မိုး၊ စီးဆင်းခြင်းဖြစ်သောကြောင့် နယုန်လ၏ အဓိပ္ပာယ်မှာ မိုးရွာသောလဟူ၍ဖြစ်သည်။ နယုန်လတွင် နေ့နာရီ ၃၄၊ ညနာရီ ၂၆ ရှိသည်။ နယုန်လ၏ ရက်ရာဇာမှာ အင်္ဂါ သို့မဟုတ် အင်္ဂါနှင့် ကြာသပတေးနေ့များ ဖြစ်သကဲ့သို့ တနင်္လာနှင့် တနင်္ဂနွေတို့မှာ ပြဿဒါးရက်များဖြစ်သည်။ နယုန်လတွင် နေထွက်ချိန်မှာ နံနက် ၅ နာရီ ၁၂ မိနစ်ဖြစ်ပြီး နေဝင်ချိန်မှာ ညနေ ၆ နာရီ ၄၈ မိနစ်ဖြစ်၍ နေထွက်ချိန်သည် ကဆုန်လထက် ၂၄ မိနစ်စောသည်။ နေဝင်ချိန်မှာ ၂၄ မိနစ်နောက်ကျသည်။ နယုန်လတွင် နေမင်းသည် မေထုန်ရာသီကို နောက်ခံထားလျက် မျက်မြင်အားဖြင့် အရှေ့ဘက်မှ အနောက်ဘက်သို့ ယွန်းနေသောကြောင့် မေထုန်ရာသီဟု ခေါ်ခဲ့ကြသည်။ နယုန်လပြည့် ညသန်းခေါင်၌ လမင်းသည် ဇေဋ္ဌနက္ခတ်၊ တံငါတာရာတို့နှင့် တောင်-မြောက် ယှဉ်ပြိုင်ထွန်းလင်းပြီး မွန်းတည့်သည်။ ထို့ကြောင့် နယုန်လကို မွန်းတည့်နက္ခတ်၊ အမည်အားဖြင့် ဇေဋ္ဌဟုခေါ်ဝေါ်ခဲ့သည်။ နယုန်လ၏ ရာသီပန်းမှာ မုလေး(မြတ်လေး) ပန်းနှင့် စံပယ်ပန်းတို့ဖြစ်၍ ရာသီပွဲတော်မှာ စာတော်ပြန်ပွဲဖြစ်သည်။

### စာတော်ပြန်ပွဲ

နယုန်လ မေထုန်ရာသီတွင် စာပေကျမ်းဂန်သင်ကြားနေကြသော ပုဂ္ဂိုလ်တို့ စာပြန်ရသော စာပြန်ပွဲတော်ကို ကျင်းပသည်။ စာပြန်ပွဲခေါ် စာတော်ပြန်ပွဲကို သမိုင်းစာမျက်နှာ၌ အစောဆုံးတွေ့ရသည်မှာ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ဖြစ်သည်။ မှန်နန်းရာဇဝင်ကြီး တတိယတွဲ ၂၃၉ ၌ "သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကိုသင် ကျမ်းကို ဆရာတို့မေးရသည်။ အနက်အဓိပ္ပာယ်ကို ဆိုနိုင်သော သာမဏေတို့ကို ပဉ္စင်း ၁၀၈ ပါး၊ သာမဏေ ခုနစ်ပါး၊ ထိုနှစ် ကဆုန်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့ မွန်းတည့်ကျော် ၂ နာရီ ၃ ပါဒ်တွင် ပဉ္စင်းခံတော်မူသည် " ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ပညာရှင်များက သာလွန်မင်းတရားကြီးလက်ထက် ၁၀၀၀ ပြည့်နှစ်တွင် စာတော်ပြန်ပွဲကို စတင်ကျင်းပခဲ့ကြောင်း လက်ခံအတည်ပြုထားကြသည်။ အင်ရုံ စာတမ်းခေါ် လောကဗျူဟာကျမ်းတွင် အင်းဝမင်းများ နယုန်လ၌ စာတော်ပြန်ပွဲသဘင်ကျင်းပပုံကို အင်ရုံဝန်ကြီးက စုံလင်စွာဖော်ပြထားခဲ့သည်။ သမိုင်းမှတ်တမ်းများ၌ စတင်တွေ့ရှိရသည့် သာလွန်မင်းတရားကြီးလက်ထက်မှ သီပေါမင်းလက်ထက်အထိ မင်းဆက်တချို့စာတော်ပြန်ပွဲကျင်းပသော အကြောင်းကို မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးနှင့် သမိုင်းမှတ်တမ်းများတွင်မှု ဖော်ပြထားခြင်းမရှိပေ။ အချို့မင်းများလက်ထက်ကျင်းပသော ပထမစာတော်ပြန်ပွဲများသည် မှတ်တမ်းမတင်ခဲ့ခြင်းကြောင့် သမိုင်းတွင်မပါရှိခြင်းပင်ဖြစ်သည်။ မင်းစဉ်မင်းဆက်အားလုံး အဆက်မပြတ် ပထမစာတော်ပြန်ပွဲသဘင်ကို ကျင်းပခဲ့ကြသည်ဟု ကောက်ချက်ချနိုင်သည်။

ပထမစာပြန်ပွဲသဘင်ကို နယုန်လဆန်းမှစ၍ နယုန်လကုန်အထိ တစ်လကျင်းပခဲ့သည်။ ကုန်းဘောင်ခေတ်၌ နယုန်လဆန်း ၈ ရက်မှ ဝါဆိုလဆန်း ၈ ရက်အထိ တစ်လ ကျင်းပခဲ့သည်။ မြန်မာမင်းများ နယုန်လ၌ စာတော်ပြန်ပွဲသဘင်ကျင်းပကြခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအတွက် စာသင်နှစ်၏ နောက်ဆုံးလဖြစ်သောကြောင့်ဖြစ်သည်။ စာသင်နှစ် ပထမလမှာ ဝါဆိုလဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဝါဆိုတော်မူကြသည်။ ထို့နောက် စာဝါသစ်များကို စတင်ပို့ချသင်ယူကြသည်။ ဝါတွင်းကာလ၌ အရပ်တစ်ပါးသို့ ညအိပ်ခရီးမသွားရန်၊ အချိန်ရှိသမျှ စာပေပို့ချလေ့လာဆည်းပူးနိုင်သော အချိန်လည်းဖြစ်သည်။ ဆောင်းရာသီ၊ နွေရာသီများ၌ လွတ်လပ်စွာခရီးသွားနိုင်ကြပြီး မိုးရာသီကဲ့သို့ စာချစာတက်မှန်လေ့မရှိကြပေ။ ထို့ကြောင့် စာသင်နှစ်၏ နောက်ဆုံးလဖြစ်သည့် နယုန်လရာသီတွင် စာတော်ပြန်ပွဲကျင်းပခြင်းပင်ဖြစ်သည်။ အထူးသဖြင့် စာတော်ပြန်ပွဲကို ရှေးဘုရင်မင်းများက သာသနာ့အာဇာနည်များ ပေါ်ထွက်ရန်ရည်သန်ကျင်းပကြခြင်းပင်ဖြစ်သည်။ ယခုအခါမှာလည်း နိုင်ငံတော်အစိုးရက အစဉ်အလာမပျက် ဆောင်ရွက်ပေးလျက်ရှိပြီး နှစ်စဉ် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယစာချတန်းများ အပြင် ပိဋကတ်သုံးပုံရေးဖြေအာဂုံစာမေးပွဲများကို ကျင်းပပေးလျက်ရှိသည်။



> **"ပထမစာပြန်ပွဲသဘင်ကို နယုန်လဆန်းမှစ၍ နယုန်လကုန်အထိ တစ်လကျင်းပခဲ့သည်။ ကုန်းဘောင်ခေတ်၌ နယုန်လဆန်း ၈ ရက်မှ ဝါဆိုလဆန်း ၈ ရက်အထိ တစ်လ ကျင်းပခဲ့သည်။ မြန်မာမင်းများ နယုန်လ၌ စာတော်ပြန်ပွဲသဘင် ကျင်းပကြခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအတွက် စာသင်နှစ်၏ နောက်ဆုံးလဖြစ်သောကြောင့်ဖြစ်သည်။ စာသင်နှစ် ပထမလမှာ ဝါဆိုလဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဝါဆိုတော်မူကြသည်။ ထို့နောက် စာဝါသစ်များကို စတင်ပို့ချသင်ယူကြသည်"**

### မဟာသမယအခါတော်နေ့

နယုန်လပြည့်နေ့ကို "မဟာသမယအခါတော်နေ့" အဖြစ် သတ်မှတ်ကြသည်။ တစ်နည်းအားဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်တော်၌ ဖြစ်ပေါ်လာခဲ့သော ငြိမ်းချမ်းရေး ဆောက်တည်ရာ နယုန်လပြည့် မဟာအခါတော်နေ့ဟူ၍လည်း ဆိုနိုင်သည်။ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ကပိလဝတ်ပြည်နှင့် ကောလိယပြည် လယ်သမားများသည် နှစ်ပြည်ထောင်ကြားရှိ ရောဟဏီမြစ်ရေလုကြရာမှ စ၍ အဆင့်ဆင့်ရန်ပွဲကြီးဖြစ်ရာ နှစ်ပြည်ထောင်တို့ စစ်ခင်းကြရမည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ရောဟဏီမြစ်ဘေးတွင် နှစ်ဖက်လုံးပင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ထားပြီး ထိုးခုတ်တော့မည့် အနေအထားဖြစ်နေစဉ်မှာပင် ဗုဒ္ဓမြတ်စွာဘုရားရှင် ရောက်ရှိလာခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်က အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၏ အပြစ်ကိုလည်းကောင်း၊ အချင်းချင်းစည်းလုံးညီညွတ်ခြင်း၏ အကျိုးကိုလည်းကောင်း ငါးရာ့ငါးဆယ်လာဇာတ်တော်များဖြင့် ဟောကြား တော်မူခဲ့သည်။

ယင်းဇာတ်တော်များမှာ ဝက်ဝံနှင့် ရက္ခစိုးနတ်တို့ ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးစလုံး ပျက်စီးကြပုံကိုပြဆိုသော "ဖန္ဒနဇာတ်"၊ မြေပြိုပါပြီဟူသော ထင်ကြေးဖြင့် ဟစ်အော်ထွက်ပြေးသည့် ယုန်တစ်ကောင်၏ စကားကိုယုံမှား၍ တိရစ္ဆာန်များ အပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြပုံကို ပြဆိုသော "ဒုဒ္ဒုဘဇာတ်" (ပထဝီဥန္ဒြီယဇာတ်)၊ အားသေးသော နှံစုတ်ငှက်မက အားကြီးသည့် ဆင်ပြောင်ကြီးကို အနိုင်ယူဖူး၍ ရန်သူကို အထင်မသေးသင့်ပုံကို ပြဆိုသော "လဋုကတိဇာတ်"၊ ညီညွတ်စဉ်အခါက ရန်သူ၏လက်မှ လွတ်မြောက်ခဲ့သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်းမညီမညွတ်ဖြစ်လာသောအခါ ငုံးငှက်များ မုဆိုး၏ ပိုက်ကွန်၌ အမိခံရပုံကို ပြဆိုသော "သမ္မောဒမာနဇာတ်"၊ သက်မဲ့ဖြစ်သော သစ်ပင်များပင် တစ်စုတစ်ဝေးတည်းတည်နေ၍ လေဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပုံကို ပြဆိုသော "ရုက္ခ ဓမ္မဇာတ်" နှင့် မိမိကိုယ်ကို ထိန်းသိမ်းဆုံးမသည့် "အတ္တဒဏ္ဍသုတ်" တို့ပင်ဖြစ်သည်။

ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ငါးရာ့ငါးဆယ်လာဇာတ်တော်များဖြင့် ဟောကြားခဲ့ရာ နှစ်ပြည်ထောင်မင်းတို့ စစ်ပြေငြိမ်းခဲ့ကြသည်။ ထို့ကြောင့် နှစ်ပြည်ထောင်တို့သည် သွေးချောင်းစီးမည့်အရေးမှ စစ်ပြေငြိမ်းစေခဲ့သော ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ကျေးဇူးတင်လွန်း၍ တစ်ဖက်လျှင် မင်းသား ၂၅၀ စီဖြင့် မင်းသား ၅၀၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ သည်။ ထိုရဟန်းငယ် အပါး ၅၀၀ တို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ဝန်းရံလုပ်ကျွေးခဲ့သော်လည်း မိမိတို့၏ ဇနီးမယားတို့ကို အောက်မေ့တမ်းတမိပြီး သာသနာ့ဘောင်၌ မပျော်မွေ့နိုင်ကြပေ။ ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဂါထာသုံးရာဖြင့် တန်ဆာဆင်အပ်သော ကုဏာလဇာတ်တော်ကို ဟောကြားဆုံးမခဲ့ရာ ရဟန်းငါးရာလုံး သောတပန်တည်သွားကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကုဏာလရေအိုင်မှ ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တောကြီးသို့ ပြန်လည်ကြွတော်မူသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ နောက်တော်မှ လိုက်ပါလာသည့် ရဟန်းငါးရာတို့သည် မဟာဝုန်တောကြီးအတွင်း၌ ဆက်လက်တရားအားထုတ်ကြရာ အားလုံးရဟန္တာ ဖြစ်သွားခဲ့သည်။ ရဟန္တာငါးရာတို့သည် နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရှေ့မှောက်သို့ စုဝေးရောက်ရှိလာသည်။ ထိုသို့ စုဝေးရောက်ရှိလာကြကုန်သော ထူးကဲလှသည့် သံဃာ့အစည်းအဝေးကြီးကို ဖူးမြော်ကြည်ညိုလိုကြသော နတ်၊ ဗြဟ္မာ၊ အသူရာ၊ နဂါး၊ ဂဠုန်တို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံးရောက်ရှိလာကြရာ မဟာဝုန်တောကြီးဝန်းကျင်၌ စကြဝဠာတိုက်တစ်သောင်းမှ စုဝေးရောက်ရှိလာကြသော နတ်ဗြဟ္မာတို့ဖြင့် ပြည့်ကျပ်သွားသည်။ ထိုသို့ ပြည့်ကျပ်လွန်းသဖြင့် ခန္ဓာကိုယ်ကို မှုန်မှုန်မွှားမွှားကလေးဖြစ်အောင် ဖန်ဆင်းနေကြရသည်။ ထိုကဲ့သို့ နယုန်လပြည့်နေ့တွင် နတ်ဗြဟ္မာများ စုရုံးစည်းဝေးကြသည့်အခါကို " မဟာသမယ" ဟုခေါ်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် များစွာသော နတ်ဗြဟ္မာအပေါင်းတို့၏ အစည်းအဝေးကြီးဟု ဆိုလိုခြင်းဖြစ်သည်။ ယင်းနတ်သဘင် အစည်းအဝေးတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်က နတ်ဗြဟ္မာတို့၏ အမည်နာမ အမျိုးမျိုးကို ထုတ်ဖော်မြွက်ကြား နှုတ်ဆက်သော စကားတော်များကို " မဟာသမယသုတ် " ဟုခေါ်ဝေါ် ခြင်းပင်ဖြစ်သည်။

မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ဘေးဒဏ်အန္တရာယ်ရန်စွယ်ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာ နတ်ဗြဟ္မာအပေါင်း နှစ်ထောင်းအားရအလွန်ချစ်မြတ်နိုးမှု ခံရခြင်း၊ ရန့်ရင်းကြမ်းတမ်းသော နတ်တို့ကိုလည်း စိတ်နှလုံးနူးညံ့စေခြင်း၊ တစ္ဆေ၊ မြေဘုတ်ဘီလူးတို့ နှောင့်ယှက်မှုဘေးမှ ကင်းဝေးခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိစေသောကြောင့် မြူတိမ်လွှာဆိုင်းတတ်သော နယုန်လအခါသမယ၌ မဟာသမယ သုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

## မြောက်ဦးမြို့သို့ ရောက်ရှိလာသော နေရပ်စွန့်ခွာသူများအား ထောက်ပံ့

**မြောက်ဦး ဇွန် ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ သျှစ်သောင်းဘုရားဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာသော နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပစ္စည်းများကို ယမန်နေ့က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမိုးနွယ်နှင့် ဝန်ထမ်းများက အဆိုပါ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက သျှစ်သောင်းဘုရား ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့ ခိုလှုံရန်ရောက်ရှိလာသော အိမ်ထောင်စုဝင် စုစုပေါင်း ၁၁၇ စုမှ လူဦးရေ ၃၉၃ ဦးတို့အတွက် တစ်လစာဆန်ရိက္ခာ ၁၁၇ အိတ်၊ ၂၂ ပြည် နှင့် ၄ ဘူးတို့အား နေရပ်စွန့်ခွာသူများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက စခန်းရှိမိသားစုဝင်များကို အားပေးစကားများပြောကြားခဲ့ကြောင်း သိရှိရသည်။

ခရိုင် (ပြန်/ဆက်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန် ထိုင်းနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ သွားရောက်မည်ဖြစ်ပါသည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင်အား လက်ခံတွေ့ဆုံ

## မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

### နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုခိုင်မာစေရေး ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိစ္စ၊ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စ၊ ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်မှုနှင့် ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရေရှည်ခိုင်မာစေရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဦးသာဦး၊ ဦးအောင်ထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မဒမ်လူသွေယောင်းနှင့် ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်



## ကလေးစာပေပွဲတော်(တာချီလိတ်)အတွက် ကျပ် ၃၂ သိန်းကျော်တန်ဖိုးရှိ ဗလာစာအုပ်များလှူဒါန်း

တာချီလိတ် ဇွန် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်း အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများက တန်ဖိုးငွေကျပ် ၃၂၃၆၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်အထူးထုတ် ဒါဇင် ၁၀၄၀ ကို ကလေးစာပေ ပွဲတော်လာ ကျောင်းသား ကျောင်းသူများအား ပေးဝေရန်အတွက် ဇွန် ၁၇ ရက်က လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

### စတုဒိသာကျွေးမွေးရန် စီစဉ်ထား

ထို့ပြင် ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်)သို့ လာရောက်လည်ပတ်သူများအတွက် စားစရာများဖြင့် စတုဒိသာ ကျွေးမွေးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

### မည်သူမဆို ပါဝင်ဆင်နွှဲနိုင်

အဆိုပါပွဲတော်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပမည်ဖြစ်ပြီး ဇွန် ၂၅၊ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခြေခံပညာ အထက်တန်းကျောင်း မကာဟိုခမ်းရပ်ကွက် တာချီလိတ်မြို့၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

## စစ်တွေမြို့နယ်မှ လယ်သမားများအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း တစ်သောင်းသုံးထောင်ကျော် ထုတ်ချေးပြီးဖြစ်

စစ်တွေ ဇွန် ၁၇

**၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း တစ်သောင်းသုံးထောင်ကျော်ကို စစ်တွေမြို့နယ်ရှိ လယ်သမားတစ်ထောင်ကျော်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲမှ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။**

### ပုံစံ(၇)ပဲ ပြဖို့လို

စစ်တွေမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးကျန်ကြီးက “စစ်တွေမြို့နယ်မှာ ကျေးရွာအုပ်စု ၂၆ အုပ်စုရှိတယ်။ အရင်နှစ်တွေက သတ်မှတ်ကာလအတွင်း အစောဆုံးပြန်ဆပ်တဲ့ ကျေးရွာအုပ်စုတွေကို စတင်ပြီး ချေးပေးပါတယ်။ ဒီနေ့ဆိုရင် ၂၄ အုပ်စုက ချေးငွေချေးပြီးသွားပြီ။ မိသားစုအလိုက် ချေးပေးတာမဟုတ်ဘဲ တစ်ဦးချင်းအနေနဲ့ ထုတ်ချေးပေးတာပါ။ လယ်သမားတွေအနေနဲ့ လယ်ယာပိုင်ဆိုင်မှု ပုံစံ(၇)ပဲ ပြဖို့လိုပါတယ်။ တစ်ဧကကို တစ်သိန်းခွဲနှုန်းနဲ့ အများဆုံး ၁၀ ဧကအထိ ချေးပေးပါတယ်”ဟု ပြောသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ချေးငွေများကို မေ ၁၃ ရက်မှစတင်ကာ စစ်တွေမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ထုတ်ချေးပေးနေခြင်းဖြစ်ပြီး ယနေ့အထိ ကျေးရွာအုပ်စု ၂၄ အုပ်စုမှ လယ်သမား ၁၇၅၄ ဦး၊ လယ်ယာမြေ ၉၁၂၉ ဧကအတွက် တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၁၃၆၉၃ သိန်းကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

### ရန်ပုံငွေတောင်းခံပြီး ထုတ်ချေးပေး

“ဒီနှစ်ချပေးတဲ့ ချေးငွေရန်ပုံငွေက ပြီးခဲ့တဲ့နှစ်က ချေးထားတဲ့ချေးငွေအတိုင်း လယ်သမားတွေအတွက် ချပေးထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က လယ်သာရှိတယ်၊ ပုံစံ(၇) ထွက်မလာသေးဘူး။ ဒီနှစ်ပုံစံ(၇) ကျလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးတွေကနေတစ်ဆင့် ငွေချေးချင်ပါတယ်လို့ တင်ပြလာတဲ့ လယ်သမားတွေရှိတယ်။ အဲဒီလယ်သမားတွေကျတော့ ဆက်လက်ချေးနိုင်အောင် ရန်ပုံငွေတောင်းခံပြီး ထုတ်ချေးပေးသွားပါမယ်” ဟု ဦးကျန်ကြီးက ပြောသည်။

### လိုအပ်သလို ထုတ်ချေးပေးသွားမည်

စစ်တွေမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယခင်နှစ်က ငွေကျပ်သိန်းပေါင်း တစ်သောင်းငါးထောင်ကျော် ထုတ်ချေးပေးခဲ့ရာ ချေးငွေပြန်လည်ရရှိမှုမှာ ၉၉ ရာခိုင်နှုန်းကျော်ရှိပြီး ဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ချေးငွေများကို ယခင်နှစ်ချေးငွေအတိုင်း ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ထပ်တိုးလယ်သမားများအနေဖြင့် လယ်ယာပိုင်ဆိုင်မှုပုံစံ တင်ပြလာပါက ဘဏ်ချေးငွေကို လိုအပ်လျှင် လိုအပ်သလို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေဘဏ်ခွဲ၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ လာရောက်ထုတ်ယူသူများကို တွေ့ရစဉ်။

**သတင်းနှင့်ဓာတ်ပုံ-ဟန်မင်း**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၃ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မိုတောက်ကျေးရွာနေ မောင်ကံသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၆-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ မိုတောက်ကျေးရွာ၊ သစ်ထုတ်လုပ်ရေးလမ်းမပေါ်၌ ၎င်းကျေးရွာနေ မောင်ကံ(ခ)မင်းမင်းထွန်း(၃၆)နှစ်၊ (ဘ)ဦးမောင်စိန် မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟုမ္မလင်း) မယ(ပ)၅၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ ဒေါ်သန်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၆-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ ဒေါ်သန်းမြင့်(၄၆)နှစ်၊ (ဘ)ဦးဖေလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်)မယ (ပ) ၁၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ စိုးသိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၆-၂၀၁၉ ရက်နေ့တွင် ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ စိုးသိန်း(၃၀)နှစ်၊ (ဘ)ဦးစိန်သောင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ချောင်းဆုံ)မယ(ပ)၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ ဖိုးချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၆-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ ဖိုးချို(ခ)ကိုကိုလွင်(၂၉)နှစ်၊ (ဘ)ဦးမျိုးသန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တံတားကြီးရပ်ကွက်နေ ပြည့်ဖြိုးထွန်း(၂၀)နှစ်၊ (ဘ) ဦးမောင်လှတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ခဲရှည်(၂)ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ)မယ(ပ)၄၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀/၂၂(ခ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ နမ့်လင်းခံကျေးရွာနေ တင့်ဆွေအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၆-၂၀၁၉ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ နမ့်လင်းခံကျေးရွာနေ တင့်ဆွေအောင်(၄၂)နှစ်၊ (ဘ)ဦးအောင်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နောင်ချို) မယ(ပ)၅၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ အမှတ်(၆)ရပ်ကွက်နေ နေလင်းထွန်း(ခ) ငပေါက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၆-၂၀၁၉ ရက်နေ့တွင် ကျောက်မဲမြို့၊ အမှတ်(၆) ရပ်ကွက်နေ နေလင်းထွန်း(ခ) ငပေါက်(၃၄)နှစ်၊ (ဘ) ဦးသိန်းဌေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အမှတ်(၉)ရပ်ကွက်နေဇော်မင်း(၅၀)နှစ်၊ (ဘ)ဦးထွန်းအေး၊ ဇော်မွေးသိန်း(ခ) ဖိုးချွန်(၃၅)နှစ်၊ (ဘ)ဦးဝင်းအောင်တို့ (၃)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျောက်မဲ)မယ(ပ)၃၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀ (က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်နေ ဝင်းလှိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၆-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်အနီး ရပ်စောက်-လွယ်ဆင်သွားကားလမ်းပေါ်၌ ဥတ္တံတားရပ်ကွက်နေ ဝင်းလှိုင်(၃၃)နှစ်၊ (ဘ) ဦးကြည်နှင့် ကျော်ကျော်(၂၄)နှစ်၊(ဘ)ဦးချိုတို့ စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဝင်းလှိုင်၏ နေအိမ်အား ဆက်လက် ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ရပ်စောက်) မယ(ပ) ၃၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၅-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၆၅၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီးတရားခံကျား(၈၆၉)ဦး၊မ(၁၆၅)ဦး၊ ပေါင်း(၁၀၃၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၇၂.၈၁၈၄) ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၀၉.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၁၈၂၀)ပြား၊ ဆေးခြောက် (၈၃၀၉.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၈.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇) တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရမော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့၊ လွယ်ဂျယ်- မန်ကောင်းသွားကားလမ်းပေါ်၌ သတင်းအရ Ipsum ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၀၀)ပြား၊ ဘိန်းဖြူ (၁၂၂၀)ဂရမ်၊ မော်တော်ယာဉ်(၁) စီး၊ မံစီမြို့နယ်၊ မံရကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အိုင်စန့်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၂.၃)ဂရမ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၆)ပြား၊ မွန်ပြည်နယ်၊ ကျိုက္ခရောမြို့၊ ရန်မျိုးအောင်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈)ပြား၊ ICE (၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်၊ ခရေမြိုင်ကျေးရွာအနီး မောင်တော- အငူမော်သွားကားလမ်းဘေးခြံဂိုဒေါင်မှ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၉၅၅၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မြောက်ဦးမြို့၊ ဆင်ချဆိပ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ ကျီးကန်းပြင် စစ်ဆေးရေး ဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား (၁၉၅၀၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း ရေယာဉ်လှည့်ကင်း ဆောင်ရွက်စဉ် ဇီးပင်ချောင်းအနီးတစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသည့် လက်ခတ်လှေ(၁)စီးအား တွေ့ရှိဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၉၅၀၀)ပြား၊ လက်ခတ်လှေ(၁) စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရေတွင်းပြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ လွယ်ဆောင်ကျေးရွာအနီး ကျောက်တလုံး- ဆိုက်ခေါင်သွားကားလမ်းမပေါ်၌ သတင်းအရ Crown ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်း မိုင်တိုင်(၆)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ရွှေညောင်မြို့၊ ရွှေဘုံသာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၅၀)ပြား၊ ဟိုပုံးမြို့နယ်၊ လဲသက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၅၉၆၀)ပြား၊ ပင်လောင်းမြို့နယ်၊ နောင်ပီးကျေးရွာအနီး ပင်လောင်း- ညောင်ရွှေသွား ကားလမ်း မိုင်တိုင်(၄၄/၁)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျေးသီးမြို့အထွက် ကျေးသီး- မိုင်းကိုင်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၂၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၉၅)ပြား၊ ကွင်းဆက်သတင်းအရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၄၀၀၀)ပြား၊ နမ့်ခမ်းမြို့၊ အမှတ်(၁၃) သာယာကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ နောင်ချိုမြို့နယ်၊ သဲခေါ်ကျေးရွာအနီး ဟိုခို- သဲခေါ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၈၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ မန်ကျည်းပင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၁၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ အထက်ညောင်နီ ကျေးရွာအဝင် မိုးမိတ်-မန်တုံသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးကုတ်- မိုးမိတ်သွားကားလမ်းမိုင်တိုင်(၂၅/၁)၌ သတင်းအရ Kluger ယာဉ်အားရပ်တန့် စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၈၈၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ပြချောင်းကျေးရွာအနီး ငါးအိုး-မဘိမ်းကားလမ်း သရက်ပင်ခေါင်းပေါက်လမ်းဆုံ၌ အချိန်ကြာမြင့်စွာ မသင်္ကာဖွယ်ရပ်တန့်ထားသည့် ဆိုင်ကယ်အား စိစစ်ရာ ဆာလာအိတ်အတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၁၉၆၀၀၀)ပြား၊ ဘိန်းဖြူ(၁၁၀၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဟိုပန်မြို့၊ နမ့်လျှံရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၂၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ ကြာစီရှူးကျေးရွာဝန်းကျင် နယ်မြေရှင်းလင်းစဉ် တောင်ယာတဲဟောင်းတစ်ခုအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၇၂၅)ပြား၊ ကွင်းဆက်စိစစ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၇၅)ပြား၊ ကျိုင်းတုံမြို့နယ်၊ ကတ်ဝိုး ကျေးရွာအဝင် လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၉၈) ပြား၊ ဘိန်းဖြူ(၀.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ ရေပူစမ်းကျေးရွာ၌ သတင်းအရနေအိမ်အား ဝင်ရောက် စစ်ဆေး ရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး ပလတ်စတစ်အိတ်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ (၅၃၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ၎င်းကျေးရွာဝန်းကျင်အား ဆက်လက်နယ်မြေ ရှင်းလင်းစဉ် လှိုဏ်အတွင်း၌ ဝှက်သိမ်းထားသည့် စိတ်ကြွဆေးပြား (၂၆၉၀၀၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၉၆၃၀၀)ဂရမ်၊ ကဖင်း(၁၀၅၀၀၀၀)ဂရမ်၊ ဘိန်းဖြူ(၁၄၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ သီတာကျေးရွာအနီး သီတာ- ဂဟဲကျေးရွာသွားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦးထံမှ ဘိန်း(၁၁၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၈.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဗန်းမောက်မြို့နယ်၊ ပါသက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၁)ဂရမ်၊ ဘိန်း(၁၃၀၀)ဂရမ်၊ ဖောင်းပြင်မြို့နယ်၊ ရွှေထီးကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အိမ်ရှေ့ပြင်ရပ်ကွက်လမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၂၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြိတ်မြို့နယ်၊ ရွှေဘေးကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့် (၈၅)ဂရမ်၊ ပုလောမြို့နယ်၊ မလိကျွန်းအနီးပင်လယ်ပြင်၊ သရက်ချောင်းမြို့နယ်၊ ကနက်သီရိကျေးရွာ၊ ပင်လယ်ကမ်းစပ်တို့၌ စက်လှေ နစ်မြုပ်ပြီး မျောပါလာသည်ဟု ယူဆရသည့် ပလတ်စတစ်ထုပ်များအတွင်းမှ ရေစို၍အလေးချိန်စိစစ်မရ ICE အထုပ်(၃၄)ထုပ်နှင့် ရေစိုပျက်စီးမှုမရှိသည့် အထုပ်(၉၅)ထုပ်အတွင်းမှ ICE (၉၃၈၁၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၃)လမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၁၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်ကွက်ကြီး(၅)၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၀၅)ဂရမ်၊ တောင်ငူမြို့၊ အမှတ်(၂၂)ရပ်ကွက်၊ ခပေါင်းတံတားပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာတရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မြို့မလမ်းနှင့် ရေစကြိုသွားကားလမ်းဘေး၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၇)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရွှေချောင်းကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၀၀၀)ပြား၊ ဘိန်းဖြူ(၃၃၀)ဂရမ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌Canter ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ Sulphuric Acid(၁၀၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မဟာအောင်မြေမြို့နယ်၌ တရားခံအမျိုးသား(၁)ဦး၊ ထပ်မံဖော်ထုတ်ချက်အရ လားရှိုးမြို့၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ Sulphuric Acid (၄၀)လီတာနှင့် ချမ်းအေးသာစံမြို့နယ်၊ (၆၆)လမ်းနှင့် ၂၉ × ၃၀ကြား၌ Pickup ယာဉ်နှင့်အတူ တရားခံအမျိုးသား(၁)ဦးထံမှ Sulphuric Acid (၂၀)လီတာ၊မော်တော်ယာဉ်(၁)စီး၊ ကျောက်ချောကျေးရွာ၊ AAA ဘိလပ်မြေစက်ရုံအနီးလမ်းမပေါ်၌ ပိုင်ရှင်မဲ့ရပ်ထားသည့်(၁၂)ဘီးယာဉ်ပေါ်ရှိ ပလတ်စတစ်ပုံးများ အတွင်းမှ Hydrocloric Acid(၁၁၀၀၀)လီတာ၊ Sulphuric Acid(၅၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ ပြင်ဦးလွင်- မန္တလေးသွားကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၆၆၀)ဂရမ်၊ စိတ်ကြွဆေးပြား (၁၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၅) ပြား၊ သာစည်မြို့၊ အမှတ်(၁)ရပ်ကွက် လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ

***စာမျက်နှာ ၉ သို့***

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။** (ယာပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိသောနေရာသို့ လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရ၏ ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိ သောမင်းလှမြို့အမှတ်(၁)ရပ်ကွက်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းဘူး(စကု)မြို့နယ် နိဗ္ဗာန်ကျွန်းကျေးရွာ ဧရာဝတီမြစ်ရေတိုက်စားမှုအတွက် အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံက Steel Cable Groyne အခု ၂၀ ဖြင့် ဆောင်ရွက်ထားမှုနှင့် ကမ်းပါးဆင်ခြေလျှောပြုပြင်ခြင်း အလျားပေ ၃၅၀၀ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **သတင်းစဉ်**

# စီးပွားရေးဆိုင်ရာ ဒစ်ဂျစ်တယ်ပလက်ဖောင်းသုံးစွဲနိုင်ရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ယှဉ်ပြိုင်နိုင်ရေးအတွက် Digital Platform မှ စတင်ရမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ SME စင်တာ၌ ပြုလုပ်သည့် The 1st Step Towards a Digital Platform Business ဆိုင်ရာ ဆွေးနွေးပွဲ၌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

"ယခုအခါ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာမှာ စက်မှုလုပ်ငန်းကဏ္ဍတွေ အသွင်ကူးပြောင်းနေပါပြီ။ မြန်မာနိုင်ငံမှာရှိနေတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အနေနဲ့ လိုက်ပါဖို့ လိုပါတယ်။ ပြည်တွင်း SME တွေဟာ သမားရိုးကျရိုးရိုးပုံစံပဲ လုပ်ကိုင်နေကြပါတယ်။ ဒစ်ဂျစ်တယ်နည်းကိုအသုံးမပြုဘူးဆိုရင် ယှဉ်ပြိုင်စွမ်းအားတွေ ကျသွားမှာပါ။ ဒစ်ဂျစ်တယ်နည်းကိုသုံးမှ အဆပေါင်းများစွာ ယှဉ်ပြိုင်နိုင်စွမ်းအားတွေ ကောင်းမွန်အောင် တွန်းပို့နိုင်မှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောသည်။




ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ချောခင်ခင်၊ မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေး အစီအစဉ်မှ ဦးထက်ဝေတို့က အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ် အသုံးပြုခြင်း နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ၊ လုပ်ငန်းရှင်အချင်းချင်း လွယ်ကူစွာ ချိတ်ဆက်ကာ သတင်းအချက်အလက်ရရှိမှုအခြေအနေများ၊ လုပ်ငန်းရှင်များအတွက်လိုအပ်သည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုကို အကျိုးရှိစွာ အသုံးချနိုင်ရန် လိုအပ်ချက်များ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းရှင် ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**သတင်းနှင့် ဓာတ်ပုံ- ဗလစိုး**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားမည်

**နေပြည်တော် ဇွန် ၁၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ "အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာတာဝန်ယူမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ "အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာတာဝန်ယူမှု" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၄ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ လည်းကောင်း၊ "အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာဖြောင့်မတ်တည်ကြည်မှု" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၅ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ သီရိဘားအံဟိုတယ်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲများတွင် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ပြင်ပပညာရှင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ ကိုယ်စားလှယ်၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

စိတ်ကြွဆေးပြား (၁၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၅)ပြား၊ ICE(၀.၂၅)ဂရမ်၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၇)ပြား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၄)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၀၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ (၄၂)ရပ်ကွက်၊ ဦးဝိစာရလမ်းပေါ်၌ သတင်းအရ Insight ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၂၉)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဆရာစံလမ်းပေါ်၌ သတင်းအရ စက်ဘီးစီးလာသူအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၈၃)ပြား၊ စက်ဘီး(၁)စီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်ရှိ DHL ရုံးချုပ်(ရန်ကုန်)၌ အမေရိကန်နိုင်ငံသို့ ပို့ဆောင်မည့် ပါဆယ်ထုပ်အား စိစစ်ခဲ့ရာ အထုပ်အတွင်းမှ Ketamine (၂၇၀၀)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ မြောင်းမြမြို့နယ်၊ မြောင်းမြအကျဉ်းထောင်သို့ ထောင်ဝင်စာလာရောက်တွေ့သူ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၁၀)ပြား၊ ICE(၂၄)ဂရမ်၊ ဝါးခယ်မမြို့ ရေကျော်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၃)ပြား၊ ဖျာပုံမြို့နယ်၊ အပြောင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၈၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဒေးဒရဲမြို့နယ်၊ အုန်းပင်ကျေးရွာ၊ ဖျာပုံ- ဒေးဒရဲသွား ကားလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀)ပြား၊ Fielder ယာဉ်(၁)စီးအား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၅)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်လမ်းမပေါ်၌ တရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂)ပြား၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀)ပြား၊ ဆမ်ဆိုင်း(ခ) ရပ်ကွက်၊ ဝမ်မိုင်ရွာလယ်လမ်းမပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၅)ပြား၊ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 ၌ မလေးရှားနိုင်ငံသို့ ထွက်ခွာမည့် ခရီးစဉ်နှင့်လိုက်ပါမည့် ဖိလစ်ပိုင်နိုင်ငံသူ တရားခံ အမျိုးသမီး (၁)ဦးထံမှ Ketamine(၄၈၀၀)ဂရမ်အား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ မက်လွတ်ကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁.၆၂)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဈေးကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ တူမီးသေနတ်(၁)လက်၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ် (၁)ကျေးရွာ၌ သတင်းအရ နေအိမ်အားဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၁၆၂၀၀)ပြား၊ ဘိန်းဖြူ(၁၉၁)ဂရမ်၊ ကဖင်း(၁၈၀၀၀)ဂရမ်၊ Winchester သေနတ်(၁)လက်၊ လက်လုပ်လေသေနတ်(၁)လက်၊ ၁၃-၆-၂၀၁၉ ရက်နေ့ တာဆန်းတံတားတွင် လက်နက်/ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်ဖော်ထုတ်ချက်အရ မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာ၌ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ တရားခံအမျိုးသမီးမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား (၁၁၅)ပြား၊ Ketamine(၂၇၀၀)ဂရမ်၊ ၉ မမကျည်(၃၅)တောင့်၊ ပွိုင့်၃၈ ကျည်(၅၀)တောင့်၊ လက်နက်ငယ် အပစ်လက်ကိုင် (၁)ခု၊ တာချီလိတ်မြို့နယ်၊ ပါခါးကျေးရွာအား သတင်းအရ စိစစ်ရှာဖွေစဉ် လမ်းဘေးရေမြောင်းအတွင်း၌ တာလပတ်စဖြင့် ဖုံးကွယ်ဝှက်သိမ်းထားသည့် ဆာလာအိတ်များအတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၄၂၅၄၀၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၉၀၀)ဂရမ်၊ Ketamine(၉၀၀)ဂရမ်၊ ဘိန်းညိုမှုန့်(၅၀၀၀)ဂရမ်၊ MK-10 သေနတ်(၁)လက်၊ M-22သေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ၅.၅၆ ကျည်(၁၅၉)တောင့်၊ ပွိုင့် ၂၂ သေနတ်(၃)လက်၊ ၎င်းကျည်(၁၈၀၀)တောင့်၊ Winchester ၁၂ ဗိုသေနတ် (၁)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ၎င်းကျည်(၃၂၀)တောင့်၊ ၉ မမပစ္စတိုသေနတ်(၂)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ပွိုင့် ၃၈ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ M-16 ကျည်အိမ်(၁)ခု၊ လက်ကိုင်စကားပြောစက်(၄)လုံး၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၅)ပြား၊ လုပ်သေနတ်(၁)လက်၊ ခဲသီး(၅၀)တောင့်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၅)ပြားအား လည်းကောင်း၊ လက်နက်ဖြင့် ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ မော်လိုက်ကလေးကျေးရွာဟောင်း(တောင်ရွာ)၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှ ဓားဖြင့်ပြန်လည်ခုခံတိုက်ခိုက်သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ သေဆုံးခဲ့ပြီး ဘိန်းဖြူ(၅)ဂရမ်၊ ဓား(၂)ချောင်း၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ သစ်ခွဲပင်သစ်ဆိပ်အနီး မိုးမိတ်- တွင်းငယ်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၂)ဦး မစိုးရိမ်ရဒဏ်ရာရရှိပြီး ဘိန်း(၃၀၂.၆၆) ဂရမ်၊ ဆိုင်ကယ်(၁)စီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၉-၆-၂၀၁၉ရက်နေ့မှ ၁၅-၆-၂၀၁၉ ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၅၅)မှု၊ တရားခံကျား (၃၀၉)ဦး၊ မ(၅၀)ဦး၊ ပေါင်း(၃၅၉)ဦး၊ စိတ်ကြွဆေးပြား(၇၉၉၀၅၄၂)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၁၉၈၂၀၉.၈၂)ဂရမ်၊ ဘိန်းဖြူ(၁၁၉၁၁.၅၇၉)ဂရမ်၊ ICE(၉၃၈၄၃.၅၅)ဂရမ်၊ Ketamine (၁၁၁၀၀)ဂရမ်၊ ကဖင်း (၁၀၆၈၀၀၀)ဂရမ်၊ ဘိန်း(၁၇၃၂.၉၆)ဂရမ်၊ ဘိန်းညိုမှုန့် (၅၀၀၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၈.၅)ဂရမ်၊ ဘိန်းစာမှုန် ၊(၁၄၅)ဂရမ်၊ ဆေးခြောက်(၂၀၃.၀၄)ဂရမ်၊ Hydrochloric Acid(၁၁၀၀၀)လီတာ၊ Sulphuric Acid(၁၅၆၀) လီတာ၊ သေနတ်မျိုးစုံ(၁၃)လက်၊ ကျည်မျိုးစုံ(၁၉၃၆၄)တောင့်၊ ခဲသီး(၅၀)တောင့်၊ ကျည်အိမ်မျိုးစုံ (၈)ခု၊ လက်နက်ငယ် အပစ်လက်ကိုင်(၁)ခု၊ လက်ကိုင်စကားပြောစက်(၄)လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |



## မန္တလေးမြို့၌ သာသနာပြုစွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မိုးထိအောင်စည် သာသနာ့ရိပ်သာတွင် သာသနာပြုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၄)ကို ဇူလိုင် ၁၆ ရက် (ဝါဆိုလပြည့်နေ့) မှ စတင်၍ သုံးလကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ရဟန်းသံဃာတော်နှင့် သီလရှင်အပါး ၂၀ လက်ခံကာ ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်စာအခြေခံ၊ သင်္ချာအခြေခံနှင့် ကမ္မာကာမ၊ စာသင်တိုက် တည်ထောင်နည်း၊ တရားစခန်းဖွင့်လှစ်နည်းနှင့် တောင်တန်းသာသနာပြုနည်း စသည့် ဘာသာရပ်များကို အတွေ့အကြုံရှိ ဆရာတော်များ၊ လူပုဂ္ဂိုလ်များက ပို့ချဆွေးနွေး သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းသားအမည်စာရင်းများကို ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ပေးပို့ရမည်ဖြစ်ပြီး ဖုန်း ၀၉-၇၉၇၇၈၃၃၀၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ပထမဆုံးအကြိမ် ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ဟားခါး ဇွန် ၁၇**

ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် အသစ်တပ်ဆင်ထားသည့် ကျောက်ကပ်သန့်စင်စက်ဖြင့် ပထမဆုံးအကြိမ် ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဆေးရုံရှိ ကျောက်ကပ်သန့်စင်ဌာနတွင် ကျင်းပရာ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ဆွေနှင့် ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သွေးလျူဘဏ်ဌာနတွင် အသစ်တပ်ဆင်သော စက်ပစ္စည်းများ၊ ကလေးအထူးကြပ်မတ်ဆောင်တွင် အသစ်တပ်ဆင်ထားသော စက်ပစ္စည်းများကို ကြည့်ရှုကြရာ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များက ရှင်းလင်းပြသကြသည်။

ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၏ ကျောက်ကပ်သန့်စင်ဌာနတွင် သမားတော်ကြီးဒေါက်တာဝင်းမြင့်က ဦးဆောင်၍ လက်ထောက်ဆရာဝန် ဒေါက်တာထန်စိုးလျှန်နှင့် သူနာပြုဆရာမ လေးဦးဖြင့် ကျောက်ကပ်ရောဂါဝေဒနာရှင်များကို စတင်ကုသပေးလျက်ရှိကြောင်း၊ ယခင်က ကျောက်ကပ်ရောဂါသည်များကို ချင်းပြည်နယ်နှင့် မိုင်ပေါင်းများစွာဝေးလံသည့် မြို့ကြီးများတွင်သာ သွားရောက်ကုသခဲ့ရပြီး ယခုလက်ရှိတွင် ဟားခါးပြည်သူ့ဆေးရုံကြီး၌ အထူးကုသမားတော် ဆရာဝန်ကြီးကိုယ်တိုင် ဦးဆောင်ကုသပေးနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဥပ္ပါတသန္တိစေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ သွားရောက်၍ ကျောက်မျက်ပြခန်းဆောင်နှင့် ကျောက်မျက်ရတနာဈေးတို့တွင် ပြသထားသော မြန်မာနိုင်ငံထွက် အဖိုးတန်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတများကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၇**

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ယနေ့သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ၏ အရည်အသွေး တိုးတက်မြင့်မားရေးကို တစ်စိတ်တစ်ဒေသအဖြစ် အထောက်အကူပြုစေမည်ဟု မျှော်လင့်ပါကြောင်း၊ သင်တန်းမှ သတ်မှတ်ထားသည့် စည်းကမ်းများကို အဆင့်မြင့်အရာရှိကြီးများက အပြုသဘောအနေဖြင့် လက်ခံပြီး မိမိဌာနအဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားအားထုတ်ကြရန်နှင့် မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းများ အောင်မြင်တိုးတက်ရန် ပံ့ပိုးနိုင်ရေးအတွက် ခေတ်မီဆန်းသစ်ပြီး သွက်လက်ထက်မြက်သည့် အကြံကောင်းများနှင့် အစွမ်းကုန် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# Air KBZ လေကြောင်းလိုင်းတွင် ပျံသန်းမည့် လေယာဉ်သစ်တစ်စင်း ရောက်ရှိ

**ရန်ကုန် ဇွန် ၁၇**

ပြည်တွင်းခရီးသွားလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ သွားလာမှု လွယ်ကူစေရန်အတွက် Air KBZ Ltd သည် ပြည်တွင်းလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိပြီး ကိုးစင်းမြောက် ATR-72-600 (2019 Model) လေယာဉ်သစ်တစ်စင်းသည် ယနေ့ညနေပိုင်းက လေယာဉ်ထုတ်လုပ်ရာ ပြင်သစ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။




**Air KBZ လေကြောင်းလိုင်းတွင် ပျံသန်းမည့် လေယာဉ်သစ် ATR-72-600(2019 Model)။**

Air KBZ လေကြောင်းလိုင်းကို ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ပြည်တွင်းလေကြောင်းခရီးစဉ်များကို ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက်မှစ၍ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ယခုရောက်ရှိလာသည့် ATR-72-600 လေယာဉ်သစ်တစ်စင်း အပါအဝင် ATR-72-600 ရှစ်စင်း၊ ATR-72-500 တစ်စင်း စုစုပေါင်း လေယာဉ်ကိုးစင်း ရှိသွားပြီဖြစ်ကာ ခရီးစဉ်များ တိုးချဲ့ပျံသန်း ပြေးဆွဲသွားမည်ဖြစ်သည်။ ထပ်မံဝယ်ယူထားသည့် ATR-72-600 လေယာဉ်သစ်တစ်စင်းမှာ ဇွန် ၂၂ ရက်တွင် ထပ်မံရောက်ရှိလာမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများပြားသည့် ကာလသို့ ရောက်ရှိလာပါက ခရီးသွားပြည်သူများ သွားလာရ အဆင်ပြေစေရန် Air KBZ လေကြောင်းလိုင်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်နေခြင်းဖြစ်သည်။

Air KBZ လေကြောင်းလိုင်းသည် Myanmar Airways International (MAI) လေကြောင်းလိုင်းနှင့် အကျိုးတူပူးပေါင်း ပျံသန်းခြင်းကို ၂၀၁၅ ခုနှစ်မှစ၍ ဆောင်ရွက်ကာ ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲလျက်ရှိပြီး မကြာမီကာလတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံရှိ အင်ဖာမြို့နှင့် ထိုင်းနိုင်ငံရှိ ချင်းမိုင်မြို့၊ ဆူရတ်သန်နီ စသည့်မြို့များသို့ တိုက်ရိုက်ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**

## ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော် ကျိုက်သလ္လံစေတီတော်မြတ်ရှိ ရင်ပြင်တော်နှင့် မြေသားနံရံပြိုကျပျက်စီးမှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**“ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စေတီတော် ကုန်းမြေ မူလအခြေအနေ ပြန်လည်ရောက်ရှိရန်နှင့် ခိုင်ခံ့မှုရှိစေရန် နည်းပညာများအပြင် အခြားလိုအပ်သည့် အကူအညီများကိုလည်း ပံ့ပိုးပေးသွားမည်”**

**နေပြည်တော် ဇွန် ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ နံနက်ပိုင်းက ကျိုက်သလ္လံစေတီတော်မြတ်ရှိ ရင်ပြင်တော်နှင့် မြေသားနံရံ ပြိုကျပျက်စီးမှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပံ့ပိုးပေးသွားမည်**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၌ ၂၀၁၈ ခုနှစ် ဇွန် ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းထန်စွာ တိုက်ခတ်မှုကြောင့် စေတီတော်အရှေ့ဘက်နှင့် အနောက်ဘက်မုခ် တောင်စောင်းများ မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးကိုယ်တိုင် ဦးဆောင်ပြီးပျက်စီးမှုများအား အရေးပေါ် ပြန်လည်ပြုပြင်ထိန်းသိမ်းကာ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စေတီတော်ကုန်းမြေ မူလအခြေအနေ ပြန်လည်ရောက်ရှိရန်နှင့် ခိုင်ခံ့မှုရှိစေရန် နည်းပညာများအပြင် အခြားလိုအပ်သည့် အကူအညီများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ အရေးပေါ် ဆောင်ရွက်ထားမှုနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စေတီတော်ကြီးပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စေတီတော်ရင်ပြင်ပေါ်မှ မြေထိန်းနံရံပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်နေသောအမျိုးသမီးနှင့် ကလေးဆေးရုံကြီး (၅)ထပ် တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကာ မြေညီထပ်ရှိ ခွဲစိတ်မှုဌာနနှင့် အရေးပေါ်လူနာဆောင်၊ ပထမထပ်ရှိ မွေးကင်းစကလေးကုသဆောင်၊ ဒုတိယထပ်ရှိ ကိုယ်ဝန်ဆောင်၊ မွေးလူနာနှင့် သားဖွားဆောင်၊ တတိယထပ်ရှိ မီးယပ်လူနာဆောင်နှင့် စတုတ္ထထပ်ရှိ ခွဲစိတ်ခန်း၊ အရေးပေါ်လူနာဆောင်နှင့် အစည်းအဝေးခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ဖြူဘ - သဲကုန်း - ညောင်ကုန်းကြီး - ထန်းပင်ချောင်းလေး - မြလေးချောင် - ရင်းငြိမ် ကျေးလက်လမ်းအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄) မှ တည်ဆောက်နေသော ကျုံဟော်-ရာမဆိပ် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇွန် ၁၇**

ဘာသာပြန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန် သုတရသ စာပေများ ထွက်ပေါ်လာစေရန်နှင့် ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စား ပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ဩဂုတ်လ နောက်ဆုံးပတ်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဝဲအောက်ပုံ)**



ဆွေးနွေးပွဲတွင် စာတမ်းဖတ်ပွဲ ကျင်းပမည့် အချိန်နှင့် နေ့ရက်ကို သတ်မှတ်ခြင်း၊ စာတမ်းဖတ်ကြားမည့် ပညာရှင်ရှစ်ဦးနှင့် ၎င်းတို့၏ စာတမ်းခေါင်းစဉ်အမည်များကို ပဏာမ ရွေးချယ်ခြင်း၊ စီးပွားရေး၊ ဥပဒေရေးရာ အစရှိသည့် စိတ်ဝင်စားဖွယ်ကဏ္ဍများ စုံလင်စွာ ပါဝင်ရေးအတွက် ပြင်ပမှပညာရှင်များ ဖိတ်ခေါ်ရေးနှင့် စာတမ်းဖတ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသူများက အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲသို့ မြန်မာလေ့လာရေးအဖွဲ့မှ ပညာရှင်များ၊ စာတမ်းဖတ်ပွဲ ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်ကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရောဝတီတံတား(ထီးချိုင့်)ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် ဇွန် ၁၇**

ရောဝတီတံတား(ထီးချိုင့်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၅) နှင့် (၁၆) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇွန် ၂၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၄)နှင့် (၁၅)အကြားသို့လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၅) နှင့် (၁၆)အကြားသို့ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ ကင်းလွတ်အကျယ်မှာ ရေလယ်တိုင်အမှတ် (၁၄) နှင့် (၁၅)အကြားတွင် ၃၄၄ ပေရှိပြီး ရေလယ်တိုင်အမှတ် (၁၅) နှင့် (၁၆) အကြားတွင် ပေ ၂၀၀ ခန့်ရှိမည်ဖြစ်သည်။ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၄၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါမီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါအနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက် တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ဘိလပ်မြေဈေးနှုန်းမြင့်မားသောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ အခက်တွေ့နေ

**လှိုင်ကော် ဇွန် ၁၇**

ကယားပြည်နယ် လွိုင်ကော်မြို့သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ရေးကို ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိပြီး အစိုးရကဏ္ဍအပြင် ပုဂ္ဂလိကကဏ္ဍတွင်လည်း တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိရာ အခြေခံအဆောက်အဦအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးကုန်ကြမ်းများ ဈေးနှုန်းမြင့်တက်ခြင်းကြောင့် အခက်တွေ့လျက်ရှိကြောင်း ဆောက်လုပ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

“ဈေးနှုန်းအမြင့်တက်ဆုံးကတော့ ဘိလပ်မြေဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က တစ်အိတ်ကို ငွေကျပ် ၄၈၀၀ သာ ရှိခဲ့ပေမယ့် အခုနှစ်မိုးရာသီမှာ ငွေကျပ် ၆၅၀၀ အထိ ဈေးနှုန်းမြင့်တက်သွားခဲ့တယ်။ ဒေသတွင်း ထွက်ကုန်တွေဖြစ်တဲ့ ကျောက်နဲ့ ထုံးကလည်း အရင်နှစ်ထက် စာရင် ကားတစ်စီးကို ငွေကျပ် ၅၀၀၀ ကနေ ၈၀၀၀ အထိ ဈေးနှုန်းတွေ မြင့်တက်လာခဲ့တယ်။ ဒါကြောင့် ကြိုတင်ခန့်မှန်းထားတဲ့ ကုန်ကျစရိတ်ထက် အများကြီးပိုလာပါတယ်။ ဒါကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေ ကြန့်ကြာတာမျိုးရှိသလို၊ ကုန်ကျစရိတ် မြင့်မားလာတာလည်း ရှိတယ်” ဟု ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

သယ်ယူပို့ဆောင်ရေး စရိတ်မြင့်မားပြီး ယခုကဲ့သို့ မိုးရာသီတွင် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းဈေးနှုန်းများ မြင့်မားတတ်သော်လည်း ယခုနှစ်တွင် ပိုမိုဈေးမြင့်လာခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

“ဆောက်လုပ်ရေးလုပ်ငန်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ရာဂဏန်းအထိ ချထားပေးခဲ့ပါတယ်။ လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ အခြေခံအဆောက်အဦ လိုအပ်ချက်ကလည်း မြင့်မားလာတာကြောင့် တည်ဆောက်ရေးဈေးကွက်က ကုန်ပစ္စည်းတွေ ဈေးနှုန်းမြင့်တက်ရတာ ဖြစ်ပါတယ်” ဟု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဈေးကွက် လိုအပ်ချက်ကြောင့် အချို့လုပ်ငန်းများသည် ကြိုတင်မှန်းဆတွက်ချက်မှုထက် ပိုမိုကုန်ကျနေရခြင်းကြောင့် မလိုလားအပ်သည့် လုပ်ငန်းကြန့်ကြာမှုများကိုလည်း ရင်ဆိုင်နေကြရသည်။

“ဒေသတွင်းမှာ ဘိလပ်မြေ ထုတ်လုပ်နိုင်ဖို့အတွက်ဆိုပြီး စက်ရုံတည်ဖို့ ဆောင်ရွက်ခဲ့တာမျိုးတော့ ရှိပါတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းသွားတယ်။ ဒေသတွင်းအခြေခံအဆောက်အဦတွေ လိုအပ်ချက်များလာလေလေ တည်ဆောက်ရေးပစ္စည်းတွေ ပိုပြီးလိုအပ်လာမှာပါ။ ဒါကြောင့် ဈေးနှုန်းသက်သာဖို့အတွက် ဒေသတွင်းထုတ်လုပ် နိုင်မယ်ဆိုရင် ပိုပြီးတွက်ခြေကိုက်နိုင်မယ်”ဟု လုပ်ငန်းရှင်ကိုဇော်ဇော်က ပြောသည်။

တည်ဆောက်ရေး ကုန်ကြမ်းများ ဈေးနှုန်းမြင့်တက်မှုကြောင့် တင်ဒါစနစ်ဖြင့် တည်ဆောက်ရာတွင်လည်း ဘတ်ဂျက် ပိုမိုကုန်ကျနေကြရကြောင်း ဆောက်လုပ်ရေး လုပ်ငန်းရှင်များထံက သိရသည်။

**ကယား(ပြန်/ဆက်)**

**သတင်း-သင်တန်းသားများ**



ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

# ဟူမွလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ဟူမွလင်း ဇွန် ၁၇**

ဟူမွလင်းမြို့နယ်အတွင်း အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ဟူမွလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား U - 17 နှစ်အောက် ရပ်ကွက်/ကျေးရွာ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇွန် ၁၆ ရက် ညနေ ၄ နာရီက ဟူမွလင်းမြို့ မြို့မအားစားကွင်း၌ ကျင်းပသည်။

**လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ**

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အသင်းခြောက်သင်းတို့သည် ဇွန် ၆ ရက်မှ ၁၆ ရက်အထိ အုပ်စုပတ်လည်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို အထက(၁)နှင့် မြို့မအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အထက (၁) အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပခဲ့ရာ ပွဲစဉ်တစ်လျှောက်လုံး အကောင်းဆုံး အားကစားသမားဆုများ၊ ဒိုင်လူကြီးများအား အမှတ်တရ ဂုဏ်ပြုပေးအပ်ခြင်း၊ ပထမဆုရရှိသော အထက(၁) အသင်းသားများအား ငွေကျပ် နှစ်သိန်း၊ တံခွန်ဒိုင်းဆုနှင့် ဒုတိယဆု အသင်းသားများအား ဆုငွေကျပ်တစ်သိန်းခွဲ စသည့်ဆုများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလင်းနှင့် တာဝန်ရှိသူ များက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**လင်းလင်း (ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်
#Health4Justice #Justice4Health
Health for Justice. Justice for Health
" ကျန်းမာရေးနှင့် တရားရေး မူးယစ်ကင်းဖို့ လက်တွဲစို့"

# မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်

**ရန်ကုန် ဇွန် ၁၇**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်လိုက်ပြီဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ခြေစစ်ပွဲများအနက် ပထမအဆင့်နှင့် ဒုတိယအဆင့်ကို တစ်ပေါင်းတည်းကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်ခြေစစ်ပွဲကို အသင်းပေါင်း ၄၀ ဖြင့် ကျင်းပမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စု ရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မဲခွဲရန် Pot ငါးခုသတ်မှတ်ထားသည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် အာရှထိပ်သီးအသင်းများ ပါဝင်လာမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များအရ Pot-1 တွင် အီရန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ကာတာ၊ ယူအေအီး၊ ဆော်ဒီအာရေဗျ၊ တရုတ်၊ Pot-2 တွင် အီရတ်၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ အိုမန်၊ လက်ဘနွန်၊ ကာဂျစ္စတန်၊ ဗီယက်နမ်၊ ဂျော်ဒန်၊ Pot-3 တွင် ပါလက်စတိုင်း၊ အိန္ဒိယ၊ ဘာရိန်း၊ ထိုင်း၊ တာဂျစ်ကစ္စတန်၊ မြောက်ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ ဖိလစ်ပိုင်၊ Pot-4 တွင် တာ့ခ်မင်နစ္စတန်၊ မြန်မာ၊ ဟောင်ကောင်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်၊ ကူဝိတ်၊ မလေးရှား၊ Pot-5 တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ နီပေါ၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ ဂူအမ်၊ မကာအို (သို့) သီရိလင်္ကာအသင်းတို့ ပါဝင်နေသည်။ ဒုတိယအဆင့်အုပ်စုကို ငါးသင်း ရှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေရာရ ရှစ်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ လေးသင်းမှာ ၂၀၂၃ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ပြီး ၂၀၂၂ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယနေရာရလေးသင်း၊ တတိယနေရာရ ရှစ်သင်းနှင့် အကောင်းဆုံးစတုတ္ထနေရာရ လေးသင်းမှာ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ကျန်စတုတ္ထနေရာရ လေးသင်းနှင့် အောက်ဆုံးအသင်းများမှာ Play-off ပြန်လည်ကစားရမည် ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာရှဖလားပြိုင်ပွဲမှစတင်ကာ ခြေစစ်ပွဲ ကျင်းပသည့် ပုံစံပြောင်းလဲခဲ့ပြီး မြန်မာအသင်းသည် ပြီးခဲ့သည့်နှစ်တွင် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့သော်လည်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိပေ။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ်က ကိုင်တွယ်မည်ဖြစ်သည်။ ရာဒူလိုဗစ်သည် ဧပြီလကမှ မြန်မာအသင်းကို ကိုင်တွယ်ခဲ့ပြီး ပထမဆုံးပွဲအဖြစ် ဇွန် ၁၁ ရက်က စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ



**၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သော အသင်းအချို့ထွက်ပေါ်**

၂၀၁၉ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇွန် ၁၆ ရက်က ဆက်လက်ကျင်းပခဲ့သည်။ အုပ်စု (F) မှ ဆွီဒင်နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီဒင်အသင်းက ငါးဂိုး-တစ်ဂိုး၊ အမေရိကန်နှင့် ချီလီအသင်းတို့ပွဲစဉ်တွင်လည်း အမေရိကန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြပြီး ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ၁၆ သင်းအဆင့်သို့ တက်ရောက်သွားသော အသင်းအချို့ ထွက်ပေါ်ခဲ့ပြီး ထိုအသင်းများမှာ အင်္ဂလန်၊ အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ ကနေဒါ၊ ဆွီဒင်၊ အမေရိကန်၊ ဂျပန်အသင်းတို့ဖြစ်သည်။

**ပါရာဂွေး သရေကျပြီး ဥရုဂွေးအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ကိုပါအမေရိကဖလား**

ကိုပါအမေရိကဖလားပြိုင်ပွဲကို ယမန်နေ့က ဆက်လက်ကျင်းပခဲ့ရာ ပါရာဂွေးနှင့် ကာတာအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီး ဥရုဂွေးနှင့် အီကွေဒေါအသင်းတို့ပွဲစဉ်တွင် ဥရုဂွေးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ရာကီတစ်နှင့် ကော်တင်ဟိုတို့ကို ခေါ်ယူဖွယ်ရှိနေသည့် မန်ယူ**

မန်ယူအသင်းသည် အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ (၂၆နှစ်) အသင်းမှ ထွက်ခွာသွားပါက ဘာစီလိုနာအသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား ရာကီတစ် (၃၁နှစ်) နှင့် ဘရာဇီးတိုက်စစ်ကစားသမား ကော်တင်ဟို (၂၇နှစ်) တို့ကို ခေါ်ယူဖွယ်ရှိကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**နေမာအား ရောင်းထုတ်သွားရန် ပီအက်စ်ဂျီအသင်း ဆန္ဒရှိနေ**

ပီအက်စ်ဂျီအသင်းသည် ဘရာဇီးတိုက်စစ်ကစားသမား နေမာ (၂၇နှစ်) အား ရောင်းထုတ်သွားရန် ဆန္ဒရှိနေကြောင်း ပြင်သစ်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဂါရက်ဘေးလ်အား ဘိုင်ယန်မြူးနစ်အသင်း တစ်ရာသီ အငှားခေါ်ယူလို**

ဘိုင်ယန်မြူးနစ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ဝေးလ်တောင်ပံကစားသမား ဂါရက်ဘေးလ် (၂၉နှစ်) အား တစ်ရာသီအငှားဖြင့် ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဒမ်ဖရိုင်းစ်အား မန်ယူအသင်း ခေါ်ယူလိုနေ**

မန်ယူအသင်းသည် ပီအက်စ်ဗွီအသင်းမှ နယ်သာလန်ညာနောက်ခံကစားသမား ဒမ်ဖရိုင်းစ် (၂၃နှစ်) ကို ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**တိုကေ့ဇ်အား ခေါ်ယူရေးတွင် လီဗာပူးအသင်း ပါဝင်လာ**

လီဗာပူးအသင်းသည် ဘက်ဆီးတပ်စ်အသင်းမှ တူရကီကွင်းလယ်ကစားသမား တိုကေ့ဇ် (၂၃နှစ်) အား ခေါ်ယူရေးတွင် ပါဝင်လာခဲ့ကြောင်း တူရကီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ရိစ်ဂိုအား အီသီဟက်သို့ ဂွါဒီယိုလာ ခေါ်ယူလိုနေ**

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် အီဘာအသင်းမှ စပိန်ဂိုးသမား ရိစ်ဂို (၃၅နှစ်) ကို အီသီဟက်သို့ ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဆာလီဘာအား ခေါ်ယူရန် နီးစပ်လာသည့် အာဆင်နယ်**

အာဆင်နယ်အသင်းသည် စိန့်အက်တီအန်အသင်းမှ ပြင်သစ်နောက်ခံကစားသမား ဝီလီယံ ဆာလီဘာ (၁၈နှစ်) အား ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ပြင်သစ်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဗီလာအသင်းထံသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့ဖူးကြောင်း ကားလို့စ် ဆို**

ရီးရဲမက်ဒရစ်နှင့် ဘရာဇီးဘယ်နောက်ခံကစားသမားဟောင်း ရော်ဘတ်တို ကားလို့စ် (၄၆နှစ်) က ၎င်းအနေဖြင့် ၁၉၉၅ ခုနှစ်တွင် အက်စ်တွန်ဗီလာအသင်းထံသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့ဖူးသည်ဟု ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# တောင်ကြီးမြို့၌ ကရာတေးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၇**

၂၀၁၉ ခုနှစ် ရှမ်းပြည်နယ်ကရာတေး လက်ရွေးစင် ရွေးချယ်ရေးပြိုင်ပွဲနှင့် နွေရာသီသင်တန်းဆင်း သက်ငယ်တန်း ကရာတေးပြိုင်ပွဲနှင့်ဆုပေးပွဲကို ဇွန် ၁၆ ရက် ညနေ ၅ နာရီက လွတ်လပ်ရေးကျောက်တိုင်ကွင်း လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပခဲ့သည်။

ကရာတေးပြိုင်ပွဲကို ကုမိတဲ့နှင့် ခတအားကစားနည်း နှစ်မျိုးဖြင့် ကျင်းပရာ တောင်ကြီး၊ ရွှေညောင်၊ ဟိုပုံးမြို့နယ်မှ ကျောင်းသား ကျောင်းသူများနှင့် ကရာတေးအားကစားသမားများ လာရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။ မြို့နယ်အဆင့် ကရာတေး လက်ရွေးစင် ရွေးချယ်ရေးပြိုင်ပွဲတွင် ဆုရရှိသော ကရာတေးအားကစားသမားများကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ပြည်နယ်/မြို့နယ် ကရာတေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုတံဆိပ်များ ချီးမြှင့်ပေးခဲ့ကြသည်။ ပြိုင်ပွဲကို ကရာတေးအားကစားသမားများ စုစုပေါင်း ၇၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



ကုမိတဲ့ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမားနှစ်ဦး ယှဉ်ပြိုင်နေစဉ်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/၉လ**

*** ကျောဖုံးမှ**

တတိယရရှိကြသူများ၊ အမျိုးသား၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိကြသူများအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ တိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီ နာယက ဦးဇော်မင်း၊ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်ကြသည်။ ဆက်လက်၍ အမျိုးသမီး တံခွန်စိုက်ဆုရ YUON အသင်းက အမျိုးသား တံခွန်စိုက်ဆုရသုဝဏ္ဏအသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ဆုဖလားနှင့် ငွေဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၂၀၊ အားကစားသမား ၁၃၀ ကျော်တို့က ပြိုင်ပွဲပေါင်း ၉၀ ခန့် ယှဉ်ပြိုင်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

**❊ ကျောဖုံးမှ**

MIU အသင်းသည် ခြေစမ်းပွဲတွင် ထိုင်းကလပ် ဖန်ကောက် BTS အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဟောင်ယန်တာခမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

MIU အသင်းသည် ယင်းပြိုင်ပွဲတွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့်သုံးကြိမ်စလုံး တတိယဆု ရရှိခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ထိုင်းကလပ်အသင်းများက လေးကြိမ်စလုံး ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရန်အေးလမ်းတွင်တွေ့ရှိသူ သောင်းထိုက်ဝင်း(ခ)နောင်နောင်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ စမ်းချောင်းမြို့နယ် ဝေဠုဝန်(တောင်) ရပ်ကွက် ဝေဠုဝန်လမ်း အမှတ်(၇၀)ရှိ မထားနဒီမြတ်(ခ)မော်နင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀ ကို လည်းကောင်း။



တာချီလိတ်မြို့နယ် ရေပူစမ်းကျေးရွာအနီး ဇွန် ၁၅ ရက်နှင့် ၁၆ ရက်က သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

အလားတူ ဇွန် ၁၅ ရက် နံနက် ၁၁ နာရီခွဲတွင် တပ်မတော်က တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းကျေးရွာအနီးရှိ လျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၉ သိန်း၊ ကဖင်း ၁၀၅၀ ကီလို၊ ဘိန်းဖြူ ၁ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁၉၆ ဒသမ ၃ ကီလို နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဇွန် ၁၆ ရက် နံနက် ၉ နာရီတွင် အဆိုပါလျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၈၃ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁၀၀ ဂရမ်၊ ပလတ်စတစ်ကပ်ခွာအိတ်ငယ်များ ထည့်ထားသည့် ဆာလာအိတ် ၁၈ အိတ်တို့ကို လည်းကောင်း။

ထို့အတူ ဇွန် ၁၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် တပ်မတော်က မိုင်းဆတ်မြို့နယ် မယ်ကျုတ်ကျေးရွာရှိ ဒေါ်မီရဲ၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၃ ဒသမ ၃၆ ကီလိုကို လည်းကောင်း၊ အလားတူ နံနက် ၁၀ နာရီခွဲတွင် တစ်ရွာတည်းနေ ကျကာ၏နေအိမ်ကိုရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀၀၊ ဘိန်းဖြူ ၁၉၁ ဂရမ်၊ ကဖင်း ၁၈ ကီလို၊ ဝမ်ချက်စတာသေနတ်တစ်လက်နှင့် လေသေနတ်တစ်လက်တို့ကို လည်းကောင်း၊ ဆက်လက်၍ မိုင်းဆတ်မြို့နယ် ပူနားကို-ဖတ္တမိန်း သွားကားလမ်းရှိ သင်္ချိုင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကို လည်းကောင်း၊ မိုင်းတွမ်းတောင်ပေါ် ကျေးရွာအုပ်စု ပူနားကိုကျေးရွာအထွက်ရှိ အမှိုက်ပုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ ကတ်တမင်း ၅ ကီလို၊ ၉ မမ ပစ္စတိုတစ်လက်နှင့် ယင်းကျည်အိမ်တစ်ခုတို့ကို လည်းကောင်း၊ မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု အားဆော်ပေါ်မိုးကျေးရွာ၏ မြောက်ဘက်ရှိ မြေကြီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ ကို လည်းကောင်း၊ အလားတူ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မယ်ကျုတ်ကျေးရွာရှိ မောရှည်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဂတ်စ်အိုးအလုံး ၂၀၊ ဆေးပြားမွှေစက်တစ်လုံး၊ အအေးပေးစက် နှစ်လုံး၊ မီးစက်အသေး နှစ်လုံးနှင့် ညှစ်စက်တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၆-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ
- ၈း၃၅ - “FDA၏ လက်ရှိ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်မည့် လုပ်ငန်း စဉ်များ”(ပထမပိုင်း)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု
- ၁၀း၃၅ - ဥပဒေရေးရာအဖြာဖြာ “ဝိသမဝေစု”
- ၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “ဘကြီးကျန်း” ဦးခင်မောင်ချင်း၊ ဝေယံမင်း၊ ပန်းတလျှံ၊ ရွှေဖူးစာ ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)
- ၁၄း၁၀ - မူးယစ်အန္တရာယ်
- ၁၄း၁၅ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၃၅ - ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(ကရင်)
- ၁၈-၂၅ - “သတိတစ်ချက် ကလေးတို့အသက်”
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင် ခင်ဝင့်ဝါ)
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “Channel Zero” (အပိုင်း-၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - လူ့အသက်တွေကယ်ကြဖို့ အရှိန်လျှော့ပြီး မောင်းကြစို့
- ၂၀း၃၅ - “FDA၏ လက်ရှိ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်မည့် လုပ်ငန်းစဉ်များ”(ဒုတိယပိုင်း)
- - အနုပညာခန်းရိပ်သာ “မောင်စိန်ဝင်း(ပုတီးကုန်း) နှင့် တွေ့ဆုံခြင်း”
- - နိုင်ငံခြားဇာတ်လမ်းတွဲ “ယောကျ်ားတံခွန်” (အပိုင်း-၁၅)

## ဝက်လက်မြို့၌ အိပ်ရာထဲတွင်ဆေးလိပ်သောက်ရာမှ မီးလောင်မှုဖြစ်ကာ လူတစ်ဦးသေဆုံး

**ဝက်လက် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ အမှတ်(၃) ရပ်ကွက် ရွှေအိုးတွင်းရပ်၌ ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲတွင် မီးလောင်မှုဖြစ်ကာ လူတစ်ဦးသေဆုံးခဲ့ကြောင်း ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး ဦးအေးမြင့်ကပြောသည်။

ဖြစ်စဉ်မှာ ဦးဖိုးဆန်း (၅၀နှစ်)သည် အိပ်ရာထဲတွင် ဆေးလိပ်သောက်ရာမှ မြေစိုက်တဲအိမ်၏အမိုးသို့ မီးလောင်မှုဖြစ်ရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် နံနက် ၆ နာရီ ၄၂ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဦးဖိုးဆန်း၏ မြေစိုက်တဲအိမ်တစ်လုံး ဆုံးရှုံးပြီး ဦးဖိုးဆန်းမှာ မီးလောင်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## တောင်တွင်းကြီး၌ ကားနှင့်ဆိုင်ကယ်တိုက်မိကာ အမျိုးသမီးတစ်ဦးသေဆုံး

**တောင်တွင်းကြီး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တလုပ်ပင်ကျေးရွာအနီး၌ ဇွန် ၁၆ ရက် ညနေ ၅ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ကာ အမျိုးသမီးတစ်ဦး သေဆုံးကြောင်း သိရသည်။

**ဝင်ရောက်တိုက်မိ**

ဖြစ်စဉ်မှာ တောင်တွင်းကြီးဘက်မှ မကွေးဘက်သို့ တောင်တွင်းကြီးမြို့နယ် လက်ပံရှည်ကျေးရွာနေသူ သန့်ဇင်မင်း (၃၈ နှစ်) သည် 7J/----- လိုက်ထရပ်ယာဉ်အား မောင်းနှင်လာစဉ် မကွေး-တောင်တွင်းကြီးကားလမ်း တလုပ်ပင်ကျေးရွာအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်ဘက်မှ တောင်တွင်းကြီးမြို့နယ် ဥက္ကလာပကျေးရွာနေသူ အောင်ကိုနိုင်(၂၀နှစ်) မောင်းနှင်ပြီး မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်မူ (၅၆ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သည်။


**နေရာတွင်သေဆုံး**

ယာဉ်တိုက်မှုကြောင့် သန့်ဇင်မင်း၊ အောင်ကိုနိုင်တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ဒေါ်မြင့်မြင့်မူမှာရရှိသော ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

**အမှုဖွင့်အရေးယူထား**

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း သန့်ဇင်မင်းအား တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**




ဒလမြို့နယ်၌ ခရီးသည်များနှင့် ယာဉ်သုံးစီးကို တိုက်မိခဲ့သည့် ပရိဘောက်ယာဉ်ကို တွေ့ရစဉ်။

## ဒလမြို့နယ် ယာဉ်ရပ်နားဝင်းအတွင်း ယာဉ်တစ်စီးဘရိတ်ပေါက်ကာ ခရီးသည် ငါးဦးအား ဝင်ရောက်တိုက်မိသဖြင့် ထိခိုက်ဒဏ်ရာရ

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ယာဉ်ရပ်နားဝင်းအတွင်း ယနေ့ နံနက် ၉ နာရီက ရပ်နားထားသော ယာဉ်တစ်စီး နေရာရွှေ့စဉ် ဘရိတ်ပေါက်ပြီး ခရီးသည်များနှင့် ရပ်နားထားသည့် ယာဉ်များကို ဝင်ရောက်တိုက်မိခဲ့ကြောင်း ဒလမြို့မရဲစခန်းမှ သိရသည်။

**ပို့ဆောင်ဆေးကုသခဲ့**

ယာဉ်မောင်း ဦးမြင့်သိန်း(၅၇နှစ်)သည် ယာဉ်ရပ်နားဝင်းအတွင်း ရပ်နားထားသော DD--- ပရိဘောက်ယာဉ်အား နေရာရွှေ့စဉ် ဘရိတ်ပေါက်ပြီး ခရီးသည်များနှင့် ရပ်ထားသည့် ယာဉ်များကို ဝင်ရောက်တိုက်မိမှုကြောင့် ကွမ်းခြံကုန်းမြို့နယ်နေ ကိုကို(၂၇နှစ်)၊ ဒလမြို့ ဗညားဒလရပ်ကွက်နေသူ မထက်ထက်ဦး(၁၂နှစ်)၊ တွံတေးမြို့နယ် ကျုံးကြီးကျေးရွာနေသူ မျိုးဇင်ထွန်း(၂၉နှစ်)၊ သာကေတမြို့နယ်နေသူ ဦးသိန်းဦး(၃၉နှစ်)တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)နှင့် အမျိုးသားတစ်ဦး(စုံစမ်းဆဲ)တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိပြီး သတိလစ်မေ့မြောနေသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသခဲ့ရကြောင်း သိရသည်။

**အရေးယူထား**

ထို့ပြင် မော်တော်ယာဉ်သုံးစီး၊ ဆိုက်ကားတစ်စီးနှင့် ယာဉ်ရပ်နားဝင်းခြံစည်းရိုးအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်မောင်း ဦးမြင့်သိန်း(၅၇နှစ်)အား ဒလမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ပေါင်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးဖမ်းမိ

**ပေါင် ဇွန် ၁၇**

သထုံခရိုင် ပေါင်မြို့နယ်တွင် ဇွန် ၁၆ ရက် ညနေပိုင်းက လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ဖမ်းဆီးရမိခဲ့ကြောင်း ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဆွေက ပြောသည်။

ဇွန် ၁၆ ရက် ညနေ ၅ နာရီခန့်က ပေါင်းရပ်ကွက် ဘူတာလမ်းဆုံ ကမ္ဘောဇဘဏ်ရှေ့တွင် ယာဉ်အမှတ် 1K/------ဟွန်ဒါဖစ်ယာဉ်တစ်စီးကို လည်းကောင်း၊ ယင်းနောက် သဲအိမ်လမ်းဆုံအရောက်တွင် ယာဉ်အမှတ် SHN/3J---- တိုယိုတာခရောင်းယာဉ်နှင့် ယာဉ်အမှတ် YGN-1D/--- တိုယိုတာခရောင်း ယာဉ်တစ်စီးတို့မှာ လမ်းဘေးတွင် ရပ်တန့်ထားသည်ကို တွေ့ရှိရပြီး ယာဉ်ပိုင်ရှင်အား အနီးပတ်ဝန်းကျင်တွင် လိုက်လံရှာဖွေရာ တွေ့ရှိခြင်းမရှိသည့်အပြင် ယာဉ်ပေါ်တွင် ယာဉ်နှင့်ပတ်သက်သည့်လိုင်စင် အထောက်အထားများ တွေ့ရှိခြင်းမရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ အဆိုပါ သိမ်းဆည်းရမိသည့်ယာဉ်သုံးစီးနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း ပေါင်မြို့မရဲစခန်းမှ သိရသည်။

**ကိုဟိန်း( ပေါင် )**

## မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်စဉ် သကြားအိတ်များဖမ်းမိ

**နေပြည်တော် ဇွန် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁၂ စီး၊ သွင်းကုန် ၂၄၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန်ငါးစီး၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃၂ သန်းတန်ဖိုးရှိ သကြား ၁၀ အိတ် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထရမ့်၏အမည်ကို အစွဲပြု၍ ဂိုလန်ကုန်းမြင့်ဒေသကို အမည်သစ်ပေးအပ်

**ဂျေရုဆလင် ဇွန် ၁၇**

သမ္မတထရမ့်၏အမည်ကိုအစွဲပြု၍ အငြင်းပွားဂိုလန်ကုန်းမြင့်ဒေသရှိ ဂျူးလူမျိုးများ အခြေချအိမ်ရာသစ်ကို အမည်ပေးအပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် သမ္မတထရမ့်ကို လေးစားဂုဏ်ပြုသောအားဖြင့် အခြေချအိမ်ရာကို ထရမ့်တောင်ကုန်းဟု အမည်ပေးရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇွန် ၁၆ ရက်က ပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေး၌ ပြောကြားခဲ့သည်။

သမ္မတထရမ့်အစိုးရအဖွဲ့သည် ပြီးခဲ့သည့်မတ်လအတွင်း ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးပိုင်နယ်နိမိတ်အဖြစ် အသိအမှတ်ပြုခဲ့သည်။ ဂိုလန်ကုန်းမြင့်ဒေသသည် ၁၉၆၇ ခုနှစ်က ဖြစ်ပွားခဲ့သည့် ခြောက်ရက်ကြာစစ်ပွဲအတွင်း ဆီးရီးယားနိုင်ငံမှ သိမ်းယူခဲ့သည့် နယ်နိမိတ်ဖြစ်သည်။




**အခြေချအိမ်ရာသစ်ကို ထရမ့်အမည်ပေးအပ်ပြီးနောက် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံတမန် ဒေးဗစ်ဖရိုင်းမန်တို့ လက်ခုပ်သြဘာပေးဂုဏ်ပြုနေစဉ်။**

အစ္စရေးနိုင်ငံ၏ ဂုဏ်ပြုမှုအတွက် ဝန်ကြီးချုပ်နေတန်ယာဟုကို ကျေးဇူးတင်ရှိကြောင်း ထရမ့်က တွစ်တာပေါ်တွင် တုံ့ပြန်ရေးသားခဲ့သည်။ အစ္စရေးအစိုးရသည် သိမ်းပိုက်ခံနယ်နိမိတ်အတွင်း အခြေချအိမ်ရာ တည်ဆောက်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားသည့် နိုင်ငံတကာစည်းမျဉ်းဥပဒေကို ချိုးဖောက်လျက် ဂိုလန်ကုန်းမြင့်ဒေသတွင် မြို့သစ်တည်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**

# ဟွာဝေးဖုန်းများ ရောင်းအားကျဆင်း၊ ထုတ်လုပ်မှုလျှော့ချရန်ပြင်ဆင်

**ပေကျင်း ဇွန် ၁၇**

ဟွာဝေးနည်းပညာကုမ္ပဏီ၏ နိုင်ငံရပ်ခြား စမတ်ဖုန်းရောင်းချမှုသည် ပြီးခဲ့သည့်လအတွင်း အမေရိကန်က ယင်းကုမ္ပဏီကို အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်ချိန်မှစတင်ကာ ရောင်းအားကျဆင်းသွားခဲ့ကြောင်း ဟွာဝေးကုမ္ပဏီတည်ထောင်သူစီအီးအို ရန်ကျန်ဖေးက ဇွန် ၁၇ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။


ဟွာဝေးကုမ္ပဏီတည်ထောင်သူ မစ္စတာ ရန်ကျန်ဖေးသည် အမေရိကန်က ဖိအားပေးမှု၏ အကျိုးဆက်အနေဖြင့် ကုမ္ပဏီ၏ရောင်းအားကျဆင်းမှုကို ပထမဆုံးအကြိမ် အတိအလင်းထုတ်ဖော်ပြောကြားခဲ့သည်။ ဟွာဝေးကုမ္ပဏီအပေါ် အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်နေသည်ဆိုသော အကြောင်းပြချက်ဖြင့် အမေရိကန်က အမည်ပျက်စာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန်းမြို့ရှိ ကုမ္ပဏီရုံးချုပ်၌ စီစဉ်ကျင်းပခဲ့သည့် ဆွေးနွေးပွဲ၌ မစ္စတာရန်ကျန်ဖေး မိန့်ခွန်းပြောကြားစဉ် ဟွာဝေးစမတ်ဖုန်းများ နိုင်ငံရပ်ခြားသို့ရောင်းချမှု ၄၀ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ဆိုသော သတင်းရင်းမြစ်များ၏ ဖော်ပြမှုများကို အတည်ပြုနိုင်ခြင်း ရှိ မရှိ မေးမြန်းခဲ့ရာတွင် ၎င်းက ၄၀ ရာခိုင်နှုန်း ကျဆင်းသွားသည်မှာ အမှန်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

အရောင်းကျဆင်းမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ၎င်းကပြောကြားခဲ့ခြင်း မရှိပေ။ သို့သော်လည်း ဟွာဝေးကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက အမည်ပျက်စာရင်းထည့်သွင်းခဲ့သည့် အမေရိကန်၏လုပ်ဆောင်မှုကြောင့် မေလမှ ဇွန်လအထိ ၄၀ ရာခိုင်နှုန်း ရောင်းအားကျဆင်းခဲ့ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

ထို့ပြင် မစ္စတာရန်သည် တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်အတွင်း ဟွာဝေးဖုန်းများ အရောင်းသွက်နေဆဲဖြစ်ကြောင်းကိုပါ ဖြည့်စွက်ပြောခဲ့သည်။ ဟွာဝေးစမတ်ဖုန်းသည် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့နံပါတ်နှစ် စမတ်ဖုန်းထုတ်လုပ်ရေးလုပ်ငန်းဖြစ်ခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း ဟွာဝေးစမတ်ဖုန်း အလုံးရေစုစုပေါင်း ၂၀၆ သန်းကို သင်္ဘောဖြင့် ပို့ဆောင်ကာ တစ်ဝက်ကို တရုတ်နိုင်ငံအတွင်း ရောင်းချပြီး တစ်ဝက်ကို ပြည်ပသို့ဖြန့်ဖြူးရောင်းချခဲ့သည်။ နောက်ထပ်နှစ်နှစ်အကြာတွင် ဟွာဝေးစမတ်ဖုန်းထုတ်လုပ်မှုကို အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံဖိုး လျှော့ချသွားရန် စီစဉ်ထားကြောင်း မစ္စတာရန်ကပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ဟွာဝေးကုမ္ပဏီတည်ထောင်သူ ရန်ကျန်ဖေး

# ခရီးသွားလုပ်ငန်းကိုတိုးမြှင့်ရန် သီရိလင်္ကာနိုင်ငံက ကမ္ဘာကျော်များကို ဖိတ်ခေါ်သွားရန်ရှိ

**ကိုလံဘို ဇွန် ၁၇**

သီရိလင်္ကာနိုင်ငံတွင် ဧပြီ ၂၁ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် သီရိလင်္ကာသည် လုံခြုံစိတ်ချရသည့် ခရီးသွားရပ်ဝန်းတစ်ခုအဖြစ် ပုံဖော်ရန် ယခုနှစ်အတွင်း ကမ္ဘာ့နာမည်ကျော်များကို လာရောက်ရန် ဖိတ်ခေါ်ခြင်းဖြင့် ပွဲကြီးတစ်ရပ် ကျင်းပကာ ခရီးသွားလုပ်ငန်းအဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အစိုးရသတင်းအချက်အလက်ဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သီရိလင်္ကာခရီးသွားလုပ်ငန်းမြှင့်တင်ရေးဗျူရိုမှ အကြီးအကဲ ကစ်ဟုဂိုးမီက ခရီးသွားလုပ်ငန်းများ၊ လုပ်ငန်းရှင်များသည် မြို့တော်ကိုလံဘိုတွင် ပွဲတော်ကြီးကျင်းပရန် တောင်းဆိုခဲ့ကြောင်း ၊ သီရိလင်္ကာသည် လုံခြုံစိတ်ချရသည့် ခရီးသွားနေရာတစ်ခုဖြစ်ကြောင်း ကမ္ဘာကိုသတင်းအချက်အလက်ပေးရန် ပွဲတော်ကြီးပြုလုပ်ရန် တောင်းဆိုခဲ့သည်ဟု ပြောသည်။ မည်သို့သောပွဲတော်ကျင်းပမည်ကိုမူ ဆွေးနွေးကြဆဲပင်ဖြစ်သည်။

သီရိလင်္ကာခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ရေးဗျူရို၏အချက်အလက်များအရ မေလအတွင်း ခရီးသွားများဝင်ရောက်မှုမှာ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း အီစတာပွဲတော်ကာလ အကြမ်းဖက်တိုက်ခိုက်ခံရမှုအပြီး ထိုသို့ ခရီးသွားဝင်ရောက်မှုနှုန်း ထိုးကျသွားခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် လူပေါင်း ၂၅၀ သေဆုံးခဲ့ရသည်။ သို့သော် ဇွန်လမှစတင်ကာ ခရီးသွားဝင်ရောက်မှုနှုန်းမှာ တစ်ဆတစ်ဆမြင့်တက်လာခဲ့ပြီး တစ်နေ့လျှင် ခရီးသွား ၂၂၀၀ ခန့် ဝင်ရောက်သည်ဟု သိရသည်။

သီရိလင်္ကာခရီးသွားဖွံ့ဖြိုးရေးဌာနနှင့် ခရစ်ယာန်ဘာသာရေးဆိုင်ရာကိစ္စရပ်များ ဌာနမှဝန်ကြီး ဂျွန်အင်မရက်တန်ဂါ ယခုနှစ်အတွင်းခရီးသွား ၂ ဒသမ ၅ သန်းကို သီရိလင်္ကာသို့ လာရောက်ရန်မျှော်လင့်ထားကြောင်း လွန်ခဲ့သည့် လကပြောခဲ့သည်။ သီရိလင်္ကာသည် ယခုအခါ ခရီးသွားလုပ်ငန်းအတွက် လုံခြုံစိတ်ချရပြီဖြစ်ကြောင်း၊ အီစတာပွဲတော်ကာလအကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူ ၉၈ ရာခိုင်နှုန်းကို ရဲများက ဖမ်းဆီးပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးမတိုင်မီတစ်ရက်အလို အမေရိကန်နှင့် ရုရှားဆွေးနွေးပွဲအတွက် ပြင်ဆင်နိုင်ဖွယ်ရှိ

**မော်စကို ဇွန် ၁၇**

အိုဆာကာမြို့၌ ပြုလုပ်မည့် ဂျီ - ၂၀ထိပ်သီးအစည်းအဝေးမတိုင်မီ တစ်ရက်အလိုတွင် အမေရိကန်နှင့် ရုရှားမှ ခေါင်းဆောင်တို့ ဆွေးနွေးပွဲ ပြင်ဆင်သွားဖွယ်ရှိသည်ဟု ရုရှား သမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကြား ပြုလုပ်ဖွယ်ရှိသည့် ဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြောကြားသွားခြင်းဖြစ် သည်။

အဆိုပါတွေ့ဆုံပွဲနှင့် ပတ်သက်ပြီး အမေရိကန်ဘက်မှ မည်သည့်အကြောင်းကြားမှုမှ မရသေးကြောင်း ၎င်းက ဆက်ပြောသည်။ ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးကို ဇွန် ၂၈ နှင့် ၂၉ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ရာ ယင်းမတိုင်မီ နှစ်နိုင်ငံခေါင်းဆောင် တွေ့ဆုံဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်သွားဖွယ်ရှိသည်ဟု ဒီမီထရီပက်စ်ကော့ဗ်က ပြောသည်။

လွန်ခဲ့သည့်နှစ်ကလည်း သမ္မတထရမ့်သည် အာဂျင်တီးနားနိုင်ငံ၌ ပြုလုပ်သည့် ဂျီ-၂၀ထိပ်သီးဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဟု ရက်သတ်မှတ်ခဲ့သော်လည်း ယင်းသတ်မှတ်ရက်မတိုင်မီ အဆိုပါသတ်မှတ်ချက်ကို သမ္မတထရမ့်က ဖျက်သိမ်းခဲ့သည်။ ဒီမီထရီပက်စ်ကော့ဗ်၏ ပြောစကားကိုကြည့်လျှင် ရုရှားသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်လာရန် မျှော်လင့် လျက်ရှိကြောင်း ပြသလျက်ရှိသည်ဟု လေ့လာသူများကပြောသည်။

**အင်န်အိတ်ခ်ျကေ**

# ဂွါတီမာလာသမ္မတ ရွေးကောက်ပွဲတွင် သမ္မတကတော်ဟောင်း တောရက်စ်က ဦးဆောင်လျက်ရှိ

**ဂွါတီမာလာစီးတီး ဇွန် ၁၇**

သမ္မတကတော်ဟောင်း ဆန်ဒရာတောရက်စ်သည် တနင်္လာနေ့က ရွေးကောက်ပွဲ ရလဒ်များတစ်စိတ်တစ်ပိုင်းထွက်ပေါ်လာပြီးနောက် ဂွါတီမာလာသမ္မတရွေးကောက်ပွဲတွင် ရှေ့တန်းမှပြေးနေကြောင်းသိရသည်။

စနေနေ့ကပြုလုပ်သည့် မဲပေးပွဲအပြီးတွင် မဲရာခိုင်နှုန်း ၄၉ ရာခိုင်နှုန်းရေတွက်ပြီးသွားပြီဖြစ်သည်။ ယင်းအချိန်တွင် တောရက်စ်မှာ မဲအရေအတွက် ၂၄ ရာခိုင်နှုန်းရရှိနေပြီဖြစ်ပြီး ၎င်း၏ပြိုင်ဘက်ဖြစ်သူ အလီဂျန်ဒိုဂိုင်မက်တီမှာမူ ၁၅ ရာခိုင်နှုန်း ရရှိထားကြောင်း ရွေးကောက်ပွဲအထူးခုံရုံးက ပြောသည်။ ပါဝင်ယှဉ်ပြိုင်သူ ၁၉ ဦးရှိပြီး ဖြည်းဖြည်းချင်းရေတွက်လျက်ရှိသည်။

သို့သော် မည်သူတစ်ဦးတစ်ယောက်မှ မဲအရေအတွက် ၅၀ရာခိုင်နှုန်းထက်ကျော်ပြီး ရရှိလိမ့်မည်ဟု မျှော်လင့်မထားကြပေ။ အကယ်၍ မဲအရေအတွက်အနိုင်အရှုံးကွဲပြားခြင်းမရှိပါက ဩဂုတ် ၁၁ ရက်တွင် ထပ်မံမဲပေးရမည်ဖြစ်သည်။ တောရက်စ်သည် Unity of Hope ပါတီ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

၎င်း၏မဲများရေတွက်နေစဉ် တောရက်စ်က ၎င်းမှာ ပထမဆုံးအမျိုးသမီးသမ္မတ ဖြစ်လာနိုင်ကြောင်းပြောခဲ့သည်။ ၎င်း၏ အဓိကပြိုင်ဘက်ဖြစ်သူ အလီဂျန်တိုဂိုင်မက်တီကမူ ဆရာဝန်တစ်ဦးဖြစ်ပြီး ကွန်ဆာဗေးတစ် VAMOS ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

၎င်းက ရွေးကောက်ပွဲတွင် ပုံမှန်မဟုတ်သည့်ဖြစ်စဉ်များကို ရှုတ်ချခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီ ကိုယ်စားလှယ်လောင်းအချို့ကို ထုတ်ပယ်ပစ်ခဲ့သည့်အတွက်လည်း ရှုတ်ချခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် နိုင်ငံသားအရေအတွက် ရှစ်သန်းခန့်ရှိပြီး လုံခြုံရေးအတွက် ရဲပေါင်း ၄၀၀၀၀ခန့်ကို တာဝန်ချထားခဲ့ကြောင်းသိရသည်။

**အေအက်ဖ်ပီ**



ရွေးကောက်ပွဲတွင် ဦးဆောင်နေသည့် ဆန်ဒရာတောရက်စ်

# ထရမ့်၏ အမေရိကန်သည်သာ ပထမဟူသည့်မူဝါဒ နိုင်ငံတကာအသိုင်းအဝိုင်းမှ ကျောခိုင်းစေခဲ့သလား

*ထွန်းသစ်စ*

**၁၉ ရာစုနှောင်းပိုင်းနဲ့ ၂၀ ရာစုအစောပိုင်းမှာ အမေရိကန်နိုင်ငံရဲ့လွတ်လပ်တဲ့အရင်းရှင်ဝါဒဟာ စီးပွားရေးဆိုင်ရာချဲ့ထွင်မှုတွေကို ဖြစ်စေခဲ့ပြီး လူတန်းစားကွဲပြားခြားနားမှုတွေဆီ ဦးတည်ခဲ့ပါတယ်။ အကျိုးဆက်အားဖြင့် ဆင်းရဲသားတွေအကြား စီးပွားရေးဆိုင်ရာ မလုံခြုံမှုတွေ အကြီးအကျယ်ဖြစ်စေခဲ့ပြီး စီးပွားရေးပျက်ကပ်ကို ဦးတည်တဲ့ပုံစံတွေ ဖြစ်လာပါတော့တယ်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

**စိန်ခေါ်မှုတွေဖြစ်ခဲ့**

ပြည့်စုံကြွယ်ဝတဲ့နိုင်ငံဟာ ဒုတိယကမ္ဘာစစ်နှောင်းပိုင်းကာလရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်ကောင်းအောင် လောင်စာထည့်လိုက်သလိုပါပဲ။ အလုပ်သမားနဲ့ အလယ်အလတ်လူတန်းစားတွေလက်ထဲ လုပ်ကိုင်နိုင်မှုတွေ၊ ငွေအရင်းအမြစ်တွေ ရောက်လာပါတယ်။ ထို့အတူပါပဲ ပညာရေးပိုင်းဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာ လုံခြုံတိုးတက်မှုတွေဟာလည်း ဒီရေအလားတရိပ်ရိပ်နဲ့ တက်လာပါတော့တယ်။

ဒါပေမယ့်လည်း အမေရိကန်နိုင်ငံရဲ့အနေအထားဟာ ဒီရေလိုပါပဲ။ အမြဲတမ်းတက်လိုက်ကျလိုက်ဖြစ်နေတာပါပဲ။ ၁၉၇၀ ပြည့်လွန်နှစ်တွေကတည်းက သက်သာချောင်ချိရေးကွန်ရက်တွေဟာ သိသိသာသာကိုပဲ လျော့နည်းလာပါတယ်။ အလုပ်သမားတွေကို ကာကွယ်ပေးတဲ့ အလုပ်သမားစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေဟာလည်း လျော့ရဲလာပါတယ်။ ပညာရေးနဲ့ ပြည်သူ့အစီအစဉ်တွေအတွက် ထည့်ဝင်ခဲ့တဲ့ ရန်ပုံငွေတွေဟာလည်း တဖြည်းဖြည်းလျော့နည်းကျဆင်းလာပါတယ်။

၁၉၉၆ ခုနှစ် သက်သာချောင်ချိရေးပြုပြင်ပြောင်းလဲမှုအရ ကလေးရှိတဲ့ ခင်ပွန်းသည်မရှိ၊ ဇနီးမရှိတဲ့ တစ်ဦးတည်းမိဘတွေဟာ အရင်လိုမဟုတ်ဘဲ အကူအညီငါးနှစ်သာရရှိတော့မှာဖြစ်ပြီး စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်အရ အလုပ်မဖြစ်မနေလုပ်ရတော့မှာဖြစ်ပါတယ်။ သက်သာချောင်ချိရေး အကျိုးခံစားတဲ့ မိသားစုတွေဟာ ၁၉၉၆ ခုနှစ်မှာ ၄ ဒသမ ၆ သန်းရှိခဲ့ပြီး အခုနှစ်မှာတော့ ၁ ဒသမ ၁ သန်းထက်လျော့နည်းဖို့သာ ရှိပါတယ်။ သက်သာချောင်ချိရေး အကျိုးခံစားတဲ့ မိသားစုဝင်အရေအတွက် ကျဆင်းလာတာဟာ ဆင်းရဲမွဲတေမှုတွေ လျော့နည်းသွားတယ်လို့တော့ မဆိုလိုပါဘူး။ ခိုင်မာမှုမရှိတော့တဲ့ သက်သာချောင်ချိရေးကွန်ရက်တွေဟာ နောက်တစ်ဖန် ဆင်းရဲမှုနှုန်းမြင့်တက်မှုဆီကို ဦးတည်လာတာလည်း ဖြစ်နိုင်ပါတယ်။

အမေရိကန် သန်း ၄၀ ဟာ ဆင်းရဲမွဲတေမှုတွေနဲ့ နေနေရပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကလေးဆင်းရဲမှုနှုန်း အမြင့်ဆုံးဖြစ်တယ်လို့ ကုလသမဂ္ဂ စစ်တမ်းကောက်ယူသူတွေက ဆိုပါတယ်။ ထို့အတူ တစ်နေ့အမေရိကန်ဒေါ်လာနှစ်ဒေါ်လာထက်နည်းပြီးရတဲ့ အလွန်အမင်းဆင်းရဲတဲ့လူတွေလည်းရှိပါတယ်။

နောက်အဆက်ဆက်တက်လာတဲ့ အမေရိကန်သမ္မတလက်ထက်မှာ အထူးသဖြင့် အမေရိကန်နိုင်ငံရဲ့ ၄၅ ယောက်မြောက် သမ္မတဒေါ်နယ်ထရမ့်ရဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံဟာ အတက်အကျတွေ လျင်လျင်မြန်မြန်ဖြစ်ပေါ်လို့လာခဲ့တယ်လို့ပဲ ပြောရမလား မသိတော့ပါဘူး။ အခုဆိုရင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တာဝန်ယူလာတဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒတွေဟာ နိုင်ငံတကာအသိုင်းအဝိုင်းကို အံ့အားသင့်စေခဲ့ပါတယ်။ ထို့အတူပဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွေကို အဆက်မပြတ်ခြိမ်းခြောက်နေပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတွေတောင် ဖြစ်စေခဲ့ပါတယ်။

**အရှိန်ကောင်းကောင်းနဲ့ပေါ်ပေါက်**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ချမှတ်ထားတဲ့ အမေရိကန်သည်သာ ပထမဆိုတဲ့ မူဝါဒဟာ တဖြည်းဖြည်းအရှိန်မြင့်တက်လာပြီး ရုပ်လုံးပေါ်လာပြီမို့ အဲဒီမူဝါဒကြောင့် အမေရိကန်အစိုးရရဲ့ ဆောင်ရွက်မှုတွေဟာ မတည်ငြိမ်မှုတွေ၊ မသေချာမှုတွေနဲ့ ရင်ဆိုင်လာရပါတော့တယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ လွတ်လပ်တဲ့ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်တဲ့ ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှုသဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုကို ဆွဲထုတ်ခဲ့ပါတယ်။ ပြီးတော့လည်း ပါရီရာသီဥတုပြောင်းလဲရေးဆိုင်ရာ သဘောတူညီချက်မှလည်း နောက်ပြန်ဆုတ်ခဲ့ပါတယ်။ ထို့အတူ အီရန်နှင့် အနောက်နိုင်ငံတွေအကြား သဘောတူခဲ့တဲ့ အီရန်ရဲ့နျူကလီးယားအစီအစဉ်အပေါ်ပြောင်းလဲလိုက်တဲ့မူဝါဒ၊ ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် ကျင့်သုံးနေတဲ့ မူဝါဒ၊ တရုတ်နိုင်ငံရဲ့ကုန်သွယ်ရေးကဏ္ဍ အခင်းအကျင်းစတဲ့အကြောင်းအရာတွေမှာ ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အခုတစ်ခါ အီရန်ရဲ့အရေးလည်း ပါလာပြန်ပါပြီ။

ဒါ့အပြင် အမေရိကန်နိုင်ငံရဲ့ လူဝင်မှုကန့်သတ်တာတွေ၊ အမေရိကန်-ကျူးဘားဆက်ဆံရေးကို ပြောင်းလဲတာတွေ၊ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံအဖြစ်လက်ခံကြောင်း ကြေညာတာတွေ၊ ပါကစ္စတန်နိုင်ငံရဲ့ အကြမ်းဖက်နှိမ်နင်းရေးအပေါ် စကားလုံးတွေနဲ့ တိုက်ခိုက်မှုတွေအပါအဝင် အီရန်နိုင်ငံရေးအသိုင်းအဝိုင်းကို ဝင်ရောက်စွက်ဖက်တဲ့၊ တင်းမာတဲ့ အပြောအဆိုကတစ်ဆင့် ပါကစ္စတန်နိုင်ငံ အပေါ် ငွေကြေးထောက်ပံ့မှုရပ်ဆိုင်းတာတွေ စတာတွေကို လုပ်ကိုင်ဆောင်ရွက်လာတာကို ကြည့်မယ်ဆိုရင် အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒဟာ အရှိန်ကောင်းကောင်းနဲ့ ဆက်လက်ပေါ်ပေါက်လာတယ်ဆိုတာကို ငြင်းလို့မရပါဘူး။

**ပိုမိုအလေးပေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ဆောင်ရွက်မှုတွေဟာ အပြုသဘောထက် အနုတ်သဘောဆောင်နေသလားဆိုတာတော့ နိုင်ငံရေးကျွမ်းကျင်သူတွေရဲ့အလုပ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ကြိမ်းသေတာတစ်ခုကတော့ ကမ္ဘာ့အသိုင်းအဝိုင်းက ကျောခိုင်းလာတဲ့အချက်ကတော့ ငြင်းမရပါဘူး။

ဒါတင်မကပါဘူး။ ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်မှ နုတ်ထွက်မှု၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်မှ နုတ်ထွက်မှု၊ ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့မှ နုတ်ထွက်မှု၊ ကမ္ဘာလုံးဆိုင်ရာ လူဝင်မှုကြီးကြပ်ရေး သဘောတူညီချက်မှ နုတ်ထွက်မှု စတဲ့အချက်တွေကိုကြည့်ရင် အမေရိကန်နိုင်ငံဟာ သူ့နိုင်ငံရဲ့အကျိုးစီးပွားကို ကာကွယ်လိုတဲ့အပြင် သီးခြားနေထိုင်လိုတဲ့သဘောကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလိုအခြေအနေတွေက ကာလရှည်ကြာ မဟာမိတ်ဖြစ်ခဲ့တဲ့ နိုင်ငံတွေကို ဆောက်တည်ရာမရဖြစ်စေခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အမေရိကန်နိုင်ငံအပေါ် သူ့ရဲ့ဦးဆောင်နိုင်မှုနဲ့ ပတ်သက်ပြီး ပြန်လည်မေးခွန်းထုတ်စရာတွေဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါပေမယ့်လည်း အီရန်အရေးမှာတော့ အမေရိကန်ဟာ သူ့ရဲ့မဟာမိတ်တွေကို ကာကွယ်သွားမယ်လို့တော့ ဆိုခဲ့ပါတယ်။

ဒေါ်နယ်ထရမ့်ရဲ့ သမ္မတရွေးကောက်ပွဲကြွေးကြော်သံအတိုင်း နိုင်ငံတစ်နိုင်ငံအနေနဲ့ ပုံမှန်လမ်းရိုးက ခွဲထွက်ပြီး တစ်မူထူးခြားတဲ့ ဆောင်ရွက်ချက်တွေကို ဆောင်ရွက်နိုင်ခဲ့တဲ့ အနေအထားကို တွေ့မြင်ရပေမယ့် ဒါဟာနိုင်ငံတကာနဲ့ ဆက်ဆံရေးမှာ ထိုးထိုးကြီးဖြစ်စေပါတယ်။ ခေတ်အဆက်ဆက် အမေရိကန်အစိုးရတွေနဲ့ ဒေါ်နယ်ထရမ့်ရဲ့ ကွာခြားချက်က ဒေါ်နယ်ထရမ့်ဟာ နိုင်ငံတကာစည်းကမ်းတွေကို သတ်မှတ်ထိန်းသိမ်းတဲ့ နေရာမှာ ချိန်ညှိမှုအားနည်းပြီး အများအကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရပ်တွေမျှဝေတာနဲ့ ဒေသတွင်း မူဝါဒလမ်းစဉ်တွေအပေါ်ဗဟုဝါဒနဲ့ မချဉ်းကပ်နိုင်တာ စတဲ့ကျင့်သုံးနေကျ နိုင်ငံခြားရေးရာဆောင်ရွက်ချက်တွေကို ဆောင်ရွက်ပြီး အမေရိကန်သည်သာ ပထမဟူသည့်မူဝါဒကို နိုင်ငံတကာမှဘောင်တွေထက် ပိုမိုအလေးပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။

အမေရိကန်တစ်နိုင်ငံတည်းကိုသာ ကြည့်ပြီး ဦးတည်ဆောင်ရွက်တဲ့ နိုင်ငံခြားရေးမူဝါဒဟာ နိုင်ငံခြားရေးဆိုင်ရာ မဟာဗျူဟာဖြစ်ဖို့ဆိုတာ လွန်စွာမှ ခက်ခဲတဲ့အနေအထားမှာရှိပါတယ်။ အမေရိကန်နိုင်ငံဟာ သူ့တစ်နိုင်ငံတည်း လမ်းကြောင်းပေါ်လျှောက်လှမ်းတာကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ တဖြည်းဖြည်းဝေးကွာလာမလားဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်ပါဘူး။

**ကိုးကား- သည်ဝါရှင်တန်ပို့စ်**

> “အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ဆောင်ရွက်မှုတွေဟာ အပြုသဘောထက် အနုတ်သဘော ဆောင်နေသလားဆိုတာတော့ နိုင်ငံရေးကျွမ်းကျင်သူတွေရဲ့အလုပ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ကြိမ်းသေတာတစ်ခုကတော့ ကမ္ဘာ့အသိုင်းအဝိုင်းက ကျောခိုင်းလာတဲ့အချက်ကတော့ ငြင်းမရ”

# နိုင်ငံတကာသတင်းတိုတွာ

## နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း အသေခံဗုံးခွဲမှုသုံးခုဖြစ်ပွားကာ လူ ၃၀ သေဆုံး

**ကာနို ဇွန် ၁၇**

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် ဇွန် ၁၆ ရက်နှောင်းပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုသုံးခု ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူ ၃၀ သေဆုံးသွားကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ဖော်ပြသည်။ ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုကပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

ဘော်နိုမြို့တော် မိုက်ဒူဂူရီမှ ၃၈ ကီလိုမီတာအကွာ ကွန်ဒူဂါရှိ ခန်းမအပြင်ဘက်တွင် အသေခံဗုံးခွဲသမားသုံးဦးက ဖောက်ခွဲရေးပစ္စည်းများ ထောင်ထားခဲ့သည်။ အခင်းဖြစ်ပွားချိန်တွင် ခန်းမအတွင်း၌ ဘောလုံးပရိသတ်များက ရုပ်မြင်သံကြားမှထုတ်လွှင့်သည့် ဘောလုံး ပွဲစဉ်တစ်ခုကို စောင့်ကြည့်နေခဲ့ကြသည်ဟုဆိုသည်။ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် မကြာသေးမီက သေဆုံးသူအရေအတွက် ၃၀အထိ မြင့်တက်လာခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူ ၄၀ ရှိကြောင်း ပြည်နယ်အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီမှ လုပ်ငန်းဆောင်ရွက်မှုအကြီးအကဲ အပ်စ်မန်ကာချာလာက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အီရန်သည် ယူရေနီယံသန့်စင်ခြင်းကို လေးဆပြုလုပ်ခဲ့သည်ဟုဆို

**တီဟီရန် ဇွန် ၁၇**

အီရန်နိုင်ငံသည် စွမ်းအားနိမ့် ယူရေနီယံသန့်စင်ခြင်းအရှိန်ကို လေးဆမြှင့်တင်ခဲ့ကြောင်း၊ လွန်ခဲ့သည့်လက နျူကလီးယားစာချုပ်ပါ အချက်များကို လိုက်နာခြင်းမရှိတော့ဟု ကြေညာပြီးသည့်နောက်ပိုင်း ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တနင်္လာနေ့က အီရန်နိုင်ငံအဏုမြူစွမ်းအင်အဖွဲ့က ကြေညာသွားခဲ့သည်။

ဇွန် ၂၇ ရက်တွင် သန့်စင်ထားသည့် ယူရေနီယံ ၃၀၀ ကီလိုဂရမ်ထက်ကျော်လွန်ကာ ထုတ်လုပ်သွားမည်ဟု အီရန်နိုင်ငံအဏုမြူစွမ်းအင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဘီဟ်ရို့ဇ်ကာမယ်ဗန်ဒီသတင်းထောက်များကို တနင်္လာနေ့က ပြောသည်။ ယင်းနောက်တွင် ယူရေနီယံသန့်စင်ခြင်းများကို လျင်လျင်မြန်မြန်လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့ကြား ချုပ်ဆိုခဲ့သည့် နျူကလီးယားသဘောတူစာချုပ်အရ အီရန်သည် စွမ်းအားနိမ့်သန့်စင်ပြီး ယူရေနီယံ ၃၀၀ကီလိုဂရမ်သာ သိုမှီးထားရန် သဘောတူထားသည်။

အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်ခြင်းလုပ်ငန်းကို ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံအဏုမြူစွမ်းအင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**ဆင်ဟွာ**

# မိုးရာသီပုပ္ပားတောင်ခရီး မြင်ကွင်းများ

**ချမ်းသာ ( မိတ္ထီလာ )**

ပုပ္ပားတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေ အမြင့်တွင်တည်ရှိပြီး မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း တည်ရှိကာ အပူပိုင်းဒေသ၏ အိုအေစစ်တစ်ခုကဲ့သို့ တည်ရှိနေသည်။

ပုပ္ပားတောင်အား နွေ၊ မိုး၊ ဆောင်းရာသီဥတုသုံးပါးစလုံးတွင် စိမ်းလန်းစိုပြည်သော သစ်တောသစ်ပင်များက အမြဲတစေ ဖုံးလွှမ်းထားသည်။ ထိုကြောင့် ပုပ္ပားတောင်ပေါ်သို့ တောင်တက် အဖွဲ့များ၊ ပြည်တွင်းပြည်ပခရီးသွားတချို့နှင့် တောင်တက်ခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေရန် ရည်ရွယ်သူများ၊ မီးတောင်ဟောင်းတစ်ခုဖြစ်ခဲ့ဖူးသည့် ပုပ္ပားတောင်၏ ဘူမိဗေဒ အနေအထားအား လေ့လာသူများက မကြာခဏ တက်ရောက်လေ့ရှိကြသည်။ ပုပ္ပားတောင်ပေါ်သို့ တက်ရောက်သူအများစုမှာ နွေရာသီနှင့် ဆောင်းရာသီကာလတွင် တက်ရောက်လေ့ရှိပြီး မိုးရာသီကာလတွင်လည်း တက်ရောက်သူများရှိကြောင်း သိရသည်။


မိုးရာသီကာလတွင် ပုပ္ပားတောင်ပေါ်မှ မြင်ရသည့်မြင်ကွင်းများမှာ နွေနှင့် ဆောင်းရာသီကာလများနှင့်မတူ ကွဲပြားစွာ မြင်တွေ့ခံစားနိုင်ပြီး မိုးတိမ်တိုက်များ၏ အထက်မှနေ၍ ပုပ္ပားတောင်ကလပ် ရှုခင်းကိုကြည့်ရှုနိုင်သည်။ မိုးတိမ်များထဲမှ ရေခိုးရေငွေ့များကြားတွင် ဖြတ်သန်း၍ သဘာဝပေါက်ပင်၊ ပန်းပင်များကို လေ့လာကြည့်ရှု၍လည်း ရနိုင်သည်။ ပုပ္ပားတောင်ပေါ်သို့ ခြေကျင်တက်၍ရသကဲ့သို့ အားကစားစက်ဘီးစီး၍လည်းတက်နိုင်ပြီး ဆိုင်ကယ်လမ်းမှလည်း ဆိုင်ကယ်ဖြင့် မောင်းနှင်တက်ရောက်နိုင်သည်။

စက်ဘီး၊ ဆိုင်ကယ်များဖြင့် တက်ရောက်လေ့လာသူများမှာ ခြေကျင်တက်ရောက်သူများကဲ့သို့ ၄၉၈၁ ပေ မြင့်မားသည့် ပုပ္ပားတောင်ကြောရှိ မုန်ပြတောင်ထွတ်အနီးထိတိုင် သွားရောက်လိုလျှင် လေယာဉ်ကွင်းဟောင်းအနီး၌ စက်ဘီး၊ ဆိုင်ကယ်များ ရပ်နား၍ ခြေကျင်ဆက်လက်တက်ရောက်ရမည်ဖြစ်သည်။

ပြီးခဲ့သည့် စနေနေ့က ပုပ္ပားတောင်ပေါ်သို့ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ငါ့သရောက်၊ မြင်းခြံ၊ မတ္တရာ၊ သာစည်မြို့များမှ မီဒီယာသမားများနှင့်အတူ ဆိုင်ကယ် မောင်းနှင်၍ ကျွန်တော် တက်ရောက်ခဲ့ပါသည်။ မိုးရာသီကာလ ပုပ္ပားတောင် ပတ်ဝန်းကျင် ရှုခင်းအလှများနှင့် ခရီးသွားပုံရိပ်များအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးထားခဲ့သည်များထဲမှ ကောင်းနိုးရာရာ မြင်ကွင်းတချို့ကို ဖော်ပြလိုက်ပါသည်။



ပုပ္ပားတောင် အမြင့် ၄၉၈၁ ပေ နေရာတွင် တည်ထားသည့် စေတီတော်အား ဖူးမြင်ရစဉ်။




ပုပ္ပားတောင်အား ကျောက်ပန်းတောင်း - ပုပ္ပားကားလမ်းတစ်နေရာမှ မြင်ကွင်း။




ပုပ္ပားတောင်ပေါ်မှ နီးကပ်စွာမြင်တွေ့ရသည့် မိုးတိမ်တိုက်များ။



ပုပ္ပားတောင်ပေါ်တွင် ပေါက်ရောက်သည့် ဒေသအခေါ် မာလာဖူး (ခ) နနွင်းရိုင်းပင်များ။



ပုပ္ပားတောင်ပေါ်သို့ ခြေကျင်တက်ရောက်နေသူ တစ်ဦးအား တွေ့မြင်ရစဉ်။



ပုပ္ပားတောင်ကလပ်ကို ပုပ္ပားတောင်ပေါ်မှ အသွင်တစ်မျိုးဖြင့် မြင်တွေ့ရစဉ်။



မိုးတိမ်တိုက်များအောက်ရှိ ပုပ္ပားတောင်ကလပ်ကို ပုပ္ပားတောင်ပေါ်မှ မြင်တွေ့ရစဉ်။

# (၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနား ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

(၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း၌ ဇွန် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကျင်းပနိုင်ရန် ယမန်နေ့က ဆူးလေရှန်ဂရီလာ၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အပြည်ပြည်ဆိုင်ရာယောဂနေ့ဖြစ်သည့် ဇွန် ၂၁ ရက်တွင် ယောဂပညာရပ်ကို သရုပ်ပြကစားရန်အတွက် ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းပေါင်း ၃၀ ကျော်ကို ဖိတ်ခေါ်ထားကြောင်း သိရသည်။ ကမ္ဘာနှင့် တစ်ဝန်းသရုပ်ပြလေ့ကျင့်မည့် ယောဂပညာရပ်သရုပ်ပြ အစီအစဉ်များကို အိန္ဒိယသံရုံးမှ အဓိက ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

"ယောဂပညာရပ်ဟာ လူတစ်ဦး မွေးတာကနေ သေတာအထိ ဘယ်လိုနေထိုင်သွားရမလဲဆိုတာကို အကုန်သင်ပေးတဲ့ ပညာရပ်တစ်ခုဖြစ်တယ်" ဟု မြန်မာနိုင်ငံတွင် ယောဂပညာရပ် ပြန့်ပွားရေးကြိုးပမ်းဆောင်ရွက်နေသူ တစ်ဦးဖြစ်သည့် ဦးခင်မောင်ဆွေက ပြောသည်။

ဇွန် ၂၁ ရက်တွင် ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အတွင်း နံနက် ၆ နာရီမှ ၈ နာရီအထိ သရုပ်ပြလေ့ကျင့်မှုများကို ပြုလုပ်မည်ဖြစ်ပြီး လာရောက်လေ့ကျင့်သူ ၇၀၀ နီးပါးခန့်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ ယောဂအသင်းက ပြည်သူ့ရင်ပြင်၊ ပန်းကန်လုံးကျွန်း၊ ဗန္ဓုလပန်းခြံတို့တွင် ယောဂပညာရပ် ပြန့်ပွားရေးအတွက် အခမဲ့သင်ကြားပေးလျက်ရှိသည်။

နှစ်စဉ် ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာယောဂနေ့ သတ်မှတ်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ကမ္ဘာ့ကုလသမဂ္ဂသို့ တင်ပြခဲ့ရာ နိုင်ငံပေါင်း ၁၇၀ ကျော်က ထောက်ခံခဲ့သည်။ ထိုသို့ဖြင့် ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ် ဇွန်လ ၂၁ရက်နေ့ကို အပြည်ပြည်ဆိုင်ရာယောဂနေ့အဖြစ် သတ်မှတ်၍ အခမ်းအနားများ စတင်ကျင်းပခဲ့သည်။

**ထင်ပေါ်ဝင်း**



အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကျင်းပနိုင်ရန် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပစဉ်။

# ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**ဟားခါး ဇွန် ၁၇**

ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် IOM တို့ ပူးပေါင်းကျင်းပသည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံးက ပြည်နယ်အတွင်း သဘာဝဘေးန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ကို UPDATE ရေးဆွဲဆောင်ရွက်မည်ဖြစ်သည့် အတွက် မိမိတို့ချင်းပြည်နယ် ရေမြေရာသီဥတု ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်းပြီး ဘေးအန္တရာယ်လျော့ပါးရေး၊ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေး စသည့်ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာများကို ဆွေးနွေးပေးကြရန်နှင့် ဆွေးနွေးပွဲမှ ရရှိသောရလဒ်များကိုအခြေခံကာ မိမိဒေသ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ချင်းပြည်နယ်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲရခြင်းဖြစ်ကြောင်း တက်ရောက်လာသူများက ပူးပေါင်းပါဝင်ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် IOM မှ အမျိုးသားအစီအစဉ်အရာရှိ ဒေါ်အေးသိမ့်သူက ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်များ၊ ထိခိုက်ဆုံးရှုံးနိုင်မှုအခြေပြုမြေပုံရေးဆွဲခြင်းနှင့် သဘောတရားများ၊ ချင်းပြည်နယ် ကနဦးထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်မူကြမ်း ဖော်ထုတ်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များအပေါ် တက်ရောက်လာသူများက ဆွေးနွေးကြသည်။

**ခရိုင် (ပြန်/ဆက်)**



ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးနေစဉ်။

# မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ် တွေ့ရှိရပါက နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊

(၇) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သတင်းပို့ရန်၊

(၈) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ရေဦးမြို့၌ ဓမ္မစကူးသင်တန်းဖွင့်

**ရေဦး ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဓမ္မစကူးဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဆရာတော်အမှူးပြုဖွင့်လှစ်သော အပတ်စဉ်ဓမ္မစကူး ဗုဒ္ဓဘာသာသင်တန်း အမှတ်စဉ်(၇)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မင်္ဂလာရာမပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းဆောင်ပထမထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဓမ္မစကူးတာဝန်ခံဆရာတော် ဦးဝိစိတ္တသာရက ဓမ္မစကူးလုပ်ငန်းစဉ်များကို လျှောက်ထားခဲ့ပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖိုးကျော်က ဓမ္မစကူးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် သာသနာရေးလုပ်ငန်းဆိုင်ရာများ လျှောက်ထားခဲ့သည်။ အဆိုပါ သင်တန်းတွင် KG တန်းနှင့် သတ္တမတန်းကျောင်းသား ကျောင်းသူ ၈၀၄ ဦးရှိကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၇-၆-၂၀၁၉**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၂၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၂၅ ကျပ် | ၈၄၅/၈၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၀ · ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၆ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၅ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၉ · ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၁ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၀၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ · ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၈၉၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# ညောင်ရွှေယဉ်ကျေးမှုပြတိုက်နှင့် ရှမ်းစော်ဘွားဝတ်စုံများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် ရှမ်းတိုင်းရင်းသားသွေးချင်းများသည် ‘ရှမ်းကိုးဆက် ကိုးစော်ဘွား’ ဟူသည့် စကားအတိုင်း မောကိုးပြည်ထောင်ကို တည်ထောင်စိုးစံခဲ့ကြသည်။ မောကိုးပြည်သည် မိုးကောင်း၊ မိုးညှင်း၊ သောင်သွပ်၊ မိုးမိတ်၊ မိုးနဲ၊ သိန်းနီ၊ မိုင်းပဲ၊ ညောင်ရွှေနှင့် သီပေါတို့ ဖြစ်ကြသည်။

ပထမအင်းဝခေတ် ခရစ်နှစ် ၁၅၄၂ ခုနှစ်တွင် ရှမ်းတိုင်းရင်းသား အုန်းပေါင်ခုံမှိုင်းသည် အင်းဝဘုရင်အဖြစ် ထီးနန်းစံချိန်တွင် ရှမ်းပြည်နယ်ဒေသများကို အုပ်ချုပ်ရန် သားတော်၊ ညီတော်များကို မိမိကိုယ်စား ထားရှိခဲ့သည်။ ယင်းတို့ကို ရှမ်းဘာသာစကားဖြင့် စောင်ဖဖြင့် ခေါ်ဆိုရာမှ မြန်မာဝေါဟာရ စော်ဘွား ဖြစ်လာခဲ့သည်။ ရှမ်းစော်ဘွားများသည် မြန်မာဘုရင်များကဲ့သို့ပင် ထီးဖြူ၊ မကိုဋ်၊ သန်လျက်၊ သားမြီးယပ်နှင့် ဟင်္သာခြေနင်းဟူသည့် မင်းမြောက်တန်ဆာငါးပါးကို ဆင်ယင်ခဲ့ကြသည်။

ရှမ်းစော်ဘွားများသည် ဟော်နန်းများတွင် စံခဲ့ကြသဖြင့် စော်ဘွားများ မရှိတော့ချိန်တွင် ဟော်နန်းများနှင့် စော်ဘွားများ၏ အသုံးအဆောင်များသည် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ကျန်ရှိခဲ့သည်။ ယင်းတို့ကိုစုစည်း၍ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာ အသုံးအဆောင် ပစ္စည်းများနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ ပြတိုက်များတွင် ထိန်းသိမ်းပြသထားရာ ညောင်ရွှေပြတိုက်သည်လည်း အပါအဝင်ဖြစ်သည်။

### ညောင်ရွှေနှင့် စော်ဘွားဟော်

ရှမ်းပြည်နယ် တောင်ကြီးခရိုင်တွင်ပါဝင်သည့် ညောင်ရွှေသည် ရန်ကုန်မြို့မှ ၆၀၂ ကီလိုမီတာနှင့် တောင်ကြီးမြို့မှ ကီလိုမီတာ ၃၀ ကွာဝေးကာ အင်းလေးကန်သို့ လာရောက်ကြသည့် ပြည်တွင်း ပြည်ပခရီးသည်များ ဝင်ရောက်ကြရသည့် မြို့ဖြစ်သည်။ ညောင်ရွှေမြို့သည် အရှေ့ဘက်တွင် တောင်ကြီးနှင့် ဆီဆိုင်၊ အနောက်ဘက်တွင် ကလောနှင့် ပင်လောင်း၊ တောင်ဘက်တွင် ဖယ်ခုံနှင့် မြောက်ဘက်တွင် တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ် ထိဆက်နေသည်။

၅၆၁ စတုရန်းမိုင် ကျယ်ဝန်းသည့် ညောင်ရွှေမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ မြင့်သည်။ ညောင်ရွှေမြို့နယ်ကို ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၃၅ အုပ်စု၊ ကျေးရွာ ၄၄၅ ရွာဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၇ အောက်တိုဘာလတွင်ထုတ်ပြန်သည့် စာရင်းများအရ မြို့နယ်လူဦးရေ ၁၇၁၄၅၉ ဦးတွင် အင်းသားလူမျိုးများက ၆၉ ရာခိုင်နှုန်းနှင့် ပအိုဝ်းလူမျိုးများက ၁၃ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။

ခရစ်နှစ် ၁၃၅၉ ခုနှစ်တွင် စော်ဘွား ဆီဆိုင်ဖက တည်ထောင်ခဲ့သည့် ညောင်ရွှေမြို့ကို ရှမ်းဘာသာဖြင့် ‘ယောင်ဟွေ’ ဟု ခေါ်ဆိုကာ တောင်နှစ်လုံးအကြား၌ တည်ရှိသည့် ကုန်းမြေမြင့်ဟု အဓိပ္ပာယ်ရှိသည်။

ညောင်ရွှေမြို့နယ်၌ အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦး၊ အလိုတော်ပေါက်၊ ရွှေအင်းတိန်ဘုရားနှင့် ညောင်ရွှေမြို့ပေါ်ရှိ ရတနာမာန်အောင်ဘုရား အပါအဝင် စေတီ ဘုရားပုထိုး ၁၀၁၃ ဆူရှိသည်။ညောင်ရွှေမြို့နယ်၏ သမိုင်းဝင် အဆောက်အအုံသည် နန္ဒဝန်ရပ်ရှိ ယဉ်ကျေးမှုပြတိုက် (ညောင်ရွှေဟော်) ဖြစ်ပေသည်။

ညောင်ရွှေဟော်ကို စော်ဘွားကြီး ဆာစောမောင်က ၁၉၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ ၁၀ နှစ်ကြာမြင့်ခဲ့ပြီး ၁၉၂၃ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် ပြီးစီးခဲ့သည်။ ထိုစဉ်က ဆောက်လုပ်မှုကုန်ကျစရိတ်သည် ငွေကျပ် သုံးသိန်း ဖြစ်သည်။ သို့သော် ဟော်ဆောက်လုပ်မှုလုပ်ငန်းသည် ပြည့်စုံမှုမရှိခဲ့ဘဲ အချို့နေရာများတွင် တစ်ပိုင်းတစ်စ ကျန်ရှိနေခဲ့သည်။ ထို့ကြောင့် မောက်မယ်စော်ဘွား စဝ်ခမ်းလှိုင်က မန္တလေးနန်းတော်ပုံစံနှင့် ရှေးခေတ်က တည်ဆောက်ခဲ့သည့် ရှမ်းစော်ဘွားများ၏ ဟော်နန်းပုံစံများကို ပေါင်းစပ်လျက် ညောင်ရွှေဟော်ကို ပုံစံရေးဆွဲခဲ့သည်။ လက်သမားဆရာ ဦးပိုခေါ် ဦးထွန်းအောင် ဦးဆောင်လျက် ညောင်ရွှေဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသား လက်မှုပညာရှင်များက ညောင်ရွှေဟော်ကို တည်ဆောက်ခဲ့သည်။

ယခု ညောင်ရွှေမြို့ကျောက်တိုင်ကွင်းနေရာတွင် ယခင်က ဟော်ဟောင်းရှိခဲ့ကာ ၁၉၀၈ ခုနှစ်က ညောင်ရွှေမြို့တွင် လောင်ကျွမ်းခဲ့သည့် မီးလောင်မှုကြောင့် ပျက်စီးသွားခဲ့သည်။

လက်ရှိ ညောင်ရွှေဟော်ကို တိုင် ၂၁၆ လုံးဖြင့် တည်ဆောက်ခဲ့ကာ အရှေ့မှ အနောက်သို့ ပေ ၂၀၀၊ တောင်မှ မြောက်သို့ ၁၉၄ ပေရှိသဖြင့် စတုရန်းပုံဖြစ်ကာ အရှေ့အရပ်သို့ မျက်နှာပြုသည်။ ဘုံခုနစ်ဆင့်ပါရှိသည့် နှစ်ထပ်ဟော်နန်းတွင် အဓိက အဆောင် သုံးဆောင်ကို ထည့်သွင်း တည်ဆောက်ခဲ့ရာ ကန်တော့ခံဆောင်သည် တစ်နှစ်လျှင် နှစ်ကြိမ် ရှမ်းစော်ဘွားများ ကန်တော့ခံသော အဆောင်ဖြစ်ကာ ပလ္လင်တစ်ခု ထားရှိသည်။ အင်းလေး ဖောင်တော်ဦးရုပ်ပွားတော်များသည် ဒေသစာရီကြွချိန်တွင် ညောင်ရွှေဟော် ကန်တော့ခံဆောင်ရှိ ပလ္လင်ထက်၌ သီတင်းသုံးလေ့ရှိသည်။

အပြင်ညီလာခံဆောင်မှာမူ ပြည်သူများနှင့်သက်ဆိုင်သည့် အရေးကိစ္စများကို စော်ဘွားနှင့် မှူးမတ်များ တိုင်ပင် ဆွေးနွေးသည့်နေရာဖြစ်ကာ အတွင်းညီလာခံဆောင်သည် စော်ဘွားကြီးနှင့် မဟာဒေဝီတို့က မိသားစုအတွင်းရေး၊ နန်းတွင်းရေး၊ နယ်ပယ်ရေး၊ ဘာသာသာသနာရေး ကိစ္စများကို သားတော်၊ သမီးတော်များ၊ ယုံကြည်စိတ်ချရသည့် အမတ်များနှင့် တွေ့ဆုံစည်းဝေးသော ခန်းမဆောင်ဖြစ်သည်။ ရှမ်းပြည်နယ်စော်ဘွားများသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် ပင်လုံစာချုပ်အရေးကိစ္စများကို ညောင်ရွှေဟော်အတွင်း ညီလာခံဆောင်၌ ကြိုတင်ညှိနှိုင်း ဆွေးနွေးခဲ့သည်။



ညောင်ရွှေယဉ်ကျေးမှုပြတိုက်

ညောင်ရွှေဟော်၌ အဓိက အဆောင်တော် သုံးခုအပြင် တောင်ဘက်တွင် မယ်တော်ဆောင်နှင့် မိဖုရားဆောင်(တောင်ထားဝယ်ဆောင်)၊ မြောက်ဘက်တွင် စော်ဘွားကြီးဆောင် (မြောက်ထားဝယ်ဆောင်)နှင့် သားတော်ဆောင်များ ပါရှိသည်။ စော်ဘွားကြီးနှင့် မဟာဒေဝီတို့သည် မြောက်ထားဝယ်ဆောင်၌ နေထိုင်ခဲ့ကြသည်။

ဟော်မြေညီထပ် အလယ်၌ သံချောင်းလုံးများဖြင့် ပတ်လည်ကာရံထားသော ၁၀ ပေပတ်လည် စတုရန်းပုံအခန်းကို ငွေတိုက်ဟု ယူဆကြကာ ဂျပန်ခေတ်တွင်မူ ယင်းအခန်းကို ကင်ပေတိုင်ရုံးခန်းအဖြစ် အသုံးပြုခဲ့သည်ဟုလည်း ဆိုကြသည်။

ညောင်ရွှေ စော်ဘွားဆက်သည် ဆီဆိုင်ဖမှ စဝ်ရွှေသိုက်အထိ ၃၃ ဆက်ရှိခဲ့ပြီး ညောင်ရွှေ ပထမဆုံးစော်ဘွားကြီး ဆီဆိုင်ဖသည် ခရစ်နှစ် ၁၃၅၉ ခုနှစ်မှ ၁၄၃၄ ခုနှစ်အထိ ၇၅ နှစ်ကြာ အုပ်ချုပ်ခဲ့သဖြင့် ညောင်ရွှေစော်ဘွားဆက်တွင် နှစ်အရှည်ဆုံးအုပ်ချုပ်ခဲ့သည့် စော်ဘွားကြီးဖြစ်ပေသည်။

ညောင်ရွှေဟော်ကို ညောင်ရွှေယဉ်ကျေးမှုပြတိုက်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဖွင့်လှစ်ပြသခဲ့ပြီး ယခုအချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

### အမျိုးသားပြတိုက်နှင့် စော်ဘွားဝတ်စုံများ

ကမ္ဘာတစ်ဝန်းတွင် ပြတိုက်ပေါင်း ၅၅၀၀၀ ကျော်ရှိသည့် အနက် အမျိုးသားပြတိုက်များ၌ နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကို ဖော်ညွှန်းသည့် ပြကွက်များ ပြသ သဖြင့် နိုင်ငံတိုင်းမှ အမျိုးသားပြတိုက်များသည် ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်ကြည့်ရှု လေ့လာကြရသည့် နေရာတစ်ခု ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ပြတိုက်ကြီးနှစ်ခုသည် ရန်ကုန်နှင့် နေပြည်တော်တွင် တစ်ခုစီ တည်ရှိကြသည်။

ပြတိုက် ဟူသည့် ဝေါဟာရကို မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)တွင် ပညာလိုက်စားသူအပေါင်းတို့အတွက် အဘက်ဘက်မှ အကူအပံ့ဖြစ်စေသော ပစ္စည်းအမျိုးမျိုးတို့ကို သိုမှီးပြသထားရာ အဆောက်အအုံဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အခြေခံပြတိုက်ပညာ စာအုပ်တွင် ပြတိုက်သည် ရှေးဟောင်းပစ္စည်းများသို့မဟုတ် အမှတ်တရ မှတ်တမ်းတင်ထားရှိရမည့် ပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းထားပြီး အများပြည်သူများ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီးဟု ဖော်ပြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက် များစွာသော မြန်မာ့ နန်းသုံးတော်ဝင်ပစ္စည်းများသည် ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားခဲ့သည်။ ယင်းတို့အနက် သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ ယူဆောင်ပြီး ကလကတ္တားပြတိုက်တွင် ထားရှိခဲ့ရာမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုသည့် ဆန္ဒရှိကြောင်း ဗြိတိသျှဘုရင် ဂျော့ထံ အကြံပြုခဲ့သည်။ ဘုရင်က သဘောတူညီခဲ့သဖြင့် သီဟာသနပလ္လင်သည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကာ လော့ဒ်မောင့်ဘက်တန်က မြန်မာနိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ထံသို့ ၁၉၄၈ ခုနှစ် မတ်လ ၁၂ ရက်က လွှဲပြောင်းပေးခဲ့သည်။

ထိုအချိန်က အမျိုးသားပြတိုက် မရှိသေးသဖြင့် သီဟာသနပလ္လင်ကို ရန်ကုန်မြို့အလုံလမ်းရှိ သမ္မတအိမ်တော်တွင် ထားရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဦးဝိစာရလမ်းရှိ ဂျူဗလီခန်းမသို့ ပြောင်းရွှေ့ပြသခဲ့သည်။ သီဟာသနပလ္လင်နှင့် ရှေးဟောင်း အနုပညာပစ္စည်းအနည်းငယ်ကို ပြသခဲ့သည့် ဂျူဗလီခန်းမသည် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားပြတိုက် ဖြစ်လာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားပြတိုက်ကို ဂျူဗလီခန်းမမှ ပန်းဆိုးတန်းလမ်းရှိ ဂရင်းလေးဘဏ်ဟောင်း (ယခု စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဘဏ်)နေရာသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အများပြည်သူများအား ဖွင့်လှစ် ပြသခဲ့သည်။

အထပ်ငါးထပ် ပါဝင်၍ အလျား ပေ ၃၈၀ နှင့် အနံ ပေ ၂၀၀ ရှိသော လက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)ကို ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၆၆/၇၄)တွင် ၁၉၉၀ ပြည့်နှစ်က အုတ်မြစ်ချ တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကာ ပန်းဆိုးတန်းလမ်းမှ အမျိုးသားပြတိုက်ကို ပိတ်သိမ်းခဲ့သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်များသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေရာတည်းတွင် လေ့လာနိုင်သည့်နေရာများ ဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ အပါအဝင် မြန်မာနိုင်ငံသားများသာမက ပြည်ပခရီးသွားဧည့်သည်များပါ နေ့စဉ် လာရောက်လျက်ရှိသည်။ အမျိုးသားပြတိုက်များတွင် အခါအားလျော်စွာ စာတမ်းဖတ်ပွဲများ၊ ပြပွဲများကို ကျင်းပပေးခြင်းဖြင့် ပြတိုက်များအပေါ် စိတ်ဝင်စားမှုများ တိုးတက်မြင့်မားလာခဲ့သည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် ဇွန် ၉ ရက်မှ ဇွန် ၁၈ ရက်အထိပြသခဲ့သည့် ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲကို စိတ်ဝင်စားသူများစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ ယင်းပြပွဲတွင် ညောင်ရွှေ ယဉ်ကျေးမှုပြတိုက်၌ စုဆောင်းထိန်းသိမ်း ပြသထားသည့် စော်ဘွားများ၏ ဝတ်စုံ ၁၃၈ မျိုးအနက် ဝတ်စုံ ၃၀ ကို ပြသခဲ့သည်။

### ညောင်ရွှေဟော်မှ စော်ဘွားဝတ်စုံများ

ညောင်ရွှေယဉ်ကျေးမှုပြတိုက်တွင် စုဆောင်းထားရှိသည့် စော်ဘွားဝတ်စုံနှင့် အသုံးအဆောင် ၁၃၈ မျိုးကို ပိုးမွှား ကင်းစင်၍ သန့်ရှင်းနေစေရန်၊ တာရှည်ခံနိုင်ရေးအတွက် ထိန်းသိမ်းထားနိုင်ရန်နှင့် ပြသမှုအတွက် အဆင်ပြေရန် ပြင်သစ်နိုင်ငံသို့ ခေတ္တ ပို့ဆောင်၍ သန့်ရှင်းရေးပြုလုပ်စေလိုကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် လမ်းညွှန်ခဲ့မှုကို ရှမ်းပြည်နယ်အစိုးရက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြခဲ့သည်။ ထို့ကြောင့် ဝတ်စုံများကို ပြင်သစ်နိုင်ငံသို့ ပို့ဆောင်ရန် လိုမလို အဖွဲ့ဖွဲ့စည်း၍ အမျိုးသားပြတိုက် (ရန်ကုန်)က စစ်ဆေးခဲ့ကာ မြန်မာနိုင်ငံ၌ပင် သန့်စင်မှုများဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ညောင်ရွှေယဉ်ကျေးမှုပြတိုက်သို့ ပဏာမ ကွင်းဆင်းလေ့လာခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောင်ဝ်ဝင်းနှင့် အဖွဲ့သည် အမျိုးသားပြတိုက်(ရန်ကုန်)သို့ ဝတ်စုံများသယ်ယူထိန်းသိမ်းရန် ဒေသခံဆရာတော်များထံမှ ဩဝါဒခံယူခဲ့သည်။ ထို့နောက် ဟော်နန်းထိန်းသိမ်းရေးအဖွဲ့နှင့် ဒေသခံ ပြည်သူများအား လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။ ဝတ်စုံများကို အမျိုးသားပြတိုက်(ရန်ကုန်)ရှိ ဓာတ်ခွဲခန်းတွင် သန့်စင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်တွင် ပထမအကြိမ် လက်ခံ၍ ရန်ကုန်မြို့သို့ သယ်ယူခဲ့သည်။

ရှမ်းစော်ဘွားဝတ်စုံများကို သန့်စင်မှုများ ပြုလုပ်ပေးပြီးနောက် ညောင်ရွှေယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသနိုင်ရန် ပြန်လည်ပေးပို့ခဲ့သည်။ ထို့နောက် ကျန်ရှိနေသည့် ဝတ်စုံများကို ဒုတိယအကြိမ်သယ်ယူကာ အမျိုးသားပြတိုက်(ရန်ကုန်)တွင် သန့်စင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့သည်။

ညောင်ရွှေယဉ်ကျေးမှုပြတိုက်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည့် ဝတ်စုံများအားလုံးကို နေရာအခက်အခဲကြောင့် တစ်ပြိုင်တည်း မပြသနိုင်သဖြင့် မပြသနိုင်သေးသည့် ဝတ်စုံများကို စနစ်တကျ ထိန်းသိမ်းထားရှိရန် ချည်ထည်သိုလှောင်ခန်း (Textile Store)ပြုလုပ်၍ ဆွဲအံများအတွင်းထားရန် လိုအပ်ခဲ့သည်။ ထို့ကြောင့် ဗီရိုအသစ်များပြုလုပ်၍ မီးများ တပ်ဆင်ကာ ဗီရိုများ၌ စက်ကိရိယာများ တပ်ဆင်ခဲ့ပြီး ဝတ်စုံများကို တစ်လှည့်စီပြသရန် စီစဉ်ခဲ့သည်။

ဒုတိယအကြိမ် သယ်ယူခဲ့သည့် ဝတ်စုံများကို သန့်စင်ပေးပြီးနောက် ၂၀၁၉ မေ ၂ ရက်တွင် ညောင်ရွှေ ယဉ်ကျေးမှုပြတိုက်သို့ ပြန်လည်ပေးပို့ခဲ့ပြီး ဆက်လက်ပေးပို့ရမည့် ဝတ်စုံ ၃၀ ကို မပေးပို့မီ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပြည်သူများအား ပြသခဲ့သည်။

### ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲ

အမျိုးသားပြတိုက်(ရန်ကုန်)သည် ယဉ်ကျေးမှု မြင်ကွင်းသစ်များကို ဖြည့်ဆည်းပံ့ပိုးပြသနိုင်ရန် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲကို ကျင်းပခဲ့သည်။ ပြတိုက်နှင့် ပြပွဲများသည် အတိတ်သမိုင်းကို ပြန်လည် ဆက်စပ်ဖော်ထုတ်ပေးသဖြင့် တစ်ချိန်က စော်ဘွားကြီးများ ဝတ်ဆင်အသုံးပြုခဲ့သည့် ဝတ်စုံများနှင့်အတူ သမိုင်းနှင့် ဝတ်စားဆင်ယင်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို မြင်တွေ့လေ့လာနိုင်ခဲ့ကြသည်။

ဝတ်စုံအများစုသည် ရှမ်းစော်ဘွားကြီးများသာမက မဟာဒေဝီ၊ အိမ်ရှေ့မင်းသား၊ အမတ်ချုပ်၊ မြို့စားမင်း၊ စစ်သူကြီး၊ ဒေသအကြီးအကဲနှင့် ကိုယ်ရံတော်တို့ ဝတ်ဆင်ခဲ့သည့် အခမ်းအနားဝတ်စုံများ၊ ဖောင်းကြွရက်လုပ်ထားသည့် ကတ္တီပါသားအင်္ကျီများ၊ ခေါင်းပေါင်း၊ ခါးစည်းကြိုး၊ ရွှေရောင်အပြားများကပ်ထားသည့် အထည်များ၊ ပန်းထိုးထားသော ရှမ်းဘောင်းဘီများ၊ ရှေးမြန်မာဘုရင်များက အရိုက်အရာအရာ ပေးအပ်ခဲ့သောအဝတ်အထည်များ ပါဝင်ခဲ့သည်။

ယင်းဝတ်စုံများတွင် ညောင်ရွှေစော်ဘွား ဆာစဝ်မောင် ဝတ်ဆင်ခဲ့သည့် ပိုးချည်ဖြင့်ရက်လုပ်၍ ရွှေချည်ငွေချည်များ ထိုးထားသည့် ဝတ်စုံနှင့် အခမ်းအနားတက် ဘရိုကိတ်ဝတ်စုံ၊ မဟာဒေဝီ ဝတ်ဆင်ခဲ့သည့် ရွှေချည်၊ ငွေချည်နှင့် ဆီးကွင့်ထိုးထားသည့် ပိုးထည်ကတ္တီပါဝတ်စုံများကို ပြသထားရာ ပန်းဒီဇိုင်းပုံစံ ရွှေငွေဆီးကွင့် များကို အသေးစိတ် ကြည့်ရှု လေ့လာနိုင်ခဲ့ကြပေသည်။

ထို့အတူ အိမ်ရှေ့မင်းသား ဝတ်စုံ၊ စစ်သူကြီးဝတ်စုံ၊ အမတ်ချုပ်ဝတ်စုံ၊ ကိုယ်ရံတော်ဝတ်စုံနှင့် ညောင်ရွှေစော်ဘွားကြီး ဝတ်ဆင်ခဲ့သည့် အနားတွင် အမြိတ်များထည့်ထားသော ပိုးဘောင်းဘီရှည်တို့ကို ပြသခဲ့သည်။ မိုင်းရှူးစော်ဘွား စဝ်မန်ဖနှင့် ရပ်စောက်စော်ဘွား၊ မိုင်းပွန်စော်ဘွားတို့၏ ဝတ်စုံများ၊ မိုင်းပျိုးမြို့စား စဝ်မောင်ကြယ်၏ ဝတ်စုံ၊ စဝ်ခေးဆစ်၏ ရှေးဟောင်းဝတ်စုံတို့အပြင် ခါးစည်းအဝတ်ကြိုး၊ ခေါင်းပေါင်းပိတ်စ၊ ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်၊ မဟာဒေဝီနှင့် အိမ်ရှေ့မင်းသားတို့ စီးခဲ့သည့် သားရေကို ကတ္တီပါကွပ်ကာ သတ္တုချည်မျှင်ဖြင့် ပန်းထိုးထားသည့် ဟင်္သာခြေနင်းများကိုလည်း မြင်တွေ့ခဲ့ရသည်။

တိုင်းရင်းသားများ၏ ဝတ်စုံများသည် မျိုးနွယ်စုတစ်စု ပိုင်ဆိုင်သော နယ်ပယ်၊ ပထဝီဝင်၊ ရာသီဉတု၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ အစဉ်အလာတို့အပေါ်တွင် မူတည်၍ ကွဲပြားခြားနားခဲ့ကြသည်။

### ဝတ်စုံများ ထိန်းသိမ်းခြင်း

ယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများကို ထိန်းသိမ်းကြရာတွင် မူလအတိုင်း ထိန်းသိမ်းခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း၊ လက်တွေ့ကုသ ထိန်းသိမ်းခြင်း၊ ကြိုတင်ကာကွယ်ခြင်း စသည်ဖြင့် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ကြရသည်။ သမိုင်းတန်ဖိုး၊ အနုပညာလက်ရာ၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာရေး၊ စိတ်ခံစားမှု စသည့် အကြောင်းများစွာကြောင့် ဝတ်စုံများကို ထိန်းသိမ်းရာတွင် ညောင်ရွှေယဉ်ကျေးမှုပြတိုက်မှ ဝတ်စုံများသည် မိသားစု တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်း ဝတ်ဆင်ခဲ့သည့် ဝတ်စုံများမဟုတ်သည့်အပြင် ရှေးမြန်မာမင်းများနှင့် အုပ်ချုပ်သူအကြီးအကဲများက အရိုက်အရာအရ ပေးအပ်ခဲ့သည့် အဆောင်အယောင်ဝတ်စုံများလည်း ပါဝင်ခဲ့သည်။

၁၉ ရာစုနောက်ပိုင်းတွင် ထိန်းသိမ်းရေး နည်းစနစ်များ ပြောင်းလဲခဲ့ကာ အဝတ်အထည်များ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှေးဟောင်းပစ္စည်း စုဆောင်းရောင်းဝယ်သူများနှင့် ထိန်းသိမ်းကုသရေးပညာရှင်(Restorer)များက ဆောင်ရွက်ခဲ့ကြရပြီး မူလ အခြေအနေအတိုင်းရရှိရန် ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ရှမ်းစော်ဘွားကြီးများ အပါအဝင် အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များ ဝတ်ဆင်အသုံးပြုခဲ့သည့် ဝတ်စုံများကို ထိန်းသိမ်းရာတွင် ပျက်စီးနေသည့်ဝတ်စုံများကို အတတ်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ပြုပြင်ထိန်းသိမ်းခဲ့သည်။

တစ်ချိန်က ရှမ်းတိုင်းရင်းသားများ၏ ခေါင်းဆောင်များဖြစ်သည့် စော်ဘွားကြီးများ၏ ဝတ်စားဆင်ယင်မှုများကို ပြသခဲ့သည့် ရှမ်းစော်ဘွားကြီးများ၏ ရှားပါးဝတ်စုံပြပွဲသည် ရှမ်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှု တစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်ပြသခဲ့သည့် ပွဲတစ်ခု ဖြစ်ခဲ့ပေသည်။ ။

## ငါးသိုင်းချောင်းမြို့၌ ရေကာတာပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိ

**ငါးသိုင်းချောင်း ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ မိုးရာသီကာလဝင်မြစ်ရေကြီးမြင့်စဉ် ရေကာတာထိန်းသိမ်းပြုပြင်ခြင်းနှင့်ရေဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းများအတွက် ရေဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို ဇွန်လဒုတိယပတ်က ငါးသိုင်းချောင်းမြို့ ဝဝန်ရေကာတာ ဗောဓိရေကင်းစခန်းအမှတ် (၂) တာမိုင် ၄၆ တွင် ကျင်းပခဲ့ရာ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ မြို့သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာတမံထိန်းသိမ်းနည်း၊ တာတမံဥပဒေ၊ နည်းဥပဒေများ၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရေကာတာရေခွေကတုတ်ရိုက်ထိန်းသိမ်းနည်း၊ တာအိတာလျှော ထိန်းသိမ်းနည်းလက်တွေ့သရုပ်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့အတွင်း၌ မြို့မရပ်ကွက်ဝဝန်ရေကာတာ(အရန်တာ)နှင့် ဝဝန်မြစ်ကမ်းနားရေကာတာ နှစ်ခုကြားရှိ စည်ပင်သာယာမြို့မဈေးကြီးအပါအဝင် ရပ်ကွက်လူနေအိမ်ခြေ ၂၀၀ ကျော် မိုးရာသီကာလ မိုးရေကြီးမြင့်နစ်မြုပ်မှုမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဝဝန်ရေကာတာ (အရန်တာ) တာမိုင်(၄၆/၇) နှင့် (၄၇/၀) ကြား၌ အကျယ် လေးပေ အမြင့် ငါးပေ အရှည်ပေ၅၀၊ မိုးရေထုတ်ပြွန် (Box Culvert) တစ်ခုတည်ဆောက်ခြင်း၊ အရန်တာမြေသားထိန်း လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝဝန်ရေကာတာနှင့် ဗောဓိရေကင်းစခန်းတာမိုင် (၄၆/၀ ၄၆/၁)ကြားသို့ ဆက်သွယ်ရာ ရွှေဘိုရပ်ကွက် ရွှေဘိုတန်းလမ်းကို အရှည်ပေ ၂၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုနှစ်မိုးရာသီကာလမတိုင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးခဲ့သည်။



ရေဘေးကြိုတင်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားမှုများအား တာဝန်ရှိသူတို့ စစ်ဆေးစဉ်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မိုးရာသီကာလ၌ ရေကြည်မြို့နယ်အတွင်း ဝဝန်ရေကာတာ၌ ဌာနရေကင်းစခန်း လေးခုဖွင့်လှစ်ထားရှိခြင်းနှင့် ပုံမှန်ရေကာတာထိန်းသိမ်းစောင့်ရှောက်ခြင်းအပြင် အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းချိတ်ဆက်၍ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ပူးပေါင်းစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်က ပြောသည်။

**စိုးမင်းဦး (ပြန်/ဆက်)**

## ရွှေဂူကြီး ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဒုတိယအကြိမ် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

**ထီးချိုင့် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ အမှတ် ၃ ရပ်ကွက် လေသာကျောင်းတိုက် ရွှေဂူကြီးဆုတောင်းပြည့်စေတီတော်မြတ် (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဒုတိယအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို ၁၃၈၁ ခုနှစ် နယုန်လဆန်း ၁၄ ရက် ညနေ ၄ နာရီက ထီးချိုင့်မြို့ လမ်းဆုံ၌ ကျင်းပ ရာ နိဗ္ဗာန်ဈေးပွဲတော် ဆိုင်းဘုတ်အား လေသာကျောင်းဆရာတော် ဦးဣဿရနှင့် ဆရာတော် ဦးကုသုမတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ရွှေဂူကြီး ဆုတောင်းပြည့်စေတီ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်၌ ဒေသခံများဖြင့် စည်ကားနေစဉ်။

နိဗ္ဗာန်ဈေးပွဲတော်တွင် စေတနာရှင် အလှူရှင် ၅၉ ဦးတို့က ကျောက်ကျော၊ ရေခဲမုန့်၊ အအေးမျိုးစုံ၊ မုန့်တီ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကော်ဖီအေး၊ အချဉ်ပေါင်း၊ လက်ဖက်ထမင်း၊ ကောက်ညှင်းပေါင်း အာလူးသုပ်၊ ပင်လယ်စာ စသည့်မုန့်တို့ကို စတုဒိသာကျွေးမွေးရာလာရောက်စားသုံးသူများပြားပြီး စည်ကားလျက်ရှိကြောင်း သိရသည်။

**ရဲလင်းထွန်း (ပြန်/ဆက်)**

## လားရှိုးမြို့နယ်၌ ငမြောင်တောင်ပိုး ကျရောက်မှု ကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေး

**လားရှိုး ဇွန် ၁၇**

လားရှိုးမြို့နယ် ပုန်းထွန်ကျေးရွာရှိ အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် ဖောငမြောင်တောင်ပိုးကျရောက်မှု ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်း လှိုင်းခမ်း၊ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးမြကျော်၊ ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုးနှင့် တောင် သူများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖော ငမြောင်တောင်ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းပညာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တောင်သူ ဦးကျော်ဆွေလင်း၏ အစေ့ထုတ်ပြောင်းစိုက်ခင်းတွင် ပိုးဥရှာခြင်း၊ ပိုးကောက်ခြင်း၊ ပိုးသတ်ဆေးအန္တရာယ်ကင်းစွာကိုင်တွယ်နည်း၊ ဆေးဖျော်နည်းလက်တွေ့ပြသခြင်း၊ စုပေါင်းဆေးဖျန်းခြင်းတို့ကို ဒုတိယပြည်နယ်ရုံး၊ ခရိုင်မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ကလေးစာဖတ်ခန်း၌ တို့ပတ်ဝန်းကျင် ချစ်ခင်ကြပါစို့ စာအုပ်ဖြင့် ကလေးစာဖတ်ဝိုင်း ကျင်းပ

**ဒေးဒရဲ ဇွန် ၁၇**

ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာကြည့်တိုက်တွင် ပျော်မွေ့စေရန်နှင့် အသိပညာဗဟုသုတများ ရှာမှီးတတ်စေရန် ရည်ရွယ်၍ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ တို့ပတ်ဝန်းကျင် ချစ်ခင်ကြပါစို့ ရုပ်ပုံပြ စာအုပ်ဖြင့် ကလေးစာဖတ်ဝိုင်းကို ယနေ့နံနက်က ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်သီတာမိုးက တို့ပတ်ဝန်းကျင်ချစ်ခင်ကြပါစို့ စာအုပ်ကို ရုပ်ပုံများ ပြသ၍ ပုံပြင်ပြောပြခဲ့ရာ မခိုင်မာလာ၊ မမေသီရိကျော်နှင့် မနန္ဒာလင်းတို့က အဆိုပါ ပုံပြင်လေးအား နားထောင်ခြင်းအားဖြင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို အချင်းချင်း ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်မြင့်ခိုင် (ပြန်/ဆက်)**

## ရမည်းသင်း၌ ကျွဲ၊ နွားတိရစ္ဆာန်များ ကာကွယ်ဆေးထိုးနှံ

**ရမည်းသင်း ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်း တောင်သူများ မွေးမြူထားရှိသော ကျွဲ၊ နွားတိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျွဲ၊ နွား တိရစ္ဆာန်များတွင် ဖြစ်တတ်သော ပေါင်ပုပ်လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါအစရှိသည့် ရောဂါများအတွက် ကာကွယ်ဆေးထိုးနှံခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဆောင်၍ ဌာနဝန်ထမ်းများသည် ကျေးလက်ဒေသများသို့ ကွင်းဆင်း၍ ကာကွယ်ဆေးထိုးနှံပေးသည့်အပြင် ကျွဲ၊ နွားများ ကူးစက်ရောဂါကာကွယ်တားဆီးရေးအတွက် အသိပညာပေးဟောပြောပွဲများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ကျွဲ၊ နွား အကောင်ရေ ၂၅၉၂၀ ကို ထိုးနှံပြီးဖြစ်ကာ အကောင်ရေ ၈၆၄၀ ကိုလည်း ထပ်မံ၍ ကာကွယ်ဆေးထိုးနှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

## မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ပျော်ဘွယ်**

လူငယ်လူရွယ်များ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဟူသော ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပခြင်းကို ဇွန် ၁၆ ရက်က ပျော်ဘွယ်မြို့ရှမ်းပွဲရပ်ကွက် ရွှေပြည်သာ ဘုရားဝင်းအတွင်းရှိ မိဂဒါဝုန်ဓမ္မဗိမာန်ကျောင်းတော်၌ ကျင်းပသည်။

ရှမ်းပွဲရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေလင်းဦးက ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသည့် မိဘ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ဦးဆောင်ဆွေးနွေးသူများ၏ ဆွေးနွေးချက်များကို သေချာစွာလေ့လာမှတ်သားကာ ပြန်လည်မေးမြန်းတတ်စေရေးတို့ကို ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်လွင်၊ မြို့နယ်တွဲဖက်ဥပဒေအရာရှိ ဒေါ်မေသူထွန်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာပြည့်ဖြိုးအောင်၊ လက်ထောက်ပညာရေးမှူး ဦးမြအောင်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်တင်တို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာမည့်အန္တရာယ်များ၊ ဥပဒေပုဒ်မများ၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ၊ နိုင်ငံအတွင်းမူးယစ်ဆေး ဖြတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

**မင်းမင်းထွေး (ပျော်ဘွယ်)**

**ပင်လည်ဘူး**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းအခမ်းအနားကို ဇွန် ၁၆ ရက်က ပင်လည်ဘူးမြို့နယ်နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း ဒုရဲအုပ်မိုးကြယ်နှင့် တာဝန်ရှိသူတို့က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားကာ ကျောင်းသားကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများအား မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကာ ကျန်းမာရေးမကောင်းသည့် ကျောင်းသားကျောင်းသူများအား မြန်မာ့တိုင်းရင်းဆေး စားဆေး၊ သောက်ဆေး၊ လိမ်းဆေးများပေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



ပင်လည်ဘူး၌ ပြည်သူ့စကားဝိုင်းကျင်းပစဉ်။

**မျိုးလွင် (ပင်လည်ဘူး)**

# ရေတာရှည်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရေတာရှည် ဇွန် ၁၇

**တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျေးလက်နေဒေသခံပြည်သူများ ပူးပေါင်းထည့်ဝင်ငွေကျပ် သိန်း ၁၂၀ ဖြင့်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က ပိတောက်ခင်ကျေးရွာအုပ်စု ချောင်းဂွကျေးရွာအဝင် မုခ်ဦး၌ ကျင်းပသည်။**


တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရှေးဦးစွာ အရှည်ပေ ၂၂၃၀၊ အကျယ် ၁၂ ပေ ရှိ ကျောက်ချောလမ်းသစ်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနဦးစီးမှူး ဦးမျိုးသိမ်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျောက်ချောလမ်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူးက လမ်းဖောက်လုပ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံများ၏ ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ၊ တင်ပြချက်များအပေါ် ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် သာဂရမြို့ ငါးခုံးမချောင်း အနောက်ပိုင်းရပ်ကွက်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဌာနမှထည့်ဝင်ငွေကျပ်သိန်း ၁၀၀၊ ဒေသခံများထည့်ဝင်ငွေကျပ် ၅၂ သိန်းဖြင့် တည်ဆောက်ခဲ့သော အရှည် ၇၂ ပေ၊ အကျယ် ၆ ပေ ၊ အမြင့် ၁၇ ပေရှိသည့် သံပေါင်ရက်မ ကွန်ကရစ်တံတားကို ဖွင့်လှစ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်**

# ဘားအံမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲ ကျင်းပ

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကဒိ ကျေးရွာနှင့် ကော့တာကျေးရွာသွား ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် နတ်ထိပ်ကျေးရွာအုပ်စု နောင်တုတ် မူလတန်းကျောင်း ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်သည်။


ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့ဒေသခံများနှင့် တွေ့ဆုံစဉ်။

ကော့ကဒိကျေးရွာတွင် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကော့ကဒိ ကျေးရွာနှင့် ကော့တာကျေးရွာကြား ကွန်ကရစ်လမ်းသစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပြည်နယ်ဝန်ကြီးချုပ်ရောက်ရှိစဉ်က ကျေးရွာဒေသခံများ၏ တောင်းဆိုမှုကြောင့် မိုးကာလအမီ အချိန်တိုအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ကော့ကဒိကျေးရွာ၊ ကော့မရီး (ဘုရားကုန်း)၊ ကော့တာကျေးရွာတို့ကို ဆက်သွယ်သွားနိုင်သည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများသို့ပါ အကျိုးသက်ရောက်မည့် ကျေးရွာချင်းဆက်လမ်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် နတ်ထိပ်ကျေးရွာအုပ်စု၊ နောင်တုတ်မူလတန်းကျောင်းတွင် အလှူရှင်များက ဆောက်လုပ် လှူဒါန်းသော ပေ ၈၀၊ ပေ ၃၀ တစ်ထပ် အာစီကျောင်းဆောင်သစ် ပေးအပ်ပွဲသို့တက်ရောက်ကာ ကျောင်းဆောင်သစ်ကို ပြည်နယ်ပညာရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အလှူရှင်တို့နှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နောင်တုတ်ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် ဆိုလာမီးအစုံလိုက် ဆက်ကပ်လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာပြည်သူများ၊ ပညာရေး၊ ကျန်းမာရေး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရာဒေသခံများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေစသည်တို့ကို တောင်းဆိုကြရာ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာပွန်ပီပက်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**မေတ္တာ ဇွန် ၁၇**

တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလှထွေး ဦးဆောင်သောအဖွဲ့သည် ယမန်နေ့က ထားဝယ်ခရိုင် မေတ္တာမြို့ ဟိန္ဒားကျေးရွာရှိ ဟိန္ဒားသတ္တုတွင်း၊ မြန်မာပွန်ပီပက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ Mr. Kraingkrai Chavaltanpipat၊ အထွေထွေမန်နေဂျာ ဦးခိုင်စွမ်၊ ဟိန္ဒားသတ္တုတွင်းမန်နေဂျာ ဦးဌေးအောင်၊ ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဟိန္ဒားသတ္တုတွင်း၌ ခဲသတ္တုတူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင်တွင် ထိခိုက်အန္တရာယ်ကင်းရှင်းစေရေးတို့ကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် Mr. Kraingkrai Chavaltanpipat က ခဲသတ္တုတူးဖော်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ပုံအဆင့်ဆင့်၊ ခဲသတ္တုတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ထိန်းသိမ်းရန် သတ္တုတွင်းဧရိယာအတွင်း ပင်လယ်ကဗ္ဗီးပင်၊ အော်ရေးရှားပိတောက်ပင်နှင့် အခြားအရိပ်ရအစားထိုးအပင်များ စိုက်ပျိုးထားရှိမှုတို့ကိုလည်းကောင်း၊ မိုးရာသီတွင် သတ္တုလုပ်ကွက်မှ စွန့်ထုတ်သည့် နုန်းရေများ သိုလှောင်ထားသည့် နုန်းစစ်ကန်များ ကျိုးပေါက်မှုမရှိစေရေးတို့ကို လည်းကောင်း၊ ခဲသတ္တုတူးဖော်ရေးလုပ်ကွက်တွင် မိုးသည်းထန်စွာရွာသွန်းပါက မြေပြိုလေ့ရှိသဖြင့် လုပ်ငန်းခွင်တွင် အလုပ်သမားများအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်စီမံထားရှိမှုများကို ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီးသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက လိုအပ်သည်များကို ထပ်ဆင့်မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် MPC ကုမ္ပဏီ၏ လုပ်ကွက်ဆိုက် (B) နှင့် ဆိုက် (C) များသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြိတ်မြို့နယ်၌ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

**မြိတ် ဇွန် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ယမန်နေ့က စလွန်းကျေးရွာအုပ်စုနှင့် ကဟန်းကျေးရွာအုပ်စုတို့သို့ ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အဖွဲ့သည် စလွန်းကျေးရွာတွင် သာသနာလင်္ကာရဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း၊ ကဟန်းကျေးရွာအုပ်စုတွင် တောင်ဖီလာရွာအောင်ရတနာဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း ဒေသခံများအားတွေ့ဆုံ၍ တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြပေးနိုင်ရေးနှင့် အစိုးရအဖွဲ့မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေးက လွှတ်တော်ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးမှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆွေးနွေးပေးနိုင်ရေး ပြောကြားသည်။

ဆက်လက်၍ စလွန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက စလွန်းကျေးရွာ ရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းနှင့် တံတားအဆင့်မြှင့်တင်ပေးရေး၊ ကျေးရွာဆေးပေးခန်းရရှိရေး၊ ကျေးရွာရေလုံလောက်စွာရရှိရေးအတွက် အဝီစိတွင်းတစ်တွင်း ထပ်မံတူးဖော်ပေးရေးရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့အတူ ကဟန်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများမှ စာသင်ကျောင်း ကျောင်းဆောင်လိုအပ်မှု၊ ကျေးရွာရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းအဆင့်မြှင့်တင်ရေး၊ စိုက်ပျိုးစပါးများရေနစ်မြုပ်မှုမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးနိုင်ရေး တင်ပြကြသည်။ ဒေသခံပြည်သူများ တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု၊ လုပ်ငန်းလျာထားမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူပူးပေါင်းဆောင်ရွက်ပေးရေး ရှင်းလင်းပြောကြားသည်။


တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးစဉ်။

ဆက်လက်ပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်းသန်း-မောင်းလှော် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခန့်မှန်း ရန်ပုံငွေကျပ် ၁၃ ဒသမ ၆၅ ဘီလီယံဖြင့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော တနင်္သာရီမြစ်ကူး (မင်းသန်း-မောင်းလှော်) တံတား တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မင်းသန်း-မောင်းလှော်တံတားသည် မြိတ်မြို့နယ် မင်းသန်းကျေးရွာနှင့် ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာကို ဆက်သွယ်ထားသော တံတားဖြစ်ပြီး တံတားအရှည် ပေ ၂၁၀၀၊ အကျယ် ၂၄ ပေရှိကာ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်မှ စတင်၍ တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါ တံတားတည်ဆောက်ပြီးစီးပါက ဒေသခံ ပြည်သူများ လူမှုစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် လွယ်ကူလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်သည်။

**မြိတ် (ပြန်/ဆက်)**

# တက္ကသိုလ်နှင့်ကျောင်းများအားလုံး ဆေးလိပ်ငွေ့ကင်းစင်သောနယ်မြေများအဖြစ် ကြိုးပမ်း

**ရန်ကုန် ဇွန် ၁၇**

မြန်မာပြည်တစ်ဝန်းရှိ စာသင်ကျောင်းများနှင့် တက္ကသိုလ်များတွင် ဆေးလိပ်ငွေ့ကင်းစင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်တို့တွင် ဆေးလိပ်ငွေ့ကင်းစင်သော နယ်မြေများအဖြစ် ၂၀၁၉ ခုနှစ်အတွင်း ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဆေးလိပ်ငွေ့ကင်းစင်သော နယ်မြေအဖြစ် ရန်ကုန်တက္ကသိုလ်ကို စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာအဖြစ် ကြေညာနိုင်ခဲ့သည်။ ဆေးဘက်ဆိုင်ရာ တက္ကသိုလ် ၁၈ ခုတွင် ၁၀ ခုမှ ဆေးလိပ်ငွေ့ကင်းစင်သောနေရာအဖြစ် သတ်မှတ်နိုင်ခဲ့၍ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မန္တလေးရတနာပုံတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့တွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများအဖြစ် ဖော်ဆောင်ခဲ့သည့် အတွက် ကျန်ရှိသောတက္ကသိုလ်များကို လည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

"ရန်ကုန်မြို့မှာရှိတဲ့ ကျောင်း၊ တက္ကသိုလ်အားလုံး ဆေးလိပ်ငွေ့ကင်းစင်ရေးကို စီမံချက်လုပ်ဆောင်နေတာဖြစ်တဲ့အတွက် ၂၀၁၉ ခုနှစ် နှစ်မကုန်ခင်မှာ ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေဖြစ်နိုင်အောင် ဝိုင်းဝန်းပြီး ကြိုးစားနေပါတယ်။ ၂၀၀၆ ခုနှစ်ကတည်းက ဥပဒေပြဋ္ဌာန်းထားပေမယ့် တက္ကသိုလ်၊ ကောလိပ်နဲ့အခြေခံပညာကျောင်းတွေမှာ ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေ ထူထောင်ရမည်ဆိုပြီးထားပေမယ့် လုပ်နိုင်တဲ့နေရာရှိသလို မလုပ်ဆောင်နိုင်တဲ့နေရာတွေလည်းရှိတယ်။ အထူးသဖြင့် ကျောင်းသားနဲ့ဆရာတွေလည်း လိုက်နာဖို့လိုမယ်။ ဆေးလိပ်သောက်ရမယ့်နေရာ၊ မသောက်ရမယ့်နေရာကို တိတိကျကျလိုက်နာရင် အောင်မြင်တယ်ဆိုတာကို မကွေးဆေးတက္ကသိုလ်က သက်သေပြခဲ့တာကြောင့် ကျန်တဲ့တိုင်းဒေသကြီးနဲ့ပြည်နယ်က တက္ကသိုလ်တွေကိုလည်း ဆွေးနွေးပွဲတွေလုပ်ဆောင်တဲ့ ရလဒ်က အောင်မြင်မှုတွေရလာပါတယ်။ တစ်နိုင်ငံလုံးနဲ့ဆိုရင် ၃၀ ရာခိုင်နှုန်း အောင်မြင်တယ်လို့ မျှော်မှန်းပါတယ်"ဟု ရန်ကုန်ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၏ အချက်အချာကျရာ မြို့နယ်များနှင့် အများပြည်သူသွားလာရာနေရာတို့တွင် ဆေးလိပ်ငွေ့ကင်းစင်ရေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ပူးပေါင်းကာ ဆေးလိပ်ငွေ့ကင်းစင် ရန်ကုန်မြို့တစ်ခွင် ခေါင်းစဉ်ဖြင့်ဆောင်ရွက်လျက်ရှိရာ ကျောက်တံတားမြို့နယ်သည် ဆေးလိပ်ငွေ့ကင်းစင်သောနယ်မြေအဖြစ် ၆၀ ရာခိုင်နှုန်း အောင်မြင်လျက်ရှိပြီး ယင်းနှင့်ထိစပ်နေသော မြို့နယ်ခြောက်မြို့နယ်ကိုလည်း ယခုနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာပြည်တစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် ဆေးလိပ်ငွေ့ကင်းစင်သောနယ်မြေအဖြစ် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားဆောင်ရွက်လျက်ရှိသည့် နည်းတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလည်း အမိန့်၊ ညွှန်ကြားလွှာများထုတ်ပြန်ထားရာ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ညွှန်ကြားမှုဖြင့် အောင်မြင်မှုကို ပိုမိုမြန်ဆန်စေမည် ဖြစ်ကြောင်းနှင့် ဟန်ချက်ညီစွာ ပူးပေါင်းမှုဖြင့် ဆေးလိပ်ငွေ့ကင်းစင်ရေးသည် အချိန်တိုအတွင်း အောင်မြင်မည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ သိရသည်။

**သတင်း - သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



ရန်ကုန်မြို့တွင် ဆေးလိပ်ငွေ့ကင်းစင်ရေးအောင်မြင်လျက်ရှိသည့် ကျောက်တံတားမြို့နယ်မှ အသိပေးကြော်ငြာတစ်ခုကို တွေ့ရစဉ်။

# ကန်ကြီးထောင့်မြို့နယ်၌ ကျေးရွာကွန်ကရစ်လမ်းခင်းကျင်းပြီးစီး

**ကန်ကြီးထောင့် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် SMU စီမံကိန်း ကွင်းယားကြီးကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းပြီးသွားပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေလျက်ရှိသည်။

၂၀၁၈ ခုနှစ် မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်း၏ ကျေးရွာဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ကွင်းယားကြီးကျေးရွာက အကောင်းဆုံးအဆင့်ရရှိခဲ့သည့်အတွက် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)မှ ဂုဏ်ပြု ချီးမြှင့်သော ဆုငွေထဲမှ ငွေကျပ် ၁၅၇ သိန်းဖြင့် လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ နှင့် အမြင့် ၆ လက်မရှိသော အဆိုပါကွန်ကရစ်လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကွင်းယားကြီးကျေးရွာ SMU စီမံကိန်းကော်မတီ ဥက္ကဋ္ဌက ပြောသည်။

ကွန်ကရစ်လမ်းခင်းပြီးသွားပြီဖြစ်၍ ကွင်းယားကြီး SMU စီမံကိန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ရဟန်းသံဃာများ၊ ဒေသခံများ၊ ကျောင်းသားကျောင်းသူများ၏ သွားလာရေးများအဆင်ပြေလျက်ရှိပြီး ဒေသထွက်ကုန်များကိုလည်း ဈေးကွက်သို့အချိန်တိုအတွင်း ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**နန်းထိုက် (KGD)**



ကွင်းယားကြီးကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းကို တွေ့ရစဉ်။



ရေဘေးကာကွယ်ရေး သရုပ်ပြသနေစဉ်။

# မဒေါက်မြို့၌ ရေဘေးကာကွယ်ရေးသရုပ်ပြ

**ညောင်လေးပင် ဇွန် ၁၇**

မိုးရာသီရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေရေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရေဘေးကာကွယ်ရေးတာများ မကျိုးပေါက်စေရန် ကျေးရွာ၊ ရပ်ကွက်နေပြည်သူများ ပါဝင်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေဘေးကာကွယ်ရေးသရုပ်ပြပွဲကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့မြို့မ(၁)ရပ်ကွက် ဘုရားပိုင်းရှိ စစ်တောင်းတာမိုင် (၃၈/၅)မိုင်၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လုကြည်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးသန့်ဇင်အောင်နှင့် အဖွဲ့မှ တာထိပ်ပေါ် ရေကျော်ပါက ကာကွယ်ရန်နည်းလမ်းများ၊ တာတွင်ရေပေါက် (တူးပေါက်) ပေါက်ပါက ကာကွယ်ရေးနည်းလမ်းများ၊ တာအိကျ လျှောကျမှုဖြစ်ပါက ကာကွယ်ရန်နည်းလမ်းများနှင့် သဲဗွက်ထပါက ကာကွယ်ရန် နည်းလမ်းများကို လက်တွေ့သရုပ်ပြကြသည်။

**ခင်အောင်လှိုင် (ညောင်လေးပင်)**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အထိမ်းအမှတ်ပွဲများ ပြုလုပ်

**ဒလ**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာအဆင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇွန် ၁၆ရက်က ကျန်စစ်သားရပ်ကွက် ဒလ-တွံတေးကား လမ်းမဘေးရှိ မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ မူလတန်းအဆင့် ၁၆ ဦး၊ အလယ်တန်းအဆင့် ကိုးဦး၊ အထက်တန်းအဆင့် သုံးဦးတို့က သတ်မှတ်ပေးထားသည့် ခေါင်းစဉ်များကို မဲနှိုက်၍ ကျရာခေါင်းစဉ်ကို ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများထဲမှ အဆင့် တစ်ဆင့်လျှင် သုံးဦးရွေးချယ်၍ ခရိုင်နှင့်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

**ဟိုပင်**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ လူထုအခြေပြုဇဟိုဌာနခန်းမ၌ ဇွန် ၁၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို ပန်းချီပြိုင်ပွဲကို ဟိုပင်မြို့ ရဲတပ်ဖွဲ့စခန်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည်။

ယင်းပြိုင်ပွဲတွင် ဟိုပင်မြို့အတွင်းရှိ မူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၆ ဦး ပါဝင်ယှဉ်ပြိုင်မှုကို ဟိုပင်မြို့ ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ နံရံကပ်စာစောင်၊ သဘာဝဘေးအန္တရာယ်အသိပညာပေး ရွှေနဒီ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲတို့ကို ခင်းကျင်းပြသထားကြောင်း သိရသည်။

**တိုးတိုးမေ (ဟိုပင်)**



ကော့ကရိတ်၌ ကျောင်းသား ကျောင်းသူများ ပန်းချီပြိုင်ပွဲ ကျင်းပနေစဉ်။

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၇ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ အဆိုပါပြိုင်ပွဲတွင် ကော့ကရိတ်မြို့ပေါ်၊ ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းတို့မှ အထက်တန်းအဆင့် ၃၀၊ အလယ်တန်းအဆင့် ၁၈ ဦးတို့က "တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ဆုပေးပွဲအခမ်းအနားကို လာမည့် ဇွန်၂၆ ရက်တွင် ခရိုင်ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**မိုင်းရယ်**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများကို ဇွန် ၁၆ ရက်က မိုင်းရယ်မြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုစာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများကို အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်များ သတ်မှတ်ပြီး မိုင်းရယ်မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ စာစီစာကုံးပြိုင်ပွဲတွင် ၅၆ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၁၂၃ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲ သုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် မိုင်းရယ်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့က ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဝါသနာပါရာတက္ကသိုလ် ရွေးချယ်ရေး

## ဒေါက်တာမျိုးကြွယ် (NEPC)

၂၀၁၉ ခုနှစ် ဇွန်လ ၉ ရက်နေ့ထုတ် The Voice သတင်းစာ အယ်ဒီတာ့အာဘော် 'တက္ကသိုလ်မတက်မီ တွေးစေချင်သည်'၌ "တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်/ ကောလိပ်တစ်ခုခု တက်ရောက်တဲ့အခါ တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ ဖြစ်လာတော့မည်ဖြစ်သလို တိုင်းပြည်ရဲ့ပညာတတ်လောင်းလျာတွေ၊ အနာဂတ် ကာလမှာ တိုင်းပြည်ကို ဦးဆောင်ကြရမည့်ပုဂ္ဂိုလ်တွေဆိုရင်လည်း မမှားဘူးပေါ့" ဟု ရေးသားထားပါသည်။

မြန်မာရုပ်ရှင်အချို့တွင် တက္ကသိုလ်ကျောင်းသား လူငယ်များကို ပုံဖော်ပြသပုံနှင့် ပတ်သက်၍လည်း တချို့မြန်မာရုပ်ရှင်၊ ဗီဒီယို ဇာတ်လမ်းတွေမှာ အချိန်ရှိသရွေ့စားသောက်ဆိုင်မှာထိုင်၊ အပျော်အပြက်တွေပြော၊ သမီးရည်းစားရရှိဖို့အတွက် ဆောင်ရွက်နေသူတွေလောက်သာ ပုံဖော်ထားတာပါပြီး မိမိလူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်အကျိုးအတွက် တစ်စုံတစ်ခုလုပ်ပေးဖို့တာဝန်ရှိတယ်ဆိုတဲ့ ပုံစံဖြစ်အောင် အသိပညာပေးနိုင်တာမျိုးလည်း မရှိသလောက် ဖြစ်နေတယ်ဟု မှတ်ချက်ပြုထားပါသည်။ ပြည်ပကရုပ်ရှင်တွေကို ကြည့်လျှင် တက္ကသိုလ်ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူတွေဆိုတာ ပညာရပ်ကို ရှူးသွပ်နေတဲ့ပုဂ္ဂိုလ်ကြီးတွေအဖြစ် တကယ့်ဘာသာရပ်ဆိုင်ရာ မဟာ၊ ပါရဂူဘွဲ့တွေရတဲ့ ပညာရှင်ကြီးများအဖြစ် ပုံဖော်ရိုက်ကူးနေတယ်ဆိုတာကိုလည်း သတိပြုမိကြမှာပါဟူ၍ သုံးသပ်ထားပါသည်။

တစ်ဖန် ဇွန်လ၁၃ ရက်နေ့ထုတ် The Voice သတင်းစာ စာမျက်နှာ ၁၁ ပညာရေးကဏ္ဍတွင် တက္ကသိုလ်ရွေးချယ်ခြင်းနှင့် အထူးပြုဘာသာ ရွေးချယ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ တက္ကသိုလ်ဆရာများက 'ဆေးကျောင်းတက်မှ ဘဝအာမခံချက်ရှိကြလား'၊ 'ကိုယ့်အမှတ်နှင့် မီမယ့်တက္ကသိုလ်တွေ၊ ဘာသာရပ်တွေကို မေးမြန်းစုံစမ်းပြီး ကိုယ်ဝါသနာပါတဲ့ ဘာသာရပ်ကိုပဲ ရွေးချယ်လျှောက်ထားသင့်ပါတယ်'စသဖြင့် အကြံပြု ဆွေးနွေးထားသည်ကို ဖတ်ရပါသည်။

### လူငယ်၊ ပညာရေးနှင့် အနာဂတ်

မှန်ပါသည်။ ဆေးတက္ကသိုလ်တက်ရမှ၊ အထူးကုဆရာဝန်ကြီးဖြစ်မှ ဘဝပြီးပြည့်စုံတာဟု ကျောင်းသား ကျောင်းသူအများစု အထင်မှားနေလျှင် IQ မြင့်သော ကလေးများနှင့် အလွန်ထူးချွန်နေသော ကလေးများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ်ပေါင်းစုံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တော့မည် မဟုတ်ပါ။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစနစ်ကလည်း အမှတ်အများဆုံးသော ကျောင်းသား ကျောင်းသူများသည် ဆေးတက္ကသိုလ်၊ ရန်ကုန်စက်မှုတက္ကသိုလ်တို့တွင် စုပြုံတိုးနေသော စနစ် ဖြစ်နေပါသေးသည်။ သတင်းစာ၊ ဂျာနယ် အင်တာဗျူးများတွင်လည်း အမှတ်အများဆုံး၊ ဘာသာစုံ ဂုဏ်ထူးရကလေးများက ဆရာဝန်ကြီးဖြစ်အောင် လုပ်မည်၊ အင်ဂျင်နီယာကြီးဖြစ်အောင်လုပ်မည် စသည်ဖြင့် ဖြေကြားနေကြတာကို တွေ့မြင်နေရပါသေးသည်။ ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးရကျောင်းသူလေးတစ်ဦးကမူ (ရန်ကုန်မြို့ပေါ်က မဟုတ်ပါ) ကျောင်းဆရာမကြီး ဖြစ်ချင်ပါသည်ဟု ဖြေသွားတာ ဖတ်လိုက်ရပါသည်။

## "တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့် ကျောင်းသား ကျောင်းသူများသည် မိမိဝါသနာပါရာ ဘာသာရပ်ကို ရွေးချယ်ပြီး ဝါသနာပါရာ ဘာသာရပ်အလိုက် သုတေသနပြုလေ့လာ၍ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်"

ဗြိတိသျှကောင်စီနှင့် VSO အဖွဲ့တို့ ပူးတွဲ ကျင်းပသည့် လူငယ်နှင့်အနာဂတ် စကားဝိုင်းဆွေးနွေးပွဲတွင် အနုပညာရှင် လူငယ်လေးတစ်ဦးက ငယ်ငယ်က သီချင်းဆိုတာကို အဓိကထားလေ့လာဖို့၊ အထူးပြုသင်ကြားဖို့ စိတ်ကူးခဲ့သော်လည်း တက္ကသိုလ်မှာ သီချင်းနှင့် ပတ်သက်သော အနုပညာအဓိကဘာသာကို လေ့လာခွင့် မရခဲ့ပါဟူ၍လည်းကောင်း၊ နောက်တစ်ဦးက မြို့တော်စည်ပင်သာယာလုပ်ငန်းများကို ဝါသနာပါခဲ့သော်လည်း တက္ကသိုလ်မှာ အသေးစိတ် မလေ့လာခဲ့ရကြောင်း ဆွေးနွေးသွားပါသည်။

အချို့ တက္ကသိုလ်များဆိုလျှင် ကျောင်းဝင်ခွင့် နာမည်စာရင်းပါသော်လည်း ကျောင်းသား ကျောင်းသူက ရောက်မလာတာတွေ၊ ရောက်ပြီးမှ လက်တွေ့ဝါသနာ မပါတော့၍ ကျောင်းပြောင်းသွားတာတွေရှိတတ်ရာ ထိုနေရာလွတ်များတွင် အမှတ်နည်းသော်လည်း ဝါသနာပါ၍ လျှောက်ချင်သောသူများကို အချိန်မီ မဖြည့်ဆည်းနိုင်၍ သင်ကြားပေးနိုင်သော ကျောင်းသားကျောင်းသူဦးရေ အပြည့်အဝမရသည့် ပြဿနာတွေကိုလည်း ကြားရပါသည်။

နိုင်ငံအများစုတွင်မူ တက္ကသိုလ်ဝင်စာမေးပွဲဆိုတာထက် အခြေခံပညာပြီးမြောက်ကြောင်းထောက်ခံစာ (High School Leaving Certificate) ရရှိပြီး တက္ကသိုလ်အလိုက် ဝင်ခွင့်စာမေးပွဲ (University Admission Test) များဖြင့် တက္ကသိုလ်အလိုက် ရွေးချယ်ကြသည်။ ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများသည် သင်ကြားကြမည့်ပညာရေးအတွက် မိဘများနှင့်အတူ တတ်ကျွမ်းနားလည်သူများနှင့် တိုင်ပင်၍ မိမိဝါသနာပါရာကို ရွေးချယ်သင့်သည်။ ကျွန်တော် မဟာသိပ္ပံတက်ခဲ့ရသော ဩစတြေးလျနိုင်ငံမှ ကွင်းစလန်တက္ကသိုလ်သည် ဘာသာရပ်စုံသင်ကြားပေးသောတက္ကသိုလ် (Comprehensive University) ဖြစ်ပြီး ဥပမာ - ရူပဗေဒ ဘာသာရပ် ဘွဲ့ကြိုသင်တန်း ပထမနှစ်ဝင်ခွင့်တွင် ဆယ်ဦးသာခေါ်ယူရာ အပြိုင်အဆိုင်ကြိုးစားပြီးနောက် ဝါသနာပါသော အတော်ဆုံး ကျောင်းသား ကျောင်းသူများသာ ဝင်ခွင့်ရရှိ သင်ကြားကြပြီး နောက်ဆုံးနိုဘယ်ဆုရသည်အထိ ကြိုးစားကြမည်ဆိုသည်ကို သူတို့နှင့် တွေ့ဆုံဆွေးနွေးဖူးပါသည်။


COMPREHENSIVE SECONDARY SCHOOL
NAWFIA
School Leaving Certificate & Testimonial
This is to Certify that
OKONKWO GODWIN .I.
of NAWFIA in NJIKOKA L. G. A.
Born in 19TH NOV 1981 was a Pupil of this School
From 1994 to 2000
And left in 2000 after Passing/Failing SSCE
Academic performance AVERAGE
Subjects Studied Included ENGLISH, MATHS, CHEMISTRY, IGBO, PHYSICS, AGRIC SCIENCE, GEOGRAPHY, BIOLOGY, ECONOMICS.
Character SATISFACTORY
Extra Curricula Activities FOOT - BALL
Other Remarks HONEST AND OBEDIENT STUDENT
Student's Signature
Principal
Date 2000

အတန်းပြီးကြောင်း ထောက်ခံစာ

### လိုအပ်နေသော သုတေသန

တက္ကသိုလ်ဆိုသည်မှာ ပညာသင်ကြားရုံသာမကဘဲ နိုင်ငံတော်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော သုတေသန (Research) များပါ ပူးတွဲပြုလုပ်ရန် လိုအပ်ပါလိမ့်မည်။ တက္ကသိုလ်တွင် ဘွဲ့ကြိုသင်တန်းများသာမက မဟာဘွဲ့၊ ပါရဂူဘွဲ့များမှာပါ သုတေသနပြုလုပ်ကြရမည်ဖြစ်ရာ ဥပမာ- နိုင်ငံတော် လျှပ်စစ်မီး အပါအဝင် စွမ်းအင်ကဏ္ဍ၊ ကျေးလက်ဒေသ နေရောင်ခြည်စွမ်းအင်ရရှိမှု (Solar Energy) ကို အကျိုးရှိအောင်သုံးစွဲမှု စသည်တို့နှင့် ပတ်သက်၍ စနစ်တကျဘာသာရပ်ထောင့်စုံ (အင်ဂျင်နီယာ၊ ကျေးလက်ဒေသဖွံ့ဖြိုး ရေး၊ စိုက်ပျိုးရေး၊ သစ်တော၊ ပတ်ဝန်းကျင်သိပ္ပံ စသည်ဖြင့်) ပူးပေါင်းသုတေသန(Integrated Research) လုပ်ဆောင်ပါက မိမိလည်းဘွဲ့ရ၊ နိုင်ငံတော်လည်း အကျိုးရှိ၊ **"သားရွှေအိုးထမ်းလာသည်ကို မြင်ရသလို"** တစ်ချက်ခုတ် ၃-၄ ချက်ပြတ် ဖြစ်လာပါမည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေးတွင် ဘွဲ့ရရှိမှုနှင့် အလုပ်အကိုင်ရရှိမှု တစ်ထပ်တည်းကျရေးကိုလည်း သုတေသနပြုရပါလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့် ကျောင်းသား ကျောင်းသူများသည် မိမိဝါသနာပါရာ ဘာသာရပ်ကို ရွေးချယ်ပြီး ဝါသနာပါရာ ဘာသာရပ်အလိုက် သုတေသနပြုလေ့လာ၍ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

# နမ့်ခမ်းရေပူစမ်းတွင် အများပြည်သူများ နေ့စဉ်လာရောက်အပန်းဖြေလျက်ရှိ

**နမ့်ခမ်း ဇွန် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နှင့် နှစ်မိုင်ခန့် ကွာဝေးသည့် မန့်ပုံကျေးရွာ ရေပူစမ်းတွင် နေ့စဉ်လာရောက် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ရေပူစမ်းတွင် ကလေး၊ လူကြီး ရေကူးကန်များ၊ ရေလျှောလျှောစီး၊ ကလေးကစားကွင်းများ၊ သဘာဝရေပူချိုးခန်းများထားရှိပြီး နမ့်ခမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ကချင်ပြည်နယ် မန့်ဝိန်းကြီးဒေသ ပတ်ဝန်းကျင်ရွာများ၊ မူဆယ်မြို့နယ် အတွင်းရှိ ဒေသများက လာရောက်အပန်းဖြေလျက်ရှိကြသည်။ အဆိုပါ ရေပူစမ်း အပန်းဖြေနေရာ၌ နွေရာသီတွင် အများပြည်သူ ရုံးပိတ်ရက်နှင့်၊ ကျောင်းပိတ်ရက်များတွင် လာရောက် အပန်းဖြေသူပို၍ များပြားကာ မိသားစုအလိုက်လည်းကောင်း၊ အပေါင်းအသင်း မိတ်ဆွေများနှင့်လည်းကောင်း လာရောက်လေ့ရှိကြပြီး အပန်းဖြေနားနေသည့် နေရာများနှင့်အတူ စားသောက်ဆိုင်များလည်း ဖွင့်လှစ် ထားပေးသည့်အတွက် လာရောက် အပန်းဖြေသူများ စိတ်ချမ်းသာမှုရရှိစေပြီး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။


နမ့်ခမ်း ရေပူစမ်းတွင် လာရောက်အပန်းဖြေသူများအား တွေ့ရစဉ်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# မော်လမြိုင်ကျွန်း သီတဂူလှုဆန်းယဉ်မျက်စိဆေးရုံ၌ မျက်စိအခမဲ့ ခွဲစိတ်ကုသပေး

**မော်လမြိုင်ကျွန်း ဇွန် ၁၇**

မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်တွင် (၁၈) ကြိမ်မြောက်သီတဂူလှုဆန်းယဉ်စက္ခုဒါနမျက်စိဆေးရုံ၌ အခမဲ့မျက်စိစမ်းသပ် စစ်ဆေးခွဲစိတ်ကုသခြင်းကို ဇွန် ၁၄ ရက်မှ ၁၆ ရက်နေ့အထိ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးသည်။

အဆိုပါဆေးရုံတွင် ဇွန် ၁၄ ရက်က မျက်စိဝေဒနာရှာ ၇၂၀ တို့အား အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးပြီး ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တွင် မျက်စိခွဲစိတ်လူနာ ၁၅၀ တို့အား မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြအောင်နှင့် မျက်စိအထူးကုဆရာဝန် ဆရာမကြီးများက အခမဲ့ခွဲစိတ်ကုသပေးကြသည်။

ထို့နောက် မျက်စိခွဲစိတ်ကုသထားသော မျက်စိဝေဒနာရှင်များအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒေါက်တာ ဘဒ္ဒန္တစိတ္တာလင်္ကာရ၊ သီတဂူရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရနှင့် ပစ္ဆိမာရုံစာသင်တိုက်ဆရာတော် အရှင်ရေဝတာလင်္ကာရတို့က ကြွရောက်ချီးမြှင့်အားပေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇင်မင်းဌေးနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များကို စီစဉ်ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့ သီတဂူလှုဆန်းယဉ်စက္ခုဒါနဆေးရုံတွင် အလင်းဒါနအလှူရှင်အဖြစ်ရန်ကုန်မြို့နေ ဦးမြင့်စိန် (သီတဂူလှုဆန်းယဉ်)မိသားစုက ငွေကျပ်သိန်း ၃၀ မတည်လှူဒါန်းပြီး မော်လမြိုင်ကျွန်းမြို့နယ် အလင်းဒါနအလှူရှင် ၄၀ တို့ကလည်း ပါဝင်လှူဒါန်းကြသည်။

**မော်ကျွန်း- မြင့်အောင်**

# ငဖဲမြို့နယ်၌ စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်

**ငဖဲ ဇွန် ၁၇** - မင်းဘူးခရိုင် ငဖဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစီအစဉ်ဖြင့် ပြုလုပ်သော စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက သင်တန်းမှပို့ချသင်ကြားသော စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများကို ဂရုတစိုက်လေ့လာမှတ်သားသင်ယူကြရန်နှင့် မိသားစုအပိုဝင်ငွေတိုးပွားရေး ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းတွင် အသီးအနှံများဖြင့် ယိုမျိုးစုံလုပ်နည်း၊ ဖျော်ရည်နှင့် မုန့်ဖုတ်နည်းများကို သင်တန်းနည်းပြနှစ်ဦးက သင်တန်းသူ ၂၀ အား ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်များ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနနှင့် ညောင်ပင်ရွာကျေးရွာမှ ဒေသခံပြည်သူများ ပူးပေါင်း၍ မိုးရာသီကာလ အရိပ်ရပျိုးပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်က ပြုလုပ်ခဲ့ပြီး ညောင်ပင်ရွာကျေးရွာအဝင် လမ်းတစ်လျှောက် ဘေးဝဲ၊ယာ၌ သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအောင်မော်နှင့် ဝန်ထမ်းများက ညောင်ပင်ရွာကျေးရွာမှ ဒေသခံပြည်သူ ၃၀ ခန့်နှင့် ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောပြုန်းတီးမှုကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချသွားနိုင်ရန် ရည်ရွယ်၍ ကျွန်းပင် ၈၀၀ ကို ရှင်သန်ကြီးထွားမှုနှုန်း မြန်ဆန်စေသော တစ်ပင်နှင့် တစ်ပင် တန်းကြား ကိုးပေခွာ စိုက်ပျိုးနည်းစနစ်ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီကာလတွင် မြို့နယ်အတွင်း အရိပ်ရပင်များ စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသော အရိပ်ရပင်များဖြစ်သည့် ယူကလစ်၊ ကျွန်း၊ ဝါး၊ ကံ့ကော်နှင့် ခရေ စသည့် ပျိုးပင်ပေါင်း ၄၀၀၀၀ ကို စီစဉ်ပျိုးထောင်ထားပြီးဖြစ်ကာ မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများ၊ ကျေးလက်လမ်းဘေးနေရာများနှင့် ကမ်းပြိုမှုများ လျော့နည်း ကျဆင်းစေရန် ရေဝတီမြစ်နှင့် မုန်းချောင်းကမ်းပါးဘေးမှ ကျေးရွာများသို့ အဓိက ဖြန့်ဝေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ၁၃ ရပ်ကွက် ဘောလုံးကွင်း၌ အရိပ်ရပင် ၁၀၀၀ နှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၆ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းနှင့်ဒေါ်ခိုင်မာဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းနှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့်က မဟော်ဂနီ ၃၅၀၊ ခရေ ၃၃၀၊ သပြေ ၁၀၀၊ မဲဇလီ ၁၀၀၊ စိန်ပန်းနီ ၅၅ ပင်၊ စိန်ပန်းပြာ ၁၀ ပင်၊ ငုဝါ ၁၀ ပင်နှင့် ပျဉ်းမ ၄၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**သန္တာမေ ( ပြန်/ဆက်)**



**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်တက္ကသိုလ်၌ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက စုပေါင်းစိုက်ပျိုးမည့် သစ်ပင်များကို တိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေ၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ခင်မြင့်၊ တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအေးခိုင်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်တို့ထံ ပေးအပ်ပြီးနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စိန်ပန်းပင် ၆၈၀ နှင့် ငုပင် ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ပရိဝုဏ်အတွင်း၊ အင်းစိန် ရွာမ-ပုလဲလမ်းမကြီးနှင့် အင်းစိန် စော်ဘွားကြီးကုန်းရပ်ကွက် ထန်းပင်ကုန်း တြိဂံပန်းခြံရှေ့သုံးနေရာ၌ အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၆ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဖိုးလတ်က သစ်ပင်စိုက်ပျိုးပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဂျပန်-မြန်မာ အောင်ဆန်း အသက်မွေးပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၇၀၀ ကျော်က မဲဇလီ၊ မန်ကျည်းရှား၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ပျဉ်းမ၊ ကံ့ကော်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ သီဟိုဠ်နှင့် စွယ်တော် စသည့် အရိပ်ရအပင်ပေါင်း ၅၀၀ ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ဉာဏ်လင်း**

# ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ ရပ်နားပြီးနောက်ပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့၌ ပစ္စည်းခိုးယူခံရမှုများ နေ့စဉ်နီးပါးဖြစ်လာ၍ ဒေသခံများ စိုးရိမ်နေ

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ပင်လယ်ပြင်ငါးဖမ်းခွင့် သုံးလရပ်နားလိုက်သည့်နောက်ပိုင်း ဇွန် ၁ ရက်မှစ၍ နေ့ည လူစိမ်းများ ဝင်ထွက်သွားလာခြင်းနှင့်အတူ ပစ္စည်းခိုးယူခံရမှုများ၊ ဖျက်ဆီးမှုများ နေ့စဉ်ရက်ဆက်နီးပါးဖြစ်လာသည့် အခြေအနေများကြောင့် ဒေသခံများ စိုးရိမ်ပူပန်မှု တိုးလာကြောင်းနှင့် ပစ္စည်းခိုးယူခံရမှု အများဆုံးမှာ ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်ဖြစ်ကြောင်း သိရသည်။

**ပစ္စည်းခိုးယူခံရမှုများ**

ဇွန် ၁ ရက် နောက်ပိုင်းမှစ၍ ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံများ၏ ဆိုင်ကယ်များ၊ ဖုန်းများ၊ ငါးဖမ်းလုပ်ငန်းသုံးပိုက်များ၊ ဆန်အိတ်များ၊ ငွေကြေးများနှင့် လူနေအိမ်များကို ဖောက်ထွင်းခိုးယူမှုများ နေ့စဉ်နီးပါး ဖြစ်ခဲ့သလိုကားနှင့် ဆိုင်ကယ်မှန်များ၊ အခြားသော အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခံရခြင်းများလည်း နေ့ညဆက်တိုက် ဖြစ်နေခဲ့ကြောင်း၊ အမှတ်(၂) ရပ်ကွက်တွင်မူ ငွေကြေးခိုးယူခံရမှု တစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ခိုးယူ ခြင်းခံခဲ့ရသည့် ပစ္စည်းများအနက် ဆိုင်ကယ်များကို လမ်းဘေးတွင်ပစ်ထားခဲ့၍ ပြန်လည်ရရှိခဲ့သော်လည်း ငွေသားနှင့် အခြားခိုးယူခံရသော ပစ္စည်းများ ပြန်လည်ရရှိခြင်းမရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ပစ္စည်းခိုးယူခံရမှုများတွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့သို့ တိုင်ကြားအမှုဖွင့်ခြင်း မရှိကြသဖြင့် ခိုးယူခံခဲ့ရသည့် ပစ္စည်းနှင့် ငွေသားအရေအတွက် အတည်မပြုပေးနိုင်ကြောင်းနှင့် တရားဝင်တိုင်ကြားခြင်းမရှိပါက ယခုကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် မလွယ်ကူကြောင်း အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောသည်။ ဟိုင်းကြီးကျွန်းနယ်မြေ ရဲစခန်းမှူးကလည်း “ရပ်ကွက်(၃) နဲ့ ရပ်ကွက်(၂)မှာ ခိုးမှုတွေဖြစ်လို့ လာရောက်တိုင်ကြားတာမျိုးတော့ မရှိသေးပါဘူး”ဟု ဇွန် ၁၂ ရက်က ပြောကြားသည်။

အမှတ်(၃)ရပ်ကွက်မှ ဒေသခံတစ်ဦးကမူ ပစ္စည်းခိုးခံရသူများအနေဖြင့် အမှုမဖွင့်ကြခြင်းမှာ ပျောက်ဆုံးပစ္စည်းက တန်ဖိုးအားဖြင့် မများသလို တရားရင်ဆိုင်ရပါက အချိန်နှင့်ငွေကြေးကုန်ကျမှု ရှိလာမှာကို စိုးရိမ်၍ဖြစ်ကြောင်း ပြောသည်။ “ရပ်ကွက်ထဲမှာ ခိုးမှုတွေဆက်တိုက်ဖြစ်နေတဲ့အကြောင်းက မနက်လင်းတာနဲ့ ဆူညံနေတာပဲ၊ ဒီအခြေအနေက တမင်ဆူပူအောင် ဖန်တီးနေသလိုပဲ၊ ထိထိရောက်ရောက် ကိုင်တွယ်ဖို့လိုမယ်”ဟု အဆိုပါ ဒေသခံက ဆက်ပြောသည်။

**ဟိုင်းကြီးကျွန်းမြို့၏ အခက်အခဲ**


ဟိုင်းကြီးကျွန်းမြို့တစ်မြို့လုံးတွင် ယခုနှစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နောက်ဆုံး ကိန်းဂဏန်းများအရ အိမ်ထောင်စု ၃၀၀၉ စုရှိပြီး လူဦးရေ ၁၂၀၀၀ နီးပါးရှိသည်။ မြို့၏ အဓိကစီးပွားရေးမှာ ရေလုပ်ငန်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက် သုံးခုတွင် အမှတ်(၃)ရပ်ကွက်မှာ ရေလုပ်ငန်းလုပ်ကိုင်သူ အများဆုံးဖြစ်သည်။ ပင်လယ်ငါးဖမ်းသော ကမ်းဝေးငါးဖမ်းရေယာဉ် ၈၆ စင်းနှင့် ကမ်းနီးငါးဖမ်းရေယာဉ် အစင်း ၁၀၀ ကျော်ရှိကာ ဒေသခံအများစုမှာ ရေလုပ်ငန်းနှင့် ရေလုပ်ငန်းကို အမှီသဟဲပြုသော ဈေးရောင်းခြင်း၊ ရေလုပ်ငန်းသုံးပိုက်များပြုပြင်ခြင်း၊ ရေယာဉ်လွှန်းတင်ပြုပြင်ခြင်းတို့ကို လုပ်ကိုင်ကြသည်။

ယခင်က ဟိုင်းကြီးကျွန်းဒေသသည် ရေလုပ်ငန်းဖွံ့ဖြိုးမှုနှင့်အတူ အလွန်စည်ကားသောဒေသတစ်ခု ဖြစ်ခဲ့ပြီး ကမ်းဝေးငါးဖမ်းလုပ်ငန်းများကြောင့် ဝင်ငွေ လည်ပတ်စီးဆင်းမှုများကာ ဒေသခံအများစု စားဝတ်နေရေး ပြေလည်ခဲ့ကြသည်။ နောက်ပိုင်းတွင် လုပ်ခလစာကြောင့် ရေလုပ်သားဦးရေ လျော့ကျလာခဲ့ပြီး ရေလုပ်ငန်းရှင်များအနေဖြင့်လည်း ကုန်ကျစရိတ်များကြောင့် ရေလုပ်သားများ၏ လစာကို တိုးမြှင့်မပေးနိုင်ဘဲ လုပ်သားအခက်အခဲကို လူပွဲစားများမှတစ်ဆင့် ရယူဖြေရှင်းခဲ့သည်။ ထို့နောက်တွင် ဟိုင်းကြီးကျွန်းမြို့သည် ရေလုပ်ငန်းဖွံ့ဖြိုးသည့် ဒေသတစ်ခုအဖြစ် အမည်သာရှိပြီး ဝင်ငွေလည်ပတ်စီးဆင်းမှု ကျဆင်းကာ ဒေသခံများ ကျပ်တည်းမှု အမျိုးမျိုးကြုံတွေ့နေခဲ့သည်မှာ ယနေ့အချိန် အထိဖြစ်ကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

**လူစိမ်းများ ဝင်ထွက်လာခြင်း**

ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်အစင်းရေ များလာသည်နှင့်အမျှ ရေလုပ်သားရှားပါးမှု ကြုံတွေ့လာသလို လုပ်ခလစာ ရယူပြီးနောက် လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် လုပ်သားများ ထွက်ပြေးတိမ်းရှောင်မှုများလည်း ရှိလာခဲ့သည်။ ဒေသခံရေလုပ်သားဦးရေနှင့် မလုံလောက်၍ အခြားဒေသမှ ရေလုပ်သားအဖြစ် လာရောက်လုပ်ကိုင်သူများကို ကိုယ်စားလှယ်ဖြင့် ခေါ်ယူလုပ်ကိုင်ရသည့် အခြေအနေသို့ ပြောင်းလဲလာခဲ့ရာ ရေလုပ်သားရှာဖွေပေးသော ကိုယ်စားလှယ်များမှတစ်ဆင့် အခြားဒေသများမှ ဟိုင်းကြီးကျွန်းသို့ လာရောက်လုပ်ကိုင်သည့် ရေလုပ်သားဦးရေ ၂၀၀ ကျော်ရှိလာခဲ့သည်။

ဟိုင်းကြီးကျွန်းဒေသတွင် ရေလုပ်ငန်းရှင်များကိုယ်စား ရေလုပ်သားရှာဖွေပေးသူများကို လူပွဲစားများဟု ခေါ်ကြသည်။ နောက်ပိုင်းတွင် လူပွဲစားများက ဒေသခံမဟုတ်သည့် လုပ်သားများကို နေစရာ၊ စားစရာ၊ အရက်သေစာမှအစ ပေးထားကာ လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် ၎င်းတို့၏ လုပ်ခ လစာများထဲမှ ပြန်လည်ဖြတ်



အမှတ်(၃)ရပ်ကွက်ရှိ ဈေးဆိုင်တစ်ခန်းအား သူခိုးဖောက်ထားသည်ကို တွေ့ရစဉ်

တောက်ရယူသည့်စနစ်ဖြင့် (ဒေသအခေါ်-လူမွေးခြင်း) လုပ်ကိုင်လာခဲ့ကြသည်။ ဟိုင်းကြီးကျွန်းမြို့ပေါ်တွင် လူပွဲစား ၁၈ ဦးခန့်ရှိနေပြီး ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင် ဒေသခံမဟုတ်သည့် ရေလုပ်သား ၂၀၀ ကျော်ခန့် ရှိနေသည်။ လူပွဲစားလုပ်သားကိုယ်စားလှယ်များ၏ မွေးထားခြင်းခံရသည့် အခြားဒေသမှ ရေလုပ်သားများကို ဟိုင်းကြီးကျွန်းတွင် “အပေါင်ဆုံးများ”ဟု ခေါ်ကြသည်။

**အပေါင်ဆုံး**

အလုပ်မရမီတွင် လူပွဲစားများ စီမံပေးထားသောနေရာ၌ နေထိုင်စားသောက်ကာ အလုပ်ရှိလာပြီး ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ချိန်တွင် ရရှိသည့်လစာငွေဖြင့် ၎င်းတို့ နေထိုင်စားသောက်ခဲ့စဉ်က ကုန်ကျခဲ့သည့်စရိတ်ကို ပေးချေသည့်အခါ ပြေကျေမှုမရှိဘဲ အလုပ်လုပ်လိုက်၊ အကြွေးဆပ်လိုက်၊ ပြန်လုပ်လိုက်ဖြင့် သံသရာလည်နေသောကြောင့် ထိုရေလုပ်သားများကို အပေါင်ဆုံးဟု ဒေသခံများက ခေါ်ကြခြင်းဖြစ်သည်။ အပေါင်ဆုံးဟုခေါ်သော ရေလုပ်သားအများစုမှာ အချိန်ပြည့် သောက်စားမူးယစ်ကာ တွေဝေငေးမော ထိုင်းမှိုင်းနေကြသည်ကို ထူးခြားမှုတစ်ခုအဖြစ် ဟိုင်းကြီးကျွန်းဒေသတွင် တွေ့ရှိနိုင်သည်။

ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတပေါများရေးအတွက် ပင်လယ်ပြင်ငါးဖမ်းကာလကို ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သုံးလပိတ်လိုက်သည့်အချိန်တွင် ဟိုင်းကြီးကျွန်းဒေသရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များ အားလုံး ပြန်လည်ဝင်ရောက်လာခဲ့သည်။ ထိုအချိန်တွင် ရေလုပ်ငန်းရှင်များအနေဖြင့် ရေလုပ်သားများကို ထောက်ပံ့မှုတစ်စုံတစ်ရာဖြင့် ထိန်းသိမ်းနိုင်ခြင်းမရှိသလို လူပွဲစားများအနေဖြင့်လည်း အခြားဒေသမှ အပေါင်ဆုံး ရေလုပ်သားများကို ၎င်းတို့၏ မူလဒေသများသို့ ပြန်လည်စေလွှတ်ခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်မှုလည်း အားနည်းနေသည်။ ထို့ကြောင့် ဟိုင်းကြီးကျွန်းမြို့ လမ်းများပေါ်၌ အပေါင်ဆုံးရေလုပ်သားများ နေ့ညလမ်းလျှောက်သွားလာနေမှုကို ဇွန်လဆန်းပိုင်းမှစ၍ နေရာအနှံ့ တွေ့မြင်လာရပြီး မြို့နေရာအနှံ့တွင် လူမှုရေးပြဿနာများစွာ ဖြစ်ပေါ်လာကာ ဒေသ၏ တည်ငြိမ်အေးချမ်းမှုကိုပါ ခြိမ်းခြောက်လာနေပြီဖြစ်သည်။

**တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေ**

ဟိုင်းကြီးကျွန်းမြို့တွင် ဇွန်လဆန်းပိုင်းမှစ၍ နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသော ခိုးမှုများ၊ နေအိမ်ဖောက်ထွင်းမှုများ၊ အသုံးအဆောင်ပစ္စည်း ဖျက်ဆီးခံရမှုများတွင် သက်ဆိုင်ရာသို့ တရားဝင်တိုင်ကြားမှုမရှိခြင်းကလည်း အဓိကပြဿနာတစ်ခု ဖြစ်နေသည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော ဟိုင်းကြီးကျွန်းမြို့၏ အခြေအနေများကို ထိန်းသိမ်းနိုင်ရန်အတွက် နယ်မြေခံရဲစခန်းအနေဖြင့် ညစဉ် လှည့်ကင်းဆောင်ရွက်မှုများအပြင် နေ့ဘက် ဒေသသတင်းရယူရေး လုပ်ငန်းများကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်နေပြီဖြစ်သည်။ ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့်လည်း ဌာနဆိုင်ရာများ၊ ရပ်ကျေး အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းကာ ဟိုင်းကြီးကျွန်းမြို့၏ လက်ရှိအခြေအနေကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်၌ ယခုရက်များအတွင်း ညဘက်များတွင် ဒေသခံလူထု၏ ဝိုင်းဝန်းသူခိုးဖမ်းသံများ ဆူညံလာနေသော်လည်း သူခိုးကို ဖမ်းမိခြင်းမရှိပေ။ ပစ္စည်းအခိုးခံရမှုများလည်း နေ့စဉ်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ယခုဖြစ်ပျက်နေသော အခြေအနေများသည် ပင်လယ်ပြင်ငါးဖမ်းခွင့် သုံးလပိတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ဒေသတွင်း ဝေဖန်ပြောဆိုမှုများလည်း ထွက်ပေါ်နေသည်။ ဟိုင်းကြီးကျွန်းမြို့၌ ယခုလို ဒေသခံပြည်သူအများစု၏ စိုးရိမ်ပူပန်မှုတိုးလာရခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သည့် ဌာနဆိုင်ရာများက ယခုအခြေအနေကို ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရန် ဒေသခံများက လိုလားနေကြသည်။ ။

**သတင်းဆောင်းပါး - ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

## ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေ ပေးအပ်

**ဒေးဒရဲ ဇွန် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များ ထောက်ပံ့ပေးလျက်ရှိရာ ဒေးဒရဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေများကို ဇွန် ၁၆ ရက်က ပေးအပ်ခဲ့သည်။

လူမှုရေးပင်စင် ထောက်ပံ့ငွေများကို တစ်လလျှင် ငွေကျပ်တစ်သောင်းစီဖြင့် သုံးလလျှင်တစ်ကြိမ် ပေးအပ်လျက်ရှိရာ ဒေးဒရဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၆၀၇ ဦးအား ဧပြီ၊ မေနှင့် ဇွန်လများအတွက် လူမှုရေးပင်စင် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၈၂၁၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးအပ်ပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှတစ်ဆင့် မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအားလုံးထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ငမြှောင်တောင်ဖျက်ပိုး ကာကွယ်နှိမ်နင်းရေး မိုးနဲမြို့နယ်၌ ပညာပေးဟောပြော

**မိုးနဲ ဇွန် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးစီစဉ်၍ ဒေသခံတောင်သူများအား ငမြှောင်တောင်ဖျက်ပိုး ကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ ရက်က ကလို့င်မြေ ရပ်ကွက်ရှိ ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ရာ ဟောပြောပွဲသို့ ဒေသခံတောင်သူ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငိုပွယ်က ငမြှောင်တောင်ဖျက်ပိုး စတင်ပေါ်ပေါက်ခဲ့သော သမိုင်းကြောင်း၊ အာရှသို့ ပြန့်ပွားလာပုံ၊ ငမြှောင်တောင်ဖျက်ပိုး၏ ဘဝစက်ဝန်း၊ အပင်များကို ဖျက်ဆီးပုံနှင့် ဖျက်ပိုးကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို အသေးစိတ် ရှင်းလင်းဟောပြောပြီး တက်ရောက်လာသော တောင်သူများအား ပညာပေး လက်ကမ်းစာစောင်များလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်ဥပဒေအထောက်အကူပေးရေး အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းမျိုးသန့်က ၎င်းတို့ ဥပဒေအထောက်အကူပြုအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အဖွဲ့က ဆောင်ရွက်ပေးသွားမည့် ဥပဒေရေးရာနှင့် လုပ်ငန်းတာဝန်များ အကြောင်းကို အဆိုပါ ဟောပြောပွဲမှာပင် ဒေသခံ ပြည်သူများထံ ရှင်းလင်းမိတ်ဆက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



တောင်သူများအား ငမြှောင်တောင်ပိုးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောစဉ်။

# မောင်တောမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူလေ့ကျင့်မှုပြုလုပ်

**မောင်တော ဇွန် ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာ၌ မုန်တိုင်းဘေးအန္တရာယ် ကျရောက်ပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်သော မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြ လေ့ကျင့်မှုကို ဇွန် ၁၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုတွင် ဒဏ်ရာရသူအား သယ်ဆောင်ပုံကို လေ့ကျင့်စဉ်။

အဆိုပါ လေ့ကျင့်မှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အဆင့် သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဝင်များက ကြီးကြပ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း ၄၂၀ ခန့် ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

လေ့ကျင့်ရာတွင် မြို့နယ်အတွင်း မုန်တိုင်းကျရောက်ပါက လူ၊ တိရစ္ဆာန်များကို ဘေးလွတ်ရာ စုရပ်စခန်းသို့ စနစ်တကျ ပြောင်းရွှေ့တတ်စေရန်နှင့် သဘာဝဘေးကြောင့် လူ့အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အလျော့နည်းဆုံးဖြစ်စေရေးအတွက် သိရှိလိုက်နာရမည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်ပုံများကို သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ် စမိတ်ကျေးရွာ၌ အမြင့်တင်ပိုက်လိုင်းစနစ်ဖြင့် သောက်သုံးရေရရှိ

**ဂန့်ဂေါ ဇွန် ၁၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဂန့်ဂေါမြို့နယ် စမိတ်ရွာ၌ အမြင့်တင်ပိုက်လိုင်းစနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းကို မေလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ဇွန်လ ဒုတိယပတ်အတွင်း လုပ်ငန်းများ ပြီးစီးခဲ့၍ ယခုအခါ ကျေးရွာ၌ သောက်သုံးရေ အဆင်ပြေစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အမြင့်တင်ပိုက်လိုင်းစနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး စိမ့်တွင်းတူးခြင်း၊ ရေစင်ဆောက်ခြင်း၊ ရေတင်စက်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းနှင့် ရေဂုတ်များတည်ဆောက်ခြင်း လုပ်ငန်းများ ပါဝင်ကြောင်း၊ ရေတင်စက်ဖြင့် ရေတင်ကာ ရေပိုက်လိုင်းစနစ်သုံး၍ ရေဂုတ်များထံ ရေပို့သည့်စနစ်ဖြင့် ဆောင်ရွက်ထားကြောင်း၊ အိမ် ရှစ်အိမ်လျှင် ရေဂုတ်တစ်ခုနှုန်းဖြင့် ရေဂုတ် ၂၅ ခု တပ်ဆင်ပေးထားကြောင်း ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဦးရဲမာန်မျိုးက ပြောသည်။

ကျေးရွာနေပြည်သူများအနေဖြင့် ယခင်က စိမ့်စမ်းရေကို အဝေးမှ သယ်ယူခဲ့ရသော်လည်း ယခု ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားသဖြင့် အိမ်ခြေ ၁၇၀ မှ ပြည်သူ ၆၆၀ ခန့်အနေဖြင့် သောက်သုံးရေကို လွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြပြီဖြစ်ကြောင်း၊ ဆက်လက်၍ ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေဖြန့်ဝေနိုင်ရန်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနထံမှ နည်းပညာများရယူကာ ကိုယ့်အား ကိုယ်ကိုးစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမျိုးမြင့်၏ ပြောကြားချက်အရ သိရသည်။

**စိန်ကျော်**



ရေဂုတ်တစ်ခုမှ ရေခပ်ယူနေကြသော ကျေးရွာနေပြည်သူများ

## သတင်းတိုများ

### မိုးသက်လေပြင်းတိုက်ခတ်၍ လူနေအိမ်တစ်လုံးပြိုကျ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဇွန် ၁၆ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ခရိုက်သစ်ကျေးရွာနေ ဦးစိုးတင်၏ အုတ်ကြွတ်မိုး၊ အုတ်ကား တစ်ထပ်အိမ် ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ပြိုကျပျက်စီးသွားသောနေအိမ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များနှင့် ဒေသခံပြည်သူများက စနစ်တကျ ဝိုင်းဝန်းသိမ်းဆည်းပေးခဲ့ပြီး ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများက ဆက်လက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### မိုင်းပျဉ်းမြို့နယ်တွင် ငလျင်ဘေးနှင့် အခြားသဘာဝဘေးဆိုင်ရာများ ပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စု ပန်ခင်းမိုင် ၃၀ ကျေးရွာ၌ ငလျင်ဘေးနှင့် အခြားသဘာဝဘေးဆိုင်ရာများ ပညာပေး ဟောပြောပွဲကို ဇွန် ၁၆ ရက်က ကျင်းပခဲ့ရာ မိုင်းပျဉ်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ငလျင်လှုပ်စဉ် ဆောင်ရွက်ရမည့်အချက်များ၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ၊ ငလျင်လှုပ်ရခြင်း အကြောင်းရင်းများနှင့်အခြား သဘာဝဘေးဆိုင်ရာ အကြောင်းအရာများကို ဒေသခံပြည်သူများအား အသိပညာပေးဟောပြောခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

### ကျိုင်းတုံမြို့နယ် Old Star ဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

ကျိုင်းတုံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ကျိုင်းတုံမြို့နယ် Old Star အဖွဲ့တို့ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် Old Star ဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၁၆ ရက်က ကျိုင်းတုံမြို့မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။ ဘောလုံးပြိုင်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် Old Star အဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းရှဲန်တွီတို့က ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာညွန့်ပေါင်းအသင်းနှင့် Old Star အသင်းတို့က ချစ်ကြည်ရေးပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ချောင်းဆုံမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဖလား အသက်(၁၇)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၁၆ ရက်က ကျင်းပရာ ဗိုလ်လုပွဲတွင် မုဒွန်း(ဇုန်)အသင်းနှင့် မုရစ်ကလေး(ဇုန်)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲချိန်အတွင်း နှစ်ဂိုးစီဖြင့် သရေကျ၍ ပယ်နယ်တီဖြင့် မုဒွန်း(ဇုန်)အသင်းက အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပကာ ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် အားကစားသမားများနှင့် ဗိုလ်စွဲသော မုဒွန်း(ဇုန်)အသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများက ဆုဖလားနှင့် အခြားဆုများကို ချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေအခက်ကြုံနေသည့် ပြည်သူများထံသောက်သုံးရေများ ဖြန့်ဝေ

**ညောင်ဦး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မှ ရေရှားပါးနေသော ကျေးရွာများသို့ သောက်သုံးရေများကို ပုဂံမြို့ ရတနာဘုံစံတောရကျောင်းဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းက သုမင်္ဂလာ ပရဟိတရေလှူအသင်းနှင့် ပူးပေါင်း၍ ဇွန် ၁၆ ရက်က သွားရောက်လှူဒါန်းခဲ့ရာ ညောင်လုကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၇၀၀၊ ငါ့ပိုင်ကျေးရွာအတွက် ရေဂါလန် ၂၇၀၀ နှင့် ကန်နီကြီးတဲတိုက်အတွက် ရေဂါလန် ၂၇၀၀ စုစုပေါင်း ရေဂါလန် ၈၁၀၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

မိုးရာသီ စတင်ရောက်ရှိလာပြီဖြစ်သော်လည်း ညောင်ဦးမြို့နယ်တွင် မိုးဦးမိုးကောင်းစွာရွာသွန်းခြင်း မရှိသေးသည့်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှာ သောက်သုံးရေရှားပါးမှုကို ကြုံတွေ့နေရဆဲဖြစ်၍ ဖြူစင်မေတ္တာ ပရဟိတရေလှူ အသင်းနှင့် သုမင်္ဂလာ ပရဟိတရေလှူ အသင်းတို့ ပူးပေါင်း၍ ရေများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းဝင်တစ်ဦးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5344၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**


**မိုးသောက်ပန်းအဆင့်မြင့်မုန့်ကြွပ်**

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ

ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction စဝန်အနီး: Ph-01-571545, 09-5126882,09-43122883

(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884

(3) ရန်ကင်း၊ ကျောက်ကုန်း Ph-01-566592, 09-421008133


### ပျောက်ဆုံးကြောင်း

ကျွန်မ မခင်လှိုင်ဦး ၁၃/ကမန(နိုင်)၀၀၁၀၃၄၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၈၀၈၈၅၇**

### ဖခင်အမည်မှန်

ရှာင်မြို့၊ မြို့ကုန်းရပ်ကွက်နေ အထက(ရှာင်) န၀မတန်းမှ မစုစန္ဒီအေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးနေလုံး ၁၃/ရငန(နိုင်)၀၅၆၅၅၆ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

လားရှိုးမြို့၊ အထက(ခွဲ)၇တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းထွန်းဇော် ၁၃/လရန(နိုင်) ၀၈၁၆၅၏ သမီး မနှင်းကြည်နူး၏အမည်အား မသွန်းဖြူစင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၇)၊ အဋ္ဌမတန်း(က)မှ ခွန်လခမ်း၏ မိဘအမည်မှန်မှာ ခွန်ဇော်ဝင်းထိုက်-မပြုံးချို ဖြစ်ပါကြောင်း။

**ခွန်ဇော်ဝင်းထိုက်-မပြုံးချို**

### ဖခင်အမည်မှန်

နမ့်စန်မြို့ မြို့မ အထက တတိယတန်းမှ မစန်းစန်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးမြမောင် ၁၃/နစန(နိုင်)၀၂၃၄၀၈ ဖြစ်ပါကြောင်း။ **ဦးမြမောင်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ရေကန် ဒါယကာကြီး

## ဦးတင်ရီ (ကော့သောင်းမြို့)

**အသက်(၉၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ (ဦးဘသိန်း-ဒေါ်ငွေအုံ) တို့၏သား၊ (ဒေါ်တင်ပို)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးကိုကို-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်အေးအေးရီ၊ ဦးသောင်းထွန်း-ဒေါ်လှလှအေး၊ ဦးဖုန်းဝေ-ဒေါ်ကျင်ရီ၊ ဦးမျိုးဝေ-ဒေါ်ရှင်တန်၊ ဦးငွေလင်း-ဒေါ်တင်သီတာဆွေ၊ ဦးမင်းဝေ-ဒေါ်မြမြညွန့်၊ (ဒေါ်မိမိခိုင်)၊ ဦးဇော်ထွန်း-ဒေါ်ခင်ဝင်း၊ ဦးတိုးတိုး-ဒေါ်ဝင်းလီလီမောင်၊ (ဦးဘိုဘို-ဒေါ်စန္ဒာလှိုင်)၊ ဦးကိုကိုညီ-ဒေါ်ဝင်းဝင်းတိုးတို့၏ဖခင်၊ မြေး ၂၂ယောက်၊ မြစ် ၁၀ယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၁၆-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၅း၂၀ နာရီတွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉ရက်(စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အမှတ် ၅၅၊ တံတိုင်းမွေးလမ်း၊ ဝါဝါဝင်း မြခွာညိုအဆင့်မြင့်အိမ်ရာ၊(၇)အနောက်ရပ်ကွက်၊ရောဝဏ်လမ်းမကြီး၊ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**


RUBY ကားစီးလုံးငှားသည်

519100

09-51-77212, 535100

ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊ ၂၄၊၁၈၊၁၄ ၁၀၊၇ )ယောက်စီးနှင့် Saloon,Vanကားမျိုးစုံ ငှားနိုင်ပါသည်။ လစျှပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


### ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ အေးသာယာ(ပုံကျ) အထက(ခွဲ) အဋ္ဌမတန်းမှ မပေဟ်နန်းခမ်းဝါ၊ သတ္တမတန်းမှ မပေဟ်နန်းရွှေစင်နှင့် တတိယတန်းမှ မောင်ကောင်းသန့်စင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင် ၅/ဟမလ(နိုင်)၀၀၆၄၀၃ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၅)၊ ၂၁ လမ်း၊ တိုက်အမှတ်(၉)၊ (၃)လွှာ/ယာ၊ (၂၅ပေ×ပေ၄၀)ခန့် ကျယ်ဝန်းသောတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ အမှတ်(၅၆)၊ ဒုတိယထပ်တွင်နေထိုင်ပြီး ပိုင်ဆိုင်ရောင်းပိုင်ခွင့်ရှိသူ ဦးကျော်ဝင်း(ခ)ဦးတန်ဟုန်ချောင်း ၁၂/ပဘတ(နိုင်)၀၂၂၂၁၂ထံ ကာလတန်ဖိုးငွေများကို အပြေအကျေပေးချေ၍ ဝယ်ယူခဲ့ပြီးသည့်အပြင် ဝယ်ယူခဲ့သောတိုက်ခန်းများကို လက်ရောက်ရယူထားခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာပြောကြားကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်မကျော်လွန်မီ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပြီးနောက်မှ ပြောကြားလာမှုအဝဝကို ကျွန်ုပ်နှင့်ကျွန်ုပ်၏မိတ်ဆွေက လက်ခံစဉ်းစားဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို (ရွှေစာရေး)**
**LL.B, WIPO-101(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၆၆၀)**
**အမှတ်(၂၉၅/၃၀၁)၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်(၄)ရပ်ကွက်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၂၅၃၇၇၆၂၆၂**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းကြည် (ဝါးတရာ)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဦးဖိုးထွန်း-ဒေါ်စောရင်)တို့၏သား၊ (ဦးဘအုန်း-ဒေါ်ပု) တို့၏သားသမက်၊ ဒေါ်စောကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်စိုး-ဒေါ်တင်ငွေး၊ ဒေါ်အေးမြင့်၊ ဦးဝင်းအောင်၊ဒေါ်ခင်သက်၊ ဦးဝင်းဖေ-ဒေါ်နုနုရီ၊ ဦးမျိုးသန့်-ဒေါ်ခိုင်မာဝင်း၊ ဦးသန့်ဇင်-ဒေါ်ယိမ်းအွမ်ခမ်းမွေတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### အမည်ပြောင်း

လားရှိုးမြို့၊ အထက(ခွဲ)၇တွင် ပညာသင်ကြားနေသော (ဘ)ဦးအောင်ကိုကိုထွေး၏သမီး မကေဇင်သန့်၏ အမည်အား မကေဇင်ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၇ဟ/၁၇၃၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ဖခင်အမည်မှန်

မန္တလေးမြို့၊ ရတနာပုံတက္ကသိုလ် နောက်ဆုံးနှစ် (သမိုင်း)(အောင်)မှ မဝေါမဆီး ၁၃/မမတ(နိုင်)၀၅၁၉၀၈၏ ဖခင်အမည်မှန်မှာ ဦးဝေါဂျေရီ ၁၃/မမတ(နိုင်)၀၃၉၁၆၉ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးတင်ရွှေ၏သား ဒီပဲယင်းမြို့နယ်၊ နဂါးတွင်းကျေးရွာအုပ်စု၊ နဂါးတွင်းကျေးရွာနေ ဦးသန်းကျော်နှင့် ဦးသန်းကျော်ဝေ ၅/ဒပယ(နိုင်)၀၈၇၃၇၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ခုံနံပါတ် မမ-၅၇၃၉ ဖြင့် အောင်မြင်ခဲ့သော မအားဂူမီး ၁၃/မမတ(နိုင်)၀၅၇၈၉၈၏ ဖခင်အမည်မှန်မှာ ဦးဝေါဂျေရီ ၁၃/မမတ(နိုင်)၀၃၉၁၆၉ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ခင်ဦးမြို့နယ်၊ အလယ်သျှိုကျေးရွာ အထက အဋ္ဌမတန်း (B) မှ မောင်စိုင်းခမ်းဇော်၏ဖခင် ဦးဘိုငြိမ်း(ခ)ဦးခင်မောင်ညိမ်း(ခ)ဦးခင်မောင်ငြိမ်း ၅/ခဥန(နိုင်)၀၈၄၂၆၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဘူတာရုံလမ်း၊ (၁၀၆၉)ဦးမိုးကျော် (ကွယ်လွန်)၏ဇနီး ဒေါ်ခင်မျိုးမြင့် ၁၂/ရကန(နိုင်)၀၇၃၉၃၈ ပိုင်ဆိုင်သော အထက်လိပ်စာပါနေအိမ်၏ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် အားလုံးသိစေရန် ကြေညာအပ်ပါသည်။ ထိုစာရွက်စာတမ်းများရရှိသူသည် အလွဲသုံးစားပြုပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ခင်မျိုးမြင့် ၁၂/ရကန(နိုင်)၀၇၃၉၃၈**

**အမှတ်(၁၀၆၉)၊ဘူတာရုံလမ်း၊(၁၁)ရပ်ကွက်၊ရန်ကင်းမြို့နယ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7170 ယာဉ်လက်ဝယ်ရှိသူ U Ma Gon ၁/မညန(နိုင်)၁၀၄၈၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ မန္တလေး-လားရှိုးလမ်း၊ ရွှေကောင်းကင်ဇေဒီရိပ်မွန်၊ အိမ်အမှတ် (BB-၇၁)နေ ဒေါ်ခင်ဆွေဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြောက်လားသော်-ဆောင်းသဇင်လမ်း၊ တောင်လားသော် VEA ကိုယ်ပိုင်ကျောင်း၊ အရှေ့လားသော်-လမ်း+ဒေါ်ဘုတ်၏ခြံ၊ အနောက်လားသော်-မန္တလေး-လားရှိုးလမ်း+VEA ကိုယ်ပိုင်ကျောင်းတွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၁-ဂ)၊ ကွင်းအမည်-ရေချမ်းအိုး၊ ဦးပိုင်အမှတ်၇၃၊ မြေဧရိယာ ၃ဒသမ၇၉ဧကရှိမြေကို ဦးမျိုးလွင်မှ လယ်မြေမှတစ်ပါးလယ်ယာမြေအား အခြားနည်းသုံးစွဲခွင့်ရရှိပိုင်ဆိုင်ပါသည်။ အထက်ပါမြေအားပိုင်ရှင်ဦးမျိုးလွင်ကိုယ်တိုင်က တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေဒေါ်ခင်ဆွေဦးမှ စရန်ငွေအချို့တစ်ဝက်ပေးချေ၍ မြေအားလက်ရောက်ရယူပြီး ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေ ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေဒေါ်ခင်ဆွေဦးထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဆွေဦးက ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအားပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေဦး လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ် ၁၂၈၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၈၇၅၊**
**၀၉-၄၀၂၅၀၇၇၈၆၊ ၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 12W/77556 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေလင်းမာချိန်အာန် ၁၃/ကခန(နိုင်)၀၃၄၈၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/9124 Nissan X Trail NT30,S/W(4x4) အမည်ပေါက်သူ ဦးစိုင်းထွန်းအောင် ၁၃/ကလတ(နိုင်)၀၀၀၁၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျင်သိန်း (ဦးကျင်သိန်း ဆီချက်-ကော်ရည်)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၃လမ်း(အလယ်)၊ အမှတ် ၆၇(မြေညီထပ်)နေ (ဦးအီမီ-ဒေါ်အေးကြည်)တို့၏သား၊ ဦးကျော်မြ-ဒေါ်ငွေကျင်တို့၏သားသမက်၊ ဒေါ်ခင်ချော၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဉာဏ်ဉာဏ်၏မောင်၊ ဦးဉာဏ်၊ ဒေါ်ခင်စန်းမြင့်တို့၏အစ်ကို၊ မညွှန့်ညွှန့်သန်း၊ မောင်အောင်ကျော်တင့်၊ မဇင်ဇင်မော်၊ မောင်တင်အောင်မြင့်၊ မောင်ဇော်လင်းထွဋ်-မဖြူဖြူအေးတို့၏ဖခင်၊ မသံသာအောင်၏အဘိုးသည် ၁၆-၆-၂၀၁၉ရက် ညနေ ၄း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၉ရက်နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်စန်းစန်းမြင့်(ခ)ဟဝါဘီဘီ

**မော်လမြိုင်ကျွန်းမြို့နယ်**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၈၆၈နေ (ဦးဟူစိန်)-ဒေါ်ရှမ်ရူးဘီတို့၏ သမီး၊ (ဦးရာဇတ်-ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးကျော်လွင်(ဓဝရတ်စက္ကူရောင်းဝယ်ရေး)၏ချစ်လှစွာသောဇနီး၊ ဂျပန်နိုင်ငံ၊ ချီဘာမြို့နေ MR.SHOHEI UEDA-မယဉ်ဥမ္မာကျော်၊ ကိုကျော်ကျော်ထူး၊ မယဉ်သူဇာကျော်တို့၏မိခင်သည် ၁၅-၆-၂၀၁၉ရက် (စနေနေ့) ည ၁၀း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၆-၆- ၂၀၁၉ ရက်တွင် အဆွရ်ဆွလာသ်အပြီးတွင် ရေဝေးမွတ်စလင်မ်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ ဆားရွှေကင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇-ဆားစည့်ရပ်)၊ ဦးပိုင်မှတ် ၁၆၈၊ ဧရိယာ ၀ဒသမ၀၉၃ဧကရှိ မြေကွက်ကို ဦးစိန်လင်း ၈/စတရ(နိုင်)၀၂၁၆၈၆ထံမှ ဦးသီဟ ၈/တငန(နိုင်)၀၉၈၂၃၆မှ ဝယ်ယူပြီး၎င်းအမည်ဖြင့် မြေဂရန်အမည်ပြောင်း ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ဒေါ်သဲဦးခင် ၅/စကန(နိုင်)၀၇၉၂၇၅နှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(စ-၅)၊ ဦးပိုင်(၂၇)နေ ဦးထင်အောင်လင်း(ဘ)ဦးအောင်မြင့် ၉/မရမ(နိုင်)၀၈၄၄၄၄၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်သဲဦးခင်(ဘ)ဦးရွှေထွန်းတို့သည် လွန်ခဲ့သည့် ၁၃နှစ်ခန့်ကတည်းက ပေါင်းသင်းလာရာ သားသမီး(၃)ဦးထွန်းကားခဲ့ပြီး ပေါင်းသင်းစဉ်ကာလအတွင်း လင်ယောကျ်ားနှင့် ၎င်းမိဘတို့၏စကားကိုနားမထောင်ဘဲ၊ အပြင်ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ငန်းမကျွမ်းကျင်ဘဲ လုပ်ကိုင်ခဲ့သဖြင့် ငွေကျပ်သိန်းထောင်ကျော်ပေးလျော်ခဲ့ရပါသည်။ ထို့နောက် မည်သည့်လုပ်ငန်းများကိုမှ ခင်ပွန်းမသိဘဲလုပ်ကိုင်ခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ပါသည်။

၁၂-၆-၂၀၁၉ရက် နေ့လယ်ပိုင်းတွင် အသက်(၁)နှစ်နှင့်(၇)လသမီးငယ်ကိုခေါ်၍ အိမ်မှဆင်းသွားသဖြင့် သမီးငယ်အတွက် စိတ်ပူသောကရောက်ရပါသည်။ ဇနီးဖြစ်သူ အိမ်မှဆင်းသွားပြီးမှ စုကြေးကိစ္စပြဿနာကြောင့် အိမ်မှဆင်းသွားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဒေါ်သဲဦးခင်အနေဖြင့် မိမိကိစ္စအား ကိုယ်တိုင်လာရောက်ရှင်းလင်းရန်၊ လင်ယောကျ်ားအနေဖြင့်တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ပြန်လည်လာရောက်ခြင်းမရှိပါက ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ဒေါ်သဲဦးခင်နှင့်အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးထင်အောင်လင်း ၉/မရမ(နိုင်)၀၈၄၄၄၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးငွေး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၁/၂၃-၃-၂၀၁၀)**
**တတ-၄၆/၁၆၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၆၉၄၂၈**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9528 Hino Profia FW/KXH Truck(8x4)® T/S ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင် ၇/တငန(နိုင်)၀၁၁၄၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လယ်တီကွင်းရပ်ကွက်၊ အကွက်အမှတ် ၂၂၊ မြို့ပတ်တာသစ်အရှေ့ရပ်၊ ဦးပိုင်အမှတ် ၃၁/၁၈၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေကို ဒေါ်ဖြိုးဖြိုးအေးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

### ဇနီးအဖြစ်မှမသက်ဆိုင်ပါကြောင်း

နွားထိုးကြီးမြို့နယ်၊ ရှာကြီးအုပ်စု၊ သာယာကုန်းကျေးရွာနေ ကျွန်တော်မောင်နေဇော်ထွန်း ၉/နထက(နိုင်)၁၇၄၈၇၀၏ ဇနီး မနော်မီမီခိုင်(ဘ)ဦးညွန့်ရွှေသည် (၁၅-၃-၂၀၁၉)ရက်တွင် မိမိသဘောဆန္ဒဖြင့် ခင်ပွန်းဖြစ်သူနှင့် သားအားအသိမပေးဘဲ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စများကို တာဝန်မယူပါကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ခင်ပွန်း-မောင်နေဇော်ထွန်း ၉/နထက(နိုင်)၁၇၄၈၇၀**

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ကံလှရပ်၊ ဦးပိုင်အမှတ်(၃၇၃)(၃၇၄)၊ ဧရိယာ (၀ဒသမ၀၉၉)ဧကရှိ မြေကို ဦးစိုးဝင်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ ကနောင်စုအနောက်ရပ်၊ ဦးပိုင်အမှတ်(၅၁၂)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကို ဒေါ်စန္ဒာဝင်းခင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာကလေးရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ လယ်တော်အနောက်ရပ်၊ ဦးပိုင်အမှတ်(၃၃၅)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကို ဒေါ်ခင်အေးအေး အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာကလေးရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ လယ်တော်အနောက်ရပ်၊ ဦးပိုင်အမှတ်(၅၆၃)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကို ဒေါ်သွယ်သွယ်ခင် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရို ကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်သည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ လုံခြုံရေးကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးလှကျော်၊ ဦးသာဦး၊ ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် ဦးစိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ အမြဲတမ်း အတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဘက်မှ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ကရာတေးပြိုင်ပွဲ သုဝဏ္ဏအသင်း တံခွန်စိုက်ဆုဆွတ်ခူး



**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ကရာတေး ဗိုလ်လုပွဲပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲပြိုင်ပွဲ၌ စီနီယာ ဂျူနီယာ သက်ငယ်တန်းပြိုင်ပွဲများတွင် ခတ၊ ကုမိတဲ့ တစ်ဦးချင်း အသင်းလိုက် ပြိုင်ပွဲပေါင်း ၃၇ ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ ဗိုလ်လုပွဲပြိုင်ပွဲများအပြီး စီနီယာ ဂျူနီယာတန်း အသက် ၁၄ နှစ်၊ ၁၅ နှစ်၊ ၁၆ နှစ်၊ ၁၈ နှစ် အထက် ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ *စာမျက်နှာ ၁၂ ကော်လံ ၂* ✻

**တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း အမျိုးသားတံခွန်စိုက်ဆုရ သုဝဏ္ဏအသင်းအား တံခွန်စိုက်ဆုချီးမြှင့်စဉ်။**

# MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ ယနေ့ စတင်မည်

**ရန်ကုန် ဇွန် ၁၇**

မြန်မာဖူဆယ်ကလပ် MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ဇွန် ၁၈ ရက်(**ယနေ့**) စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းခြောက်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး သုံးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာကလပ် MIU အသင်းသည် အုပ်စု(ခ)တွင် မီလာကာယူနိုက်တက် (မလေးရှား)၊ Down Town (ကမ္ဘောဒီးယား) တို့နှင့် ကျရောက်နေကာ အုပ်စု(က)တွင် ချောင်ဘူရီ(ထိုင်း)၊ ဆန်ဗီနက်စ်(ဗီယက်နမ်)၊ ဘလက်စတီးလ်(အင်ဒိုနီးရှား)တို့ ပါဝင်နေသည်။ MIU အသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၁၈ ရက် (**ယနေ့**)တွင် မလေးရှားကလပ် မီလာကာအသင်း၊ ဇွန် ၂၀ ရက်တွင် ကမ္ဘောဒီးယားကလပ် Down Town အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ MIU အသင်းသည် ယင်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ထိုင်းနိုင်ငံ၌ ကြိုတင်ပြင်ဆင်ခဲ့ပြီး ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၂* ❄